# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၇၅]


ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

**ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။** (ယမကဝဂ္ဂ ဓမ္မပဒ)

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စက်ပစ္စည်းများ တိုးချဲ့တပ်ဆင်နိုင်မှုကြောင့် ကင်ဆာရောဂါကို ကုန်ကျစရိတ်နည်းစွာဖြင့် ကုသနိုင်တော့မည်

စာမျက်နှာ-၃



# ငွေတောင်ပြည်မှ အလင်းတန်းများ ရွှေရတုမှသည် စိန်ရတု အလင်းနှစ်များဆီသို့



ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ ဓာတ်ပုံ-(လျှပ်စစ်)

**သန်းဦး(လေးမျက်နှာ)**

ကယားပြည်နယ် ငွေတောင်ဆီက ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသည် မြန်မာနိုင်ငံတစ်ဝန်းသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့သည်မှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်သည်။

လောပိတဓာတ်အားပေးစက်ရုံဟု လူသိများသည့် ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံသည် ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောပိတအရပ်၌ တည်ရှိသည်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် ရန်ကုန်မြို့ ဟံသာဝတီဝိုင်းအနီးရှိ ဆိုရန်တိုဗီလာခြံ၌ ၁၉၄၇ ခုနှစ် ဇွန် ၆ ရက်က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကျင်းပခဲ့သော ဆိုရန်တိုဗီလာညီလာခံမှ ထွက်ပေါ်ခဲ့သည့် လမ်းညွှန်ချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ အသီးအပွင့်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံမှ စစ်လျော်ကြေး အမေရိကန်ဒေါ်လာသန်း ၂၀၀ ကို လက်ခံရရှိခဲ့သည်။ အဆိုပါ ဂျပန်နိုင်ငံမှ ရရှိခဲ့သည့် စစ်လျော်ကြေးငွေအချို့နှင့် နိုင်ငံတော်ဘဏ္ဍာငွေ ပူးပေါင်းကျခံ၍ ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို (၁၉၅၃-၁၉၅၄) ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ဘဏ္ဍာရေးဆိုင်ရာ

*စာမျက်နှာ ၆ ကော်လံ ၁* ❐




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အာမခံချက်ရှိသော သောက်ရေသန့်

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း သောက်ရေသန့်သုံးစွဲသောအလေ့အထမှာ လူထုလူတန်းစားအလွှာအသီးသီးတွင် တွေ့မြင်လာရပေသည်။ အထူးသဖြင့် မြို့ကြီးပြကြီးရှိ အလျှမဂ်လာအခမ်းအနားများအပါအဝင် အခမ်းအနားမျိုးစုံတို့တွင် သောက်ရေသန့်ဘူးသုံးစွဲသည့် ယဉ်ကျေးမှုမှာ လျင်မြန်စွာပျံ့နှံ့လာခဲ့သည်ကို သတိပြုမိကြပေလိမ့်မည်။ ယခုအခါ မြို့ကြီးပြကြီး မြို့အသီးသီး၊ အိမ်အသီးသီးတို့၌ သောက်ရေသန့်ကို မဖြစ်မနေသုံးစွဲနေကြပြီဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ပြည်ပမှ သောက်ရေသန့်ထုတ်လုပ်သော စက်ကိရိယာများ ဈေးကွက်များအတွင်း အလွယ်တကူဝယ်ယူလာနိုင်ခြင်းကြောင့်လည်း သောက်ရေသန့်ကို မိသားစုသောက်သုံးနိုင်ရုံမက စီးပွားဖြစ်ထုတ်လုပ်သော လုပ်ငန်းများအဖြစ် ပြောင်းလဲတိုးတက်လာသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ငွေကြေးအရင်းအနှီးတောင့်တင်းသော ကုမ္ပဏီများက သောက်ရေသန့်လက်ကားဖြန့်ချိရေးကို ထိထိရောက်ရောက်လုပ်ကိုင်နေကြသလို ငွေကြေးအရင်းအနှီးနည်းသူများက ရပ်ကွက်မြို့နယ်အဆင့်လောက်တွင် ဖြန့်ချိရေးကို လုပ်ကိုင်နေကြသည်ကိုလည်း မြင်တွေ့ရပါသည်။

ဤသို့ သောက်ရေသန့်သုံးစွဲသည့် ယဉ်ကျေးမှုနှင့် သောက်ရေသန့်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာခြင်းသည် ကျန်းမာရေးရှုထောင့်ကကြည့်လျှင် ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ သောက်ရေသန့်သုံးစွဲခြင်းဖြင့် ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ပါသည်။ သို့သော်လည်း အာမခံချက်မရှိသော သောက်ရေသန့်များကို ကာလကြာရှည်စွာ သောက်သုံးမိပါက "ထမ်းပိုးထက် လက်ခပိုကြီး" ဆိုသကဲ့သို့ နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးပြဿနာများနှင့် ရင်ဆိုင်ရဖွယ်ရှိပါသည်။ ပညာရှင်တို့၏အဆိုအရ ရိုးရိုးရေထည့်တံဆိပ်ကပ်ရောင်းနေသော ရေသန့်ဘူးများ ဈေးကွက်များအတွင်း တွေ့ရှိနေရသည်ဟု ဆိုပါသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရေး ဈေးကွက်များအတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော သောက်ရေသန့်များကို ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်လျက်ရှိပါသည်။ မကြာမီက ထောက်ခံချက်မပါရှိဘဲ သောက်ရေသန့်သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော သောက်ရေသန့်ဘူးအမျိုးအစား ၂၂ မျိုးကို သောက်သုံးရန်မသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါသည်။ သောက်ရေသန့်ထုတ်လုပ်ရန် ထောက်ခံချက်မပါရှိဘဲ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်း စိစစ်တွေ့ရှိပါက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားပါသည်။

သို့သော်ဈေးကွက်များအတွင်း ထောက်ခံချက်အမှတ်တံဆိပ်မပါရှိဘဲ ဖြန့်ဖြူးရောင်းချနေသော သောက်ရေသန့်အမျိုးအစားအများအပြားရှိနေသေးသည်ကို တွေ့ရှိရပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဆက်လက်ကွင်းဆင်းဖော်ထုတ်အရေးယူမှုများ ပြုလုပ်ရန်လိုအပ်မည် ဖြစ်ပါသည်။ ဤနေရာတွင် ထောက်ခံချက်ပေးရုံမျှဖြင့် လုံလောက်မည်မဟုတ်ပေ။ အခါမလပ်စစ်ဆေးနေရန် လိုအပ်မည်ဖြစ်ပါသည်။ ဖြစ်နိုင်လျှင် ဈေးကွက်သို့မဖြန့်ချိမီ ရေဘူးတိုင်းကို အရည်အသွေးစစ်ဆေးရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် အကျိုးရှိသော ရေသန့်ဘူးများကို ရွေးချယ်အသုံးပြုရမည်ဖြစ်သကဲ့သို့ ရေသန့်ထုတ်လုပ်သူများကလည်း အာမခံချက်ရှိသော ထောက်ခံချက်ကို ရယူဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ဂျီတီအိုင်ပညာရေးခရီး နှစ်(၁၂၀)ပြည့်အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ဖွင့်



**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဂျီတီအိုင်ပညာရေးခရီး နှစ်(၁၂၀) ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အင်းစိန်ဂျီတီအိုင်ကျောင်း၌ကျင်းပရာ ရှေးဦးစွာ အေဂျီတီအိုင် ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးငြိမ်းမောင်က ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသားဟောင်းများက အခမ်းအနားမှုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ယင်းနောက် နှစ်(၁၂၀)ပြည့် ကမ္ပည်းကျောက်စာတိုင်ဖွင့်လှစ်ခြင်းနှင့် ၁၉၀၈ ခုနှစ်က တည်ဆောက်ခဲ့ပြီး သက်တမ်း ၁၀၈ နှစ်ပြည့်မြောက်ပြီးဖြစ်သော အင်းစိန်ဂျီတီအိုင်ပင်မ ကျောင်းဆောင်ကို ရန်ကုန်မြို့ပြ အဆောက်အအုံ အမွေအနှစ်စာရင်းဝင် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းတို့ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ နိုင်ငံတော်သမ္မတ၏ပညာရေး အကြံပေးအဖွဲ့ဝင် ဒေါက်တာသန်းဦးနှင့် အေဂျီတီအိုင် ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးငြိမ်းမောင်တို့က ဆောင်ရွက်ခဲ့ကြသည်။

ဂျီတီအိုင်ပညာရေး ခရီးနှစ်(၁၂၀)ပြည့်နှင့် အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းကစ၍ အင်းစိန်ဂျီတီအိုင်ကျောင်းဝင်းအတွင်းရှိ အားကစားကွင်း၌ ကျင်းပခဲ့ပြီး ဂျီတီအိုင်ကျောင်း ၁၂ ကျောင်း အပါအဝင် ခင်းကျင်းပြသထားသည့် ပြခန်းများတွင် ကြည့်ရှုလေ့လာကြသူများ အထူးစည်ကားလျက် ရှိကြောင်းနှင့် ညပိုင်းတွင် အထူးညစာစားပွဲကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ပညာရေး)**

# နိဗ္ဗာန်သုခအသင်း(မန္တလေး) ၁၁နှစ်ပြည့် အခမ်းအနားကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၃**

နိဗ္ဗာန်သုခအသင်း (မန္တလေး) တည်ထောင်ခြင်း (၁၁)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက် ၂၆လမ်း ဘုရင့်နောင်လမ်း ထန်းတောကျောင်းတိုက်အတွင်းရှိ အသင်းတည်နေရာ၌ ကျင်းပခဲ့သည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက် ချမ်းသာရတံတား အနောက်ထိပ်တွင် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၄ ရက်ကစတင်ဖွင့်လှစ်ခဲ့သော ကုသိုလ်ဖြစ်ဆေးခန်းကိုလည်း ဒီဇင်ဘာ ၁၀ ရက်မှစ၍ အသင်းတည်ရှိရာနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ကာ သွားနှင့်ခံတွင်းရောဂါကုလူနာများ၊ အထွေထွေရောဂါကု လူနာများကိုလည်းကောင်း (အခမဲ့) ကုသပေးလျက်ရှိသည်။

အဆိုပါဆေးခန်းတွင် အသေးစားခွဲစိတ်ကုသမှုများကိုလည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကုသိုလ်ဖြစ်ဆေးခန်းတာဝန်ခံ အထွေထွေအတွင်းရေးမှူး ဦးမျိုးမြင့်က ပြောပြသည်။

နိဗ္ဗာန်သုခ အသင်းကြီးသည် ကုသိုလ်ဖြစ်ဆေးခန်းတွင် အခမဲ့ ကုသပေးမှုအပြင် နယ်လှည့်ဆေးကုသခြင်း၊ အခမဲ့ခြင်ဆေးဖျန်းပေးခြင်း၊ ဆင်းရဲနွမ်းပါးသူများ ကွယ်လွန်ပါက လူကြီးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကူညီထောက်ပံ့ခြင်း၊ နွေရာသီအခမဲ့ သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ရေပြင်၊ မြေပြင်အသက်ကယ် သင်တန်း၊ အခြေခံရှေးဦးသူနာပြု သင်တန်းများ ဖွင့်လှစ်ပေးခြင်း ဆောင်ရွက်ခဲ့ကြောင်းကို အသင်းဥက္ကဋ္ဌဦးထွန်းကျော်၏ ပြောပြချက်အရ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြစ်သာမြစ်ကူးကြိုးတံတားဆောက်ရန် စီစဉ်

**ဂန့်ဂေါ ဒီဇင်ဘာ ၁၃**

ဂန့်ဂေါမြို့နယ် လက်ပန်ရွာနှင့်မောက်ရွာတို့ ရာသီမရွေးဆက်သွယ်သွားလာနိုင်ရန် မြစ်သာမြစ်လူကူးကြိုးတံတားဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်းနှင့် ကြိုးတံတားဆောက်လုပ်နိုင်ရန် လက်ပန်ကျေးရွာဇာတိဖြစ်သည့် တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသက ကြိုးတံတားဆောက်လုပ်ရေးကော်မတီထံ ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းထားကြောင်း သိရသည်။

ထို့ပြင် ဆရာတော်သည် လက်ပန်ကျေးရွာ အခြေခံပညာကျောင်းတွင် အထက်တန်းကျောင်းဆောင်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ ပေးအပ်လှူဒါန်းထားကြောင်းနှင့် ဆရာတော်၏ ဇာတိဖြစ်သည့် လက်ပန်ကျေးရွာတွင် တိပိဋကမေတ္တာဆေးကုခန်းဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ ကျေးရွာတွင်းလမ်းများ ပြုပြင်ခြင်းတို့နှင့် သောက်သုံးရေအတွက် ရေတွင်းတို့ကိုလည်း လှူဒါန်းထားကြောင်း သိရသည်။

**(၁၀၁)**



# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၈၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၈၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၉၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၆၈ ကျပ် |
| အောက်တိန်း၉၂ | ၅၆၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၉·၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၁·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၇·၆၃ |
| ထိုင်း | တစ်ဘတ် | ၃၆·၁၈၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၄၃၁ |
| တရုတ် | တစ်ယွမ် | ၂၀၂·၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆·၀၄ |

ခင်ရတနာ-စုစည်းသည်။

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စက်ပစ္စည်းများ တိုးချဲ့တပ်ဆင်နိုင်မှုကြောင့် ကင်ဆာရောဂါကို ကုန်ကျစရိတ်နည်းစွာဖြင့် ကုသနိုင်တော့မည်

ရန်ကုန် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများအား ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယသမ္မတသည် ပင်မကုသဆောင်၊ ငါးထပ်လူနာဆောင်၊ ၁၂ ထပ်ဆောင် အသစ်ဆောက်လုပ်နေမှု၊ ပင်မဆောင်ပြင်ဆင်မွမ်းမံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မဆောင် အဆောင် ၁၁ နှင့် အဆောင် ၁၂၊ အမျိုးသမီးလူနာဆောင်နှင့် အမျိုးသားလူနာဆောင်တို့တွင် တက်ရောက်ကုသလျက်ရှိသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးပြီး အရိုးနှင့် ထိခိုက်ဒဏ်ရာကုဋ္ဌာနတွင် ယခုနှစ် ဧပြီ ၂၇ ရက်က ဘယ်ဘက်လက်မောင်း အလယ်ခန့်မှ ပြတ်တောက်ခဲ့ဒဏ်ရာရရှိခဲ့သည့် လူနာ၏လက်ကို ကောင်းမွန်စွာ ပြန်လည်ခွဲစိတ်ကုသနိုင်မှု အခြေအနေကိုလည်းကောင်း၊ ကြံ့ရည်ကြိတ်စက်ညှပ်ကာ ဘယ်ဘက်လက်ချောင်း လေးချောင်း ကျိုးကြေသွားသည့် လက်ချောင်းအစားထိုး ခွဲစိတ်ကုသအောင်မြင်မှု အခြေအနေကိုလည်းကောင်း ကြည့်ရှုအားပေးသည်။



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတသည် ငါးထပ်ဆောင်အသစ်၊ ခွဲစိတ်ဆောင်(၃)ရှိ လူနာများနှင့် အရေးပေါ်ကုသဆောင်ရှိ လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားပြီး တိုးချဲ့ ၁၂ ထပ် အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိလာမှုနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ဝေဒနာရှင်လူနာများအတွက် အဓိက အားကိုးအားထားရာ ဆေးရုံကြီးလည်း ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ခရီးစဉ်ရှိတိုင်း ရန်ကုန်ဆေးရုံကြီးကို လာရောက်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အားလုံး၏ဆန္ဒကို မဖြည့်ဆည်းပေးနိုင်သော်လည်း အဘက်ဘက်က တတ်နိုင်သရွေ့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဧရိယာအကျယ်အဝန်းပေါ် မူတည်၍ အဆင့်မြင့် တိုးချဲ့တည်ဆောက်မှုကို ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝင်းမြင့်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အဆင့်မြင့်တိုးချဲ့ပြုပြင် မွမ်းမံဆောင်ရွက်ရာတွင် နိုင်ငံတော်က လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ခဲ့၍ အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ကို တွေ့ရှိရပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ရန်ကုန်မြို့ ပြအမွေအနှစ်ဖြစ်ခြင်းကြောင့် ပြန်လည်ပြင်ဆင်ပြီးစီးပါက မြို့ပြအမွေအနှစ်အဖြစ်လုပ်ဆောင်ရန် ရည်ရွယ်ပါကြောင်း၊ အသစ်တည်ဆောက်လျက်ရှိသော ငါးထပ်ဆောင်၊ ၁၂ ထပ်ဆောင်၊ အရေးပေါ်ကုသဆောင်၊ ပင်မဆောင်များပြီးစီးပါက မူလ ပင်မဆောင်၏ကုသရေးအပိုင်းကို လျှော့ချပေးရမည်ဖြစ်ကြောင်း၊ ရန်ကုန်ဆေးရုံကြီးအတွက် လိုအပ်သော စက်ကိရိယာများ၊ ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း သည်လည်း အားလုံး၏ ကူညီထောက်ပံ့မှုကြောင့် ဖြစ်ပါကြောင်း၊ ကော်မတီတွင် ပါဝင်သောပုဂ္ဂိုလ်များ၊ ကော်မတီတွင် မပါဝင်သော်လည်း တတ်နိုင်သည့်အပိုင်းမှ အကြံဉာဏ်ပေးပြီး ပါဝင်ဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးအတွက် ချမှတ်ထားသော ရည်ရွယ်ချက်များကိုလည်း အောင်မြင်အောင် ဆက်လက်လုပ်ဆောင်သွားကြရန် လိုကြောင်း၊ နောက်လာမည့် အစိုးရသည်လည်း ယခုလို ရည်ရွယ်ချက်ကောင်းများ ချမှတ်ထားခြင်းကြောင့် ပိုမိုကောင်းမွန်အောင် ဆက်လက်လုပ်ဆောင်သွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို လက်ရှိခုတင် ၁၅၀၀ ဆံ့မှခုတင် ၂၀၀၀ ဆံ့ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခဲ့ပြီး ဓာတ်မှန် 16 -Slice CT၊ Digital X-ray၊ ECG၊ULTRASONG တို့ကို လိုအပ်သောလူနာများအတွက် အခမဲ့ဆောင်ရွက်ပေးနေသည့်အပြင် အခြေခံဓာတ်ခွဲစမ်းသပ်မှုအနေဖြင့်လည်း ပြင်ပလူနာများအတွက် ခုနစ်မျိုး၊ အတွင်းလူနာအတွက် ၃၅မျိုးနှင့် ဆေးဝါးများကိုလည်း အခမဲ့ထောက်ပံ့ ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ပစ္စည်း ဝယ်ယူဖြည့်ဆည်းမှုအပိုင်းတွင်လည်း PET /CT ၊ CYCLOTRON၊ 128-Slice CT၊ MRI - 1.5 စက်များကို ယခုနှစ်အတွင်း တိုးချဲ့တပ်ဆင်နိုင်ခဲ့ပြီး LA စက်နှစ်လုံး တိုးချဲ့တပ်ဆင်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ ကင်ဆာရောဂါကို ကုန်ကျစရိတ်နည်းစွာဖြင့် ပြည်တွင်း၌ပင် ကုသမှုပေးနိုင်တော့မည် ဖြစ်သည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်ပြုပြင်မွမ်းမံမှုအပိုင်းတွင်လည်း ပင်မငါးထပ်ဆောင်တစ်လုံးကို တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် ဆက်လက်၍ ပေ ၃၈၀ × ၈၀ ရှိ ၁၂ ထပ် အဆောက်အအုံတစ်လုံးနှင့် ကင်ဆာလူနာများအတွက် ငါးထပ်ဆောင် တစ်လုံးတို့ကိုလည်း စက်တင်ဘာလအတွင်းမှ စတင်ဆောက်လုပ်လျက်ရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

တိုက်ရိုက်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။ အဆိုပါအပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်ကြသည့်အခါ တောတွင်းဆင်စီးခြင်း၊ ဆင်ပြကွက်များနှင့် နှစ်သက်တမ်း ၁၀၀ ကျော်ရှိ ကျွန်းပင်ကြီးများကို စိတ်ဝင်တစားရှိခဲ့သော်လည်း ဝန်ဆောင်မှုအပိုင်းတွင် အားနည်းချက်များရှိသည်နှင့်အညီ ခရီးသွားများ ဝင်ရောက်မှုသိသာစွာကျဆင်းခဲ့ကြောင်း ဆင်စခန်းရှိ တောအုပ်ကြီး ဦးရဲမြင့်က ပြောပြသည်။ "လာတဲ့ခရီးသွားတွေက ဆင်စီးချင်တယ်။ ဒါပေမယ့် ကျွန်တော်တို့ဒီမှာက နံနက် ၈ နာရီကနေ ၁၀ နာရီအထိပဲ ဆင်စီးဖို့ အချိန်သတ်မှတ်ထားတော့ သူတို့ရောက်တဲ့နေ့လယ်ပိုင်းမှာ ဆင်တွေက တောထဲလွှတ်ထားတဲ့အချိန် အဆင်မပြေတော့ဘူး။ နောက်တစ်ခုက အရင်လက သားမွေးဆင်ဝိုင်းမှာ ဆင်လေးတစ်ကောင်သေသွားတယ်။ ဗိုင်းရပ်စ်ကြောင့်လို့ ဆင်ဆရာဝန်ကပြောတယ်။ ကူးစက်ရောဂါဆိုရင် ရေကြောင့်ရော၊ လေကတစ်ဆင့်ပါ ကူးစက်နိုင်တဲ့အတွက် ၁၃ မိုင်ကို ဆင်တွေအကုန်ပို့ထားရတာ နောက်ကျွန်းစိုက်ခင်းတွေ ဒီဘက်မှာ များလာတော့ ဆင်တွေလွှတ်ရတာ အဆင်မပြေဘူး၊ ၁၃ မိုင်ကိုပဲ ပို့ရတာတွေရှိပါတယ်။ ဧည့်သည်လာမယ် လို့ကြိုပြောမှ ဆင်တွေကောက်ပြီး အသင့် စောင့်ခိုင်းထားရတယ်"ဟု ၎င်းကပင် ဆက်ဆက်၍ရှင်းပြသည်။ ဆင်စခန်းနှင့်ပတ်သက်၍ ကုမ္ပဏီများသို့ လေလံစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်နိုင်ရန် ရုံးချုပ်ကစီစဉ်ဆောင်ရွက်လျက်ရှိပြီး လှပသော တောတောင်သဘာဝ၊ ကွေ့ဝိုက် စီးဆင်းနေသည့် သိုင်းချောင်းနှင့်အတူ ပန်းရနေသည့် ဖိုးကျားအပန်းဖြေဆင်စခန်းကို ယခုထက်ပိုမို စည်ကားသိုက်မြိုက်မှုရှိစေရန်ကို ဒေသခံများကလည်း လိုလားလျက်ရှိပြီး ဧည့်အဝင်နည်းပါးမှုနှင့်အတူ အနီးအနားရှိဈေးဆိုင်များပါ ရပ်တည်ရန်ခက်ခဲမှုများရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကမ္ဘာ့ရာသီဥတုပြောင်းလဲရေးစာချုပ် သဘောတူညီမှုရရှိ ကမ္ဘာကြီးကိုကာကွယ်ရန် အကောင်းဆုံးအခွင့်အလမ်းဟု အိုဘားမားဆို



**ပါရီ ဒီဇင်ဘာ ၁၃**

ပါရီမြို့ ထိပ်သီးအစည်းအဝေးတွင် သဘောတူညီမှုရရှိသွားသော ကမ္ဘာ့ရာသီဥတုပြောင်းလဲရေး စာချုပ်သည် တစ်ခုတည်းသော မိမိတို့ကမ္ဘာကြီးကိုကာကွယ်ရန် အကောင်းဆုံး အခွင့်အလမ်းဖြစ်ကြောင်း အမေရိကန် သမ္မတ ဘားရက် အိုဘားမားက ပြောဆိုလိုက်သည်။

အနာဂတ် ကမ္ဘာကြီးသည် ကာဗွန်လျှော့ထုတ်ရေး စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ရဖွယ်ရှိကြောင်းဖြင့်လည်း သမ္မတအိုဘားမားက ပြောသည်။ ကမ္ဘာ့ကာဗွန်အများဆုံးထုတ်လုပ်နေသော တရုတ်နိုင်ငံကလည်း အဆိုပါသဘောတူစာချုပ်ကို ကြိုဆိုလိုက်သည်။ သို့သော်လည်း တက်ကြွလှုပ်ရှားသူအချို့က ယင်းစာချုပ်မှာ ကမ္ဘာကြီးကိုကာကွယ်ရန် လုံလောက်မှုမရှိကြောင်း ပြောဆိုလျက်ရှိကြသည်။

အဆိုပါ ပါရီစာချုပ်သည် ကမ္ဘာကြီး ပူနွေးလာမှုကို ၂ ဒီဂရီစင်တီဂရိတ် ( ၃ ဒသမ ၆ ဖာရင်ဟိုက်) အောက် လျော့နည်းအောင် ထိန်းချုပ်သွားရန်ရည်ရွယ်သည်ဟု ဆိုသည်။

လွန်ခဲ့သော နှစ်ပတ်ကျော်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ နိုင်ငံပေါင်း ၂၀၀ နီးပါးက စေ့စပ်ဆွေးနွေးခဲ့ကြပြီးနောက် နိုင်ငံအားလုံးက ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချရန် သဘောတူညီလိုက်ခြင်းဖြစ်သည်။

အစောပိုင်းတွင် တရုတ်နိုင်ငံကလည်း ဖွံ့ဖြိုးပြီးချမ်းသာသော နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကာဗွန်လျှော့ချရာတွင် ငွေကြေးအကူအညီများ ပိုမိုထောက်ပံ့ပေးသင့်သည်ဟု ပြောဆိုခဲ့သည်။

(ရိုက်တာ)

# တူရကီအရှေ့ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွား ၁၁ ဦး သေဆုံး



**အန်ကာရာ ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၂ ရက်က တူရကီအရှေ့ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွားပြီး လူ ၁၁ ဦး သေဆုံးခဲ့ကာ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းသတင်းအေဂျင်စီတစ်ခုဖြစ်သော ဒိုဂန်သတင်းအေဂျင်စီက ဖော်ပြသည်။

Open University စာမေးပွဲအတွက် ကျောင်းသားများတင်ဆောင်လာသော မီနီဘတ်စ်တစ်စီးသည် အရှေ့တည့်တည့်မှလာသော အခြားမီနီဘတ်စ်တစ်စီးနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုသည် ဒီဇင်ဘာ ၁၂ ရက် အစောပိုင်းက ဗန်ပြည်နယ်ရှိ ဗန်အဲရစ်အဝေးပြေးလမ်းပေါ်တွင် တိုက်မိခြင်းဖြစ်သည်။ ယင်းယာဉ်တိုက်မှုကြောင့် ကားပေါ်ပါ ကျောင်းသား ၁၁ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

(ဆင်ဟွာ)

# အငြင်းပွား တောင်တရုတ်ပင်လယ်အတွင်း တရုတ်တို့ စစ်ရေးလေ့ကျင့်မှုများ ပိုမိုပြုလုပ်ခဲ့ဟုဆို

**ပေကျင်း ဒီဇင်ဘာ ၁၃**

တောင်တရုတ်ပင်လယ် အငြင်းပွားရေပိုင်နက်အတွင်း လွန်ခဲ့သည့်ရက်များက စစ်ရေးလေ့ကျင့်မှုများ ပိုမိုပြုလုပ်ခဲ့ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောသည်။

နှစ်စဉ် ရေကြောင်းကုန်သွယ်မှုဖြင့် အမေရိကန်ဒေါ်လာ ၅ ထရီလီယံရရှိနိုင်သော တောင်တရုတ်ပင်လယ် ရေအရင်းအမြစ်များအားလုံးနီးပါး တရုတ်တို့ကပိုင်ဆိုင်ကြောင်း ပြောဆိုလျက်ရှိသည်။ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့်တရုတ်(တိုင်ပေ)တို့ကလည်း နယ်မြေထိစပ်ပိုင်ဆိုင်ကြောင်း ပြောဆိုလျက်ရှိကြသည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ရေတပ်သင်္ဘောအုပ်စုသည် လွန်ခဲ့သောရက်များက အနောက်ပစိဖိတ် ရေလမ်းကြောင်း တောင်တရုတ်ပင်လယ်သို့ လေ့ကျင့်မှုများပိုမိုပြုလုပ်ရန် သွားရောက်ခဲ့ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံပိုင် မီဒီယာလူမှုကွန်ရက်တွင် တောင်တရုတ်ပင်လယ်အတွင်း တရုတ်ရေတပ်သင်္ဘောများ ပစ်ခတ်မှုပြုလုပ်နေသောပုံများကို ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း နေရာအတိအကျဖော်ပြထားခြင်းမရှိဟု ဆိုသည်။

(ရိုက်တာ)

# ဘူရွန်ဒီမြို့တော်၌ တိုက်ပွဲများဖြစ်၍ လူ ၉၀ နီးပါး သေဆုံး

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၃**

ဘူရွန်ဒီမြို့တော်၌ သောကြာနေ့က အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့၍ လူ ၉၀နီးပါးသေဆုံးသွားကြောင်း၊ မေလကအာဏာသိမ်းရာတွင် မအောင်မြင်မှုဖြစ်ခဲ့ပြီးနောက် ဘူရွန်ဒီတွင် အဆိုးရွားဆုံး အကြမ်းဖက်မှုကြီးဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

သောကြာနေ့တစ်နေ့လုံး ဘူဂျမ်ဘူရာမြို့တစ်ခွင် သေနတ်ပစ်သံ၊ ပေါက်ကွဲသံများ သောသောညံဖြစ်ပွားခဲ့ကြောင်း၊ မြို့တော်တစ်ဝန်းသေနတ်ကျည် ထိမှန်သေဆုံးသည့် အလောင်းများကို တစ်နေကုန်ကောက်ယူနေကြရကြောင်း ဒေသခံများနှင့် တာဝန်ရှိသူများက ပြောသည်။



သေနတ်သမားများက ဘူဂျမ်ဘူရာရှိ စစ်စခန်းနေရာသုံးခုကို တိုက်ခိုက်ခဲ့ရာ မြို့တော်တစ်ဝန်း တစ်နေကုန်တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ တိုက်ခိုက်ရေးသမား ၇၉ ဦးသေဆုံးပြီး အခြား ၄၅ ဦးကို ဖမ်းဆီးထားကြောင်း၊ ရဲအရာရှိလေးဦးနှင့် တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဂတ်စပတ်ဘာရာတူဇာက ပြောသည်။

"စစ်ဆင်ရေးက အခုပြီးသွားပါပြီ၊ လက်နက်နဲ့ ခဲယမ်းမီးကျောက်တွေလည်း လိုက်လံသိမ်းဆည်းနေရပါတယ်" ဟု အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဘူရွန်ဒီနိုင်ငံသည် သမ္မတ ပီယာရာကူရန်ဇီဇာက တတိယသက်တမ်းအစီအစဉ်ကို ဧပြီလက ကြေညာခဲ့ပြီးနောက် မငြိမ်မသက်ဖြစ်ပွားလာခဲ့သည်။

(ရိုက်တာ)

# ငြိမ်းချမ်းရေးသဘောတူညီမှုအပြီး ဆီးရီးယားအလယ်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား၊ လူ ၁၆ ဦး သေဆုံး



**ဒမတ်စကတ် ဒီဇင်ဘာ ၁၃**

ဆီးရီးယားနိုင်ငံ ဒေသအချို့တွင် အစိုးရနှင့် သောင်းကျန်းသူများအကြား မကြာသေးမီက အတိုက်အခိုက်ရပ်စဲခဲ့ကြသော်လည်း စနေနေ့က ဟုမ်စ်မြို့တွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ လူ ၁၆ ဦး သေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပထမဆုံး ကားတစ်စီးပေါက်ကွဲပြီးနောက် မကြာခင် ယင်းပေါက်ကွဲမှုဖြစ်ပွားရာအနီးရှိ ဆိုင်တစ်ဆိုင်အနီးတွင် နောက်ထပ်ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင် သတင်းအေဂျင်စီကဖော်ပြသည်။ ပထမပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ အလျင်အမြန်ရောက်ရှိလာသော လုံခြုံရေးတပ်ဖွဲ့များသည် ဒုတိယပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ ဟုမ်စ်မြို့သည် အစိုးရဆန့်ကျင်ရေး အုပ်စုများ ခြေကုပ်ယူရာ နေရာဖြစ်သည်။ သို့သော်လည်း ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် သမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကိုထောက်ခံသော အုပ်စုများ အများအပြားရှိကြောင်း သိရသည်။ အစိုးရတပ်များသည် ရုရှားအကူအညီဖြင့် နယ်မြေရှင်းလင်းရေးများကို အရှိန်မြှင့်လုပ်ဆောင်လာပြီးနောက် ယခုလအစောပိုင်းတွင် နှစ်ဖက်အဖွဲ့များက အပစ်အခတ်ရပ်စဲရေးကို သဘောတူခဲ့သည်။

လွန်ခဲ့သောလက ကုလသမဂ္ဂနှင့်အတူ အနောက်အုပ်စုနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများက ဆီးရီးယား ပြည်တွင်းစစ်ကို အဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေး စကားဝိုင်းကို ထပ်မံလုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။

သို့သော်လည်း အတိုက်အခံအုပ်စုကို မည်သူက ကိုယ်စားပြုမလဲဆိုသည်မှာ ဆုံးဖြတ်ရခက်နေကြောင်း လေ့လာစောင့်ကြည့်သူများက ပြောကြားသည်။

(အင်န်အိတ်ချ်ကေ)

# အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ကုန်သွယ်မှုလမ်း ဆောင်ရွက်ချက်များရှင်းလင်း




**မန္တလေး ဒီဇင်ဘာ ၁၃**

အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ရှိ ကုန်ပစ္စည်းများ ကုန်းလမ်းကိုအသုံးပြုကာ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကုန်သွယ်လမ်း (IMT) ဆောင်ရွက်မှုများ တွေ့ဆုံရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ရှိ Sedona Hotel အမရပူရခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အိန္ဒိယကောင်စစ်ဝန်ချုပ် Dr. Nandakumar N နှင့် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းတို့ တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Gautam Mukhopadhaya က ကုန်သွယ်လမ်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ ကုန်သွယ်လမ်း သဘောတူညီမှုကို အစိုးရအဖွဲ့တင်ပြရမယ်၊ ပြီးရင် လွှတ်တော်မှာ အတည်ပြုချက်ရယူရမှာပါ။ ပါဝင်ဆောင်ရွက်မယ့် လုပ်ငန်းရှင်တွေလည်း ခွင့်ပြုထားပါတယ်။ နောက်ထပ်လည်း သတ်မှတ်ချက်တွေနဲ့အညီ လျှောက်လို့ရပါတယ် "ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသင့်မြတ်သူက ရှင်းလင်းပြောကြားသည်။

အိန္ဒိယ၊ မြန်မာ၊ ထိုင်း (၃)နိုင်ငံ ကုန်သွယ်မှုလမ်း (IMT)ကို ကုန်းလမ်းကို အသုံးပြုပြီး ကုန်သွယ်မှု တိုးမြှင့်ကာ အရှေ့တောင်အာရှနှင့် အာရှတိုက်တောင်ဘက်ကို ဆက်သွယ်ပေးသည့် အဓိကလမ်းပိုင်းအဖြစ် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ (IMT) ကုန်သွယ်လမ်းအောင်မြင်အောင်ဆောင်ရွက်နိုင်ပါက ဒေသတွင်းကုန်သွယ်မှုကို ပူးပေါင်းဆောင်ရွက်မြှင့်တင်ပြီး နယ်စပ်ကုန်သွယ်ရေး ကြန့်ကြာမှုများကို ဖယ်ရှားပေးနိုင်ခြင်းနှင့် ခရီးသွားလုပ်ငန်းများ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်မှုဆောင်ရွက်ရာတွင် မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲတီစိမ်း၊ သစ်ပါးလွှာနှင့် အထပ်သား၊ ကျွန်းခွဲသား၊ သစ်မာခွဲသား၊ မြေထောက်ပဲ၊ ကုလားပဲ၊ ပန်းနှမ်းနှင့် သတ္တုနှင့် သတ္တုရိုင်းတို့ကို အဓိကတင်ပို့လျက်ရှိကာ ဆေးဝါးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် စက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ သွပ်ပြား၊ ဓာတုဗေဒပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ ဘိလပ်မြေ၊ စားအုန်းဆီ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိပြီး ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် အောက်တိုဘာလအထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ ပို့ကုန် အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၆၁ သန်းကျော်နှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၂၆၅ သန်းကျော်ရှိပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၈၂၇ သန်းကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်စိန်ထံက သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**




# ကလေးမြို့တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း မကြာမီဖွင့်လှစ်တော့မည်

**ကလေး ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် ပင်လုံလမ်းမတော်လမ်းဘေးတွင် ဒေသဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်အဖြစ် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို ဆေးသိပ္ပံပညာဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၂၉၈၄ ဒသမ ၃၃ အကုန်အကျခံ၍ ကုမ္ပဏီရှစ်ခုတို့က တာဝန်ယူလျက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ပင်မဆောင်အပါအဝင် အလျား ၂၅၈ ပေ၊ အနံ ၇၇ ပေ၊ အမြင့် ၃၆ ပေရှိ သုံးထပ်စာသင်ဆောင်နှစ်ဆောင်၊ အလျား ၉၂ ပေ၊ အနံ ပေ ၄၀၊ အမြင့် ၃၆ ပေရှိ သုံးထပ် ဆရာ ဆရာမများ အိပ်ဆောင်နှစ်ဆောင်၊ အလျား ၁၅၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၃၆ ပေရှိ သင်တန်းသား သင်တန်းသူများ အိပ်ဆောင် သုံးထပ် တစ်ဆောင်၊ အလျား ၁၀၂ ပေ၊ အနံ ၂၅ ပေရှိ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်နှစ်ဆောင်၊ အလျား ပေ ၆၀၊ အနံ ပေ ၄၀ ရှိ ထမင်းစားဆောင်နှင့် စားဖိုဆောင် တစ်ဆောင် စုစုပေါင်း အဆောက်အအုံရှစ်လုံး ဆောက်လုပ်ခဲ့ပြီးဖြစ်သည်။

သင်တန်းကျောင်းတွင် သင်တန်းသား သင်တန်းသူများအား နိုဝင်ဘာ ၁၅ ရက်က စတင်လက်ခံခဲ့ပြီး သင်ကြားရေးကို နိုဝင်ဘာ ၁၆ ရက်က စတင်သင်ကြားပေးခဲ့ကာ သုံးနှစ်ပညာသင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သူနာပြုဒီပလိုမာဘွဲ့ကို အပ်နှင်းမည်ဖြစ်သည်။ သားဖွားသင်တန်းမှာ နှစ်နှစ်ပညာသင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သားဖွားဒီပလိုမာဘွဲ့ကို အပ်နှင်းမည်ဖြစ်သည်။ နိုင်ငံတော်က ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် လစဉ်ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၃၀၀၀၀ စီ ထောက်ပံ့ပေးလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေလွင်က ပြောကြားသည်။

ထိုသို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို ဒေသခံများအပြင် ချင်းပြည်နယ်(မြောက်ပိုင်း)နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ တမူးခရိုင်၊ မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်များမှ သင်တန်းတက်ရောက်လိုသူများအနေဖြင့် လွယ်လင့်တကူ ပညာသင်ယူနိုင်ရေး ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝုန်လွန်း (ပြန်/ဆက်)**

# မြောင်းမြ ပြည်သူ့ဆေးရုံကို ခုတင် ၂၀၀ ဆံ့တိုးမြှင့်

**မြောင်းမြ ဒီဇင်ဘာ ၁၃**

မြောင်းမြ ပြည်သူ့ဆေးရုံ၌ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနမှ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး အဖြစ် ၂၀၁၅ ခုနှစ်တွင် အဆင့်တိုးမြှင့် ခွင့်ပြုပေးခဲ့ပြီး ဆေးရုံကြီးတွင် လိုအပ်သည့် ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းများ ခွင့်ပြုချထားပေးခဲ့ရာ ယခုလက်ရှိတွင် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံမှာ ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ခုတင်(၂၀၀) ဆေးရုံကြီး၏ အတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းနှင့် လျှပ်စစ်မီးလုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံကြီး ပင်မလေးထပ်တိုးချဲ့လူနာဆောင်ကို နိုဝင်ဘာ ၁၈ ရက်က ပန္နက်တင်ဆောင်ရွက်ကာ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောင်းမြမြို့ ပြည်သူ့ဆေးရုံသည် ခုတင်(၁၀၀)အဖြစ်မှ လူနာနှင့်ဆေးရုံမျှတမှုမရှိတော့သဖြင့် ခုတင်(၂၀၀) ပြည်သူ့ ဆေးရုံအဖြစ် တိုးမြှင့်ခွင့်ပြုရရှိခဲ့ပြီး တိုးချဲ့ဆောင် ဆောက်လုပ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးတိုးတိုး၏ ပြောကြားချက်အရ သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

# ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ စာပေဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ကကြီးမှူး၍ အသင်းဖွဲ့စည်းမှု (၁၂)နှစ်မြောက် အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ၂၅ ရက်တွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ သမိုင်းသုတေသီ ဒေါက်တာမြင့်သိန်း၊ ရခိုင်စာရေးကြီး စစ်တွေညိုသန့်တို့က စာပေရေးရာများကို ဟောပြောကြမည် ဖြစ်သည်။

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ၁၂ နှစ် သက်တမ်းသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ဟောပြောပွဲသို့ စာပေအနုပညာရှင်များနှင့် စာပေဝါသနာပါသူတိုင်း လာရောက်အားပေးနိုင်ကြောင်း သိရသည်။

**မောင်မောင်ကျော့-ပလက်ဝ**

မိုးပွင့် အထူးစီမံချက် အပိုင်း-၂ အရ စာသင်ကျောင်းများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၀ ရက်က အထက(၃) ကြည့်မြင်တိုင်မြို့နယ်၌ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းတင့်က ကျောင်းသား ကျောင်း သူ ၁၀၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

ကိုကြီးတင်



# စစ်တွေမြို့ ပြည်သူ့ဆေးရုံ ခုတင် ၂၀၀ မှ ၅၀၀ ဆံ့သို့ တိုးမြှင့်

**စစ်တွေ ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအား ခုတင်(၅၀၀)ဆံ့သို့ အဆင့်တိုးမြှင့်ပြီးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပရာ ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်ကုသရေးဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာစိုးထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ကုသရေးဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာစိုးထွန်းအောင်တို့က ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၏ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ကုသရေးဦးစီးမှူးဆေးရုံအုပ်ကြီးက စစ်တွေပြည်သူ့ဆေးရုံကြီးအား ခုတင်(၅၀၀)ဆံ့ဆေးရုံကြီးသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အလံကို ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းဝင်း(ခရိုင် ပြန်/ဆက်)**

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ**



ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားဖြန့်ဖြူးသည့် တာဝါတိုင်များအား တွေ့ရစဉ်။ ဓာတ်ပုံ-လျှပ်စစ်

❒ ရှေ့ဖုံးမှ

ကန့်သတ်ချက်များကြောင့် ပထမဓာတ်အားပေးစက်သုံးလုံး (၃ × ၂၈ မဂ္ဂါဝပ်=၈၄ မဂ္ဂါဝပ်)သာ တည်ဆောက်နိုင်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ် ဧပြီ ၁ ရက်တွင် ဓာတ်အားထုတ်လုပ်နိုင်ခဲ့သည်။ ယင်းနေ့တွင်ပင် ၂၃၀ ကေဗွီ လောပိတ-တောင်ငူ-လှော်ကား မဟာဓာတ်အားလိုင်းဖြင့် မြန်မာ့ဓာတ်အားစနစ်ကို စတင်အသုံးပြုလျက် ရန်ကုန်မြို့သို့ ဓာတ်အားပေးနိုင်ခဲ့သည်။ ယင်းနောက် ၁၃၂ ကေဗွီ လောပိတ-ကလော-သာစည် မဟာဓာတ်အားလိုင်း အမှတ်(၁)ဖြင့် မန္တလေးမြို့သို့ ၁၉၆၃ ခုနှစ် မတ်လတွင် ဓာတ်အားပေးနိုင်ခဲ့သည်။

ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်စီမံကိန်းအားအကောင်အထည်ဖော်ရာတွင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Electricity Supply Board-ESB)၊ ရေအားလျှပ်စစ်ဌာန၊ အင်ဂျင်နီယာချုပ် ဦးအေးနှင့် ဂျပန်နိုင်ငံမှ Messer Nippon Kabushiki Koei Kaisha ဥက္ကဋ္ဌ မစ္စတာ ယူတကကူဘိုတာ (Mr. Yutaka KUBOTA) တို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့၏ကြီးကြပ်မှုအောက်တွင် မြန်မာနိုင်ငံမှ လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့၏အင်ဂျင်နီယာနှင့် ကျွမ်းကျင်ဝန်ထမ်းများ၊ ဂျပန်နိုင်ငံမှ Mr. Kajima Construction ၏ ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။



ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ ဓာတ်ပုံ-လျှပ်စစ်

ဒုတိယစက်သုံးလုံးကို ၁၉၇၀ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၇၄ ခုနှစ်တွင်တည်ဆောက်ပြီးစီး၍ ဓာတ်အားများ ဆက်လက်ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ယခုအခါ ဘီလူးချောင်းအမှတ်(၂) စက်ရုံသည် သက်တမ်းအားဖြင့် (၅၄)နှစ်ကျော် ကာလသို့ရောက်ရှိလာပြီဖြစ်သည်။ စက်ရုံသက်တမ်း ၃၂ နှစ်တွင် စက်အမှတ်(၁)၊ (၂)၊ (၃) တို့၏စွမ်းဆောင်ရည် ကျဆင်းလာသဖြင့် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ပင်လယ်ရပ်ခြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (PECF) မှ ဂျပန်ယန်းသန်းပေါင်း ၃၅၃၀ ဖြင့် အကြီးစားပြုပြင်ခြင်း (Recovation) လုပ်ငန်းကို ပထမအကြိမ် ဆောင်ရွက်ခဲ့ရာ စက်ခြောက်လုံးသည် မူလဒီဇိုင်းအတိုင်း ၂၈ မဂ္ဂါဝပ် (စွမ်းအားပြည့်) ပြန်လည်ရရှိခဲ့ပြီး ဓာတ်အားထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ ဓာတ်အားပေးစက်ခြောက်လုံးမှာ မူလဒီဇိုင်း၏ ၉၂ ရာခိုင်နှုန်းသာ ဓာတ်အား ထုတ်လုပ်နိုင်ခြင်း၊ သက်တမ်း(၅၄)နှစ်ကျော် အသုံးပြုခဲ့သော အစိတ်အပိုင်းအများစုကို ချွတ်ယွင်းမှု၊ စက်ရပ်တန့်ရမှုမဖြစ်စေဘဲ ပိုမိုကောင်းမွန်စိတ်ချစွာ၊ သက်တမ်းကြာရှည်စွာ ဆက်လက်မောင်းနှင်နိုင်ရေးအတွက် အစားထိုးပြုပြင်ရန် လိုအပ်လာခြင်းများကြောင့် ဂျပန်အစိုးရ၏ Official Development Assistant(ODA) အစီအစဉ်အရ ပြန်လည်ပေးဆပ်ရန်မလိုသော ငွေကြေးအကူအညီ Grand Aid ဖြင့် ဘီလူးချောင်းအမှတ်(၂) စက်ရုံ၏ အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းဆောင်ရွက်နိုင်ရန် ကူညီပေးခဲ့သည်။

ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအနေဖြင့် နိုင်ငံတော်ဓာတ်အားထုတ်လုပ်ရေးအခန်းကဏ္ဍတွင် အရေးကြီးသော စက်ရုံတစ်ရုံအဖြစ် ဆက်လက်တည်ရှိနေစေရန် ကြံ့ခိုင်မှုရှိနေစေရေး၊ နည်းပညာဆိုင်ရာစွမ်းဆောင်ရည်များ မူလဒီဇိုင်းအတိုင်း စွမ်းအားပြည့် ပြန်လည်ရရှိရေး၊ ရေရှည်ဓာတ်အားထုတ်လုပ်နိုင်ရေးတို့အတွက် ယုံကြည်စိတ်ချပြီး လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်ဓာတ်အားစနစ်ကို ယုံကြည်စိတ်ချ တည်ငြိမ်စွာ ဓာတ်အားပို့လွှတ်နိုင်စေရေးစသည့် ရည်ရွယ်ချက်များဖြင့် အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ကြောင်းလည်း သိရှိရသည်။

အလုံးစုံပြုပြင်မွမ်းမံရေးလုပ်ငန်း (ပထမပိုင်း)ကို ၂၀၀၂-၂၀၀၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ(ODA)၊ ထောက်ပံ့ကူညီမှု (Grant Aid) ဂျပန်ယန်းသန်းပေါင်း ၆၂၈ ဖြင့် ၁၃၂ ကေဗွီဘီလူးချောင်း(၂) ကလော Additional Circuit အတွက် ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ယင်းလိုင်းအတွက် Switchhyard Extension လုပ်ငန်းဆောင်ရွက်ခြင်း၊ စက်ရုံတွင် Pump၊ Compressor လဲလှယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အလုံးစုံပြုပြင်မွမ်းမံခဲ့ပြီး လျှပ်စစ်ဓာတ်အားအပြည့် ပေးလွှတ်နိုင်ခဲ့သည်။

အလုံးစုံပြုပြင်မွမ်းမံရေးလုပ်ငန်း (ဒုတိယပိုင်း)ကို ၂၀၁၃-၂၀၁၆ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ (ODA)၊ ထောက်ပံ့ကူညီမှု၊ (Grant Aid) ဂျပန်ယန်းသန်းပေါင်း ၆၆၆၉ ဖြင့် စက်ခြောက်လုံးကို အလုံးစုံပြုပြင်မွမ်းမံရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းပထမအဆင့်အဖြစ် ဓာတ်အားပေးစက်အမှတ်(၁၊၂၊ ၃)တို့၏ အလုံးစုံပြုပြင်မွမ်းမံရေး လုပ်ငန်းများအား ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ ဂျပန်နိုင်ငံမှ ပညာရှင်များ၊ မြန်မာနိုင်ငံမှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တာဘိုင်၊ ဂျင်နရေတာ၊ ဖိအားမြှင့် သံမဏိပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်း အမျိုးပေါင်း ၄၈ မျိုး လဲလှယ်ပြုပြင်ခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့သဖြင့် အဆိုပါ ဓာတ်အားပေးစက်သုံးလုံးမှာ မူလဒီဇိုင်းအတိုင်း (၂၈× ၃=၈၄) မဂ္ဂါဝပ်အပြည့်ဖြင့်ပြန်လည်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

အလားတူ ဒုတိယအဆင့်အနေဖြင့် လျှပ်စစ်ဓာတ်အားပေးစက် အမှတ် (၄၊၅၊၆) တို့ကို အလုံးစုံပြုပြင်မွမ်းမံရေးလုပ်ငန်းများအား ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ဆက်လက်ဆောင်ရွက်ခဲ့ရာ စက်အမှတ်(၆) ပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင် တာဘိုင်၊ ဂျင်နရေတာ၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၂၁ မျိုး လဲလှယ်ခဲ့ရသည်။ စက်အမှတ်(၆)သည် မပြုပြင်မီ လျှပ်စစ်ဓာတ်အား ၂၄ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်တွင် မူလဒီဇိုင်းအတိုင်း ၂၈ မဂ္ဂါဝပ် စက်စွမ်းအားပြည့် ပြန်လည်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါစက် အမှတ်(၆) ပြုပြင်မွမ်းမံရေးလုပ်ငန်းများဆောင်ရွက်စဉ် Booster Transformer Bank 2 ရှိ Booster Transformer သုံးလုံးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၃၀ ကေဗွီ ဘီလူးချောင်း(၂) တောင်ငူ (တောင်ပိုင်း) လိုင်းသို့ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီ ဖြစ်သည်။

ထို့အပြင် ကျန်စက်နှစ်လုံးကို ဆက်လက်ပြုပြင်လျက်ရှိရာ စက်အမှတ်(၅)သည် ၈၆ ရာခိုင်နှုန်းနှင့် စက်အမှတ်(၄)သည် ၁၄ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးနေပြီဖြစ်ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ရာနှုန်းပြည့် ပြင်ဆင်ပြီးစီးမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုကဲ့သို့ ဘီလူးချောင်း အမှတ်(၂)စက်ရုံတွင် လျှပ်စစ်စွမ်းအားထုတ်လုပ်ပေးလျက်ရှိသော စက်ခြောက်လုံးကို အလုံးစုံပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးပါက စက်တစ်လုံးလျှင် မူလဒီဇိုင်းအတိုင်း ၂၈ မဂ္ဂါဝပ် အပြည့်ပြန်လည် ထုတ်လုပ်နိုင်မည်ဖြစ်၍ ဘီလူးချောင်းအမှတ်(၂)စက်ရုံရှိ စက်ခြောက်လုံးမှ စုစုပေါင်းမဂ္ဂါဝပ် ၁၆၈ ဖြင့် အပြည့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ငွေတောင်ပြည်က ဓာတ်အားပေးစက်များ ကြံ့ခိုင်မှုမြင့်တက်လာပြီး စက်စွမ်းအားပြည့် ပြန်လည်မောင်းနှင်နိုင်မှုနှင့်အတူ လျှပ်စစ်ဓာတ်အားများ မြန်မာ့ဓာတ်အားစနစ်သို့ ကောင်းမွန်စွာပို့လွှတ်နိုင်တော့မည်ဖြစ်၍ ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်းကို နှစ်ပေါင်း ၅၀ ကျော် ရွှေရတုလွန်ကာလအထိ ဆောင်ရွက်ခဲ့ရာမှ အနာဂတ်ကာလ စိန်ရတုအလင်းနှစ်များဆီသို့ စဉ်ဆက်မပြတ် ဆောင်ကြဉ်းလျက်။ ။

ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအနေဖြင့် နိုင်ငံတော်ဓာတ်အားထုတ်လုပ်ရေးအခန်းကဏ္ဍတွင် အရေးကြီးသောစက်ရုံတစ်ရုံအဖြစ် ဆက်လက်တည်ရှိနေစေရန် ကြံ့ခိုင်မှုရှိနေစေရေး၊ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ မူလဒီဇိုင်းအတိုင်း စွမ်းအားပြည့် ပြန်လည်ရရှိရေး၊ ရေရှည်ဓာတ်အားထုတ်လုပ်နိုင်ရေးတို့အတွက် ယုံကြည်စိတ်ချပြီး လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်ဓာတ်အားစနစ်ကို ယုံကြည်စိတ်ချ တည်ငြိမ်စွာ ဓာတ်အားပို့လွှတ်နိုင်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်

# ထားဝယ်အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီစည်းဝေး

**ဗန်ကောက် ဒီဇင်ဘာ ၁၃**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ ပူးတွဲ အဆင့်မြင့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ သတ္တမအကြိမ် မြန်မာ - ထိုင်း ပူးတွဲ အဆင့်မြင့်ကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းလေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီး မစ္စတာ အာခွန်တမ်ပီရာပိုင်စစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံး အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်၊ စစ်သံမှူး ဗိုလ်မှူးချုပ် ချစ်ဆွေ၊ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဗန်ကောက်မြို့ St. Regis Hotel သို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ သတ္တမအကြိမ် မြန်မာ-ထိုင်း ပူးတွဲ အဆင့်မြင့်ကော်မတီအတွင်းရေးမှူးများအစည်းအဝေးကို St. Regis Hotel Astor -1 ၌ ကျင်းပရာ **(အောက်ပုံ)** ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီး မစ္စတာ အာခွန်တမ်ပီရာပိုင်စစ်ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများ၌ ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များ၊ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံအကြား ကနဦးစီးပွားရေးလုပ်ငန်းများတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ၌ ဂျပန်နိုင်ငံအစိုးရပါဝင်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာ-ထိုင်း- ဂျပန် သုံးနိုင်ငံအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးနေအိမ်သို့ရောက်ရှိကြပြီး မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့်သံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများနှင့်မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ထားဝယ်အထူးစီးပွားရေးဇုန် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ သတ္တမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးသို့တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



# မြန်မာနိုင်ငံအနေဖြင့် လေးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ဘီစီအိုင်အမ် ကနဦး ပူးပေါင်းမှုလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိကျင်းပခဲ့သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံ (BCIM) ဒေသတွင်းအစိုးရများပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီး ၁၅ ဦး ပါဝင်သည့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ဒီဇင်ဘာ ၈ ရက် ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese People’s Association for Friendship with Foreign Countries – CPAFFC ဥက္ကဋ္ဌ Madame Li Xiaolin ကလည်းကောင်း၊ တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission – NDRC) ဒုတိယဥက္ကဋ္ဌ Mr. Wang Xiaotao ကလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကလည်းကောင်း အဖွင့်အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမှာစကားပြောကြားရာတွင် ဖိုရမ်ကို ဘီစီအိုင်အမ် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန် ရည်ရွယ်၍ **“အခွင့်အလမ်းများမျှဝေခြင်းနှင့် အသီးအပွင့်များ မျှဝေခံစားခြင်း”** ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်၍ ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုမို ပူးပေါင်းဆောင်ရွက်နိုင်စေရန် တွန်းအားများဖြစ်ကြောင်း၊ ဒေသတွင်းဖွံ့ဖြိုးမှုနှင့် ပေါင်းစပ်ဆက်သွယ်မှု၊ မြို့တော်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်မှုပြပွဲများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း လေးနိုင်ငံအကြား ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ဘီစီအိုင်အမ် ကနဦး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအကျိုးကျေးဇူးများကို ဒေသတွင်းပြည်သူများ ရရှိခံစားနိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဘီစီအိုင်အမ်အဖွဲ့ဝင် နိုင်ငံများအားလုံးအားသွန်ခွန်စိုက် လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဖိုရမ်အစီအစဉ်အရ “လမ်းပန်းဆက်သွယ်မှုနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု” ခေါင်းစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်နယ်ကိုယ်စားလှယ်လေးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံမှ ကချင်ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းနှင့် ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်စေရန်၊ ဆက်သွယ်မှုလမ်းကြောင်းများနှင့် ဘီစီအိုင်အမ် စီးပွားရေးစင်္ကြံလမ်းကြောင်းများကိုအခြေခံ၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြို့တော်များတိုးတက်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်နယ်ကိုယ်စားလှယ် လေးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံမှ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက မုံရွာမြို့ ဖွံ့ဖြိုးတိုးတက်ရေး၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦးက ပဲခူးမြို့ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီများက လေးနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ “စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်မြှင့်တင်ရေး” ခေါင်းစဉ်ဖြင့် ဆက်လက်ရှင်းလင်းတင်ပြခဲ့ကြသည်။ ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ State Counsellor Mr.Yang Jeichi နှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုမြို့တော်များအဖွဲ့(CPAFFC) ဒုတိယဥက္ကဋ္ဌတို့က ဒေသတွင်းလေးနိုင်ငံအကြား ပြည်နယ်အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်၍ ဒေသတွင်းချစ်ကြည်ရေးညီအစ်မမြို့တော်များ ထူထောင်နိုင်ရေးအတွက်ဆောင်ရွက်သွားကြရန် ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော် သံသရာငြိမ်းအေးရွှေစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့် ရတနာမဥ္ဇူလမ်းထောင့်ရှိ ကရုဏာကမ္ဘာစစ်မှုထမ်းဟောင်း ဘိုးဘွားရိပ်သာစီမံကိန်းအတွင်း တည်ထားကိုးကွယ်မည့် သံသရာငြိမ်းအေးရွှေစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး **(အပေါ်ယာပုံ)** သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် သံသရာငြိမ်းအေးရွှေစေတီတော် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားဆက်လက်ကျင်းပရာ မင်္ဂလာအချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာပန္နက်တော်များအား စိုက်ထူပူဇော်ခြင်း၊ တွင်းတော်ဝန်းမဟာမင်္ဂလာပြုခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ကရုဏာကမ္ဘာစစ်မှုထမ်းဟောင်း ဘိုးဘွားရိပ်သာအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ အငြိမ်းစားတပ်မတော်သား မိသားစုဝင်များ၊ အကြောင်း အမျိုးမျိုးကြောင့် ကျဆုံး/ကွယ်လွန်သွားသည့် သူများ၏ ကျန်ရစ်သူမိသားစုအား စောင့်ရှောက်နိုင်ရန်အတွက် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် ပေးဆပ်ခဲ့သူ၊ ပေးအပ်ခဲ့သူများဖြစ်၍ ၎င်းတို့အား ကြည့်ရှုစောင့်ရှောက်ရန် တာဝန်များရှိကြောင်း၊ ယင်းကိစ္စများဆောင်ရွက်နိုင်ရန်အတွက် ယခုစစ်မှုထမ်းဟောင်းဘိုးဘွားရိပ်သာကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလားတူ ရန်ကုန်နှင့် မန္တလေးမြို့များ၌လည်း ဆက်လက် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်သည်များသည် တိုင်းပြည်အတွက် ပေးဆပ်ခဲ့ရခြင်းဖြစ်၍ ၎င်းတို့အား ကြည့်ရှုရန် ဥပဒေအရပြဋ္ဌာန်းပြီး ဆောင်ရွက်နေသကဲ့သို့ တပ်မတော်နှင့် စစ်မှုထမ်းအငြိမ်းစားများ၊ စေတနာရှင် အလှူရှင်များက ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းများအတွက် နောင်ရေးမကြောင့်ကြရန် တတ်နိုင်သမျှဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တပ်မတော်သက်သာချောင်ချိရေးရန်ပုံငွေ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အမြတ်ငွေများမှ စစ်မှုထမ်းဟောင်းများ၏ နေရေး၊ ထိုင်ရေးသာမကဘဲ ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အသုံးပြု ဆောင်ရွက်နေကြောင်း၊ စစ်မှုထမ်းဟောင်းများ၏ နေရေး၊ စားရေး၊ သောက်ရေးအခက်အခဲများကိုလည်း တစ်ဦးချင်းအနေဖြင့် ကူညီပေးသင့်သည်များကို ဝိုင်းဝန်းကူညီပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များက ကရုဏာ ကမ္ဘာစစ်မှုထမ်းဟောင်း ဘိုးဘွားရိပ်သာအတွက် ဒုတိယအကြိမ် အလှူငွေများပေးအပ်ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် မူလအလှူရှင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(အငြိမ်းစား)တို့က လက်ခံယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(အငြိမ်းစား)က ဒုတိယအကြိမ် အလှူငွေ လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကရုဏာ ကမ္ဘာစစ်မှုထမ်းဟောင်း ဘိုးဘွားရိပ်သာ တည်ဆောက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြုလုပ်သော ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ၊ စစ်မှုထမ်းအငြိမ်းစားများ၊ စေတနာရှင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ်သိန်း ၁၆၂၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံသရာငြိမ်းအေးရွှေစေတီတော် ရတနာပန္နက်တော်တင်အခမ်းအနားတွင် ပန္နက်တော်စိုက်ထူစဉ်။** (မြဝတီ)

# သွေးလှူရှင်များ ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဗဟိုအမျိုးသားသွေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော (၃၉) ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက စေတနာရှင် သွေးလှူရှင်များ တိုးတက်များပြားလာအောင် ဦးဆောင်စည်းရုံးပေးခဲ့ကြသည့် ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသားသွေးဌာနလုပ်ငန်းများနှင့် စေတနာရှင် အလှူရှင်အားလုံးကို အထူးပင် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက သွေးလှူရှင်သံဃာတော်များနှင့် သီလရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်ကပ်သည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံပြီး အကြိမ် ၁၀၀ နှင့်အထက် သွေးလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(သတင်းစဉ်)**

# ကချင်ပြည်နယ် နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

*✻ ကျောဖုံးမှ*

ယနေ့ ယှဉ်ပြိုင်ကစားသည့် ဒုတိယအကြိမ် အာရှဖိတ်ခေါ်အမျိုးသားဟော်ကီပြိုင်ပွဲတွင် ယခင်မူလက အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ တရုတ်၊ တရုတ်(တိုင်ပေ)နှင့် ဟောင်ကောင်အသင်းတို့ကို ဖိတ်ခေါ်ခဲ့သော်လည်း အင်ဒိုနီးရှားနှင့် သီရိလင်္ကာအသင်းတို့မှာ လာရောက်ယှဉ်ပြိုင်ကစားခြင်း မရှိကြောင်း သိရသည်။ ဒုတိယအကြိမ် အာရှဖိတ်ခေါ်အမျိုးသား ဟော်ကီပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ တစ်ရက်ကျော်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ယနေ့ ပထမနေ့တွင် မြန်မာအမျိုးသားလက်ရွေးစင်ဟော်ကီအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် တရုတ်အသင်းနှင့် ဟောင်ကောင်အသင်းတို့ယှဉ်ပြိုင်ကစားရာ တရုတ်အသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဒုတိယနေ့ ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၅ ရက်တွင် ပထမပွဲစဉ်အဖြင့် အိမ်ရှင်မြန်မာအသင်းနှင့် ဟောင်ကောင်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် တရုတ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ တတိယနေ့ ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၇ ရက်တွင် တရုတ်အသင်းနှင့် မြန်မာအသင်း၊ ဟောင်ကောင်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမဆုံး အာရှဖိတ်ခေါ်အမျိုးသားဟော်ကီပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ယင်းပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းလက်ရွေးစင်ဟော်ကီအသင်း(က)နှင့်(ခ)၊ မြန်မာနှင့် သီရိလင်္ကာတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကျောက်မျက်ရိုင်းနှင့်ကျောက်စိမ်းအသားကျောက်များရောင်းချပွဲတွင် ငွေကျပ်သန်း ၈၀၈၄၁ ဒသမ ၈၄ သန်းဖိုးရောင်းချခဲ့ရ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ရတနာကုန်သည် ၁၇၃၃ ဦး တက်ရောက်ခဲ့သည်။ ယနေ့တွင် ယခင်ပြပွဲနေ့များက ကျောက်စိမ်းအတွဲများ ရောင်းချရာတွင် ညှိနှိုင်းဖြေရှင်းရန် လိုအပ်သည့် အတွဲများကို အသိပေးကြေညာခြင်းနှင့် သဘာပတိအဖွဲ့က ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ပြပွဲရက်များအတွင်း ကျောက်မျက်ရိုင်းအတွဲ ၁၅၂ တွဲ ပြသခဲ့ရာ ၇၅ တွဲ ရောင်းချခဲ့ရပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၆၉၀ ဒသမ ၃၄ သန်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ကျောက်စိမ်းအသားကျောက်အတွဲ ၆၈၂၆ တွဲ ပြသခဲ့ရာ ၅၅၃၁ တွဲ ရောင်းချခဲ့ရပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သန်း ၇၉၁၅၁ ဒသမ ၅၀ ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကျောက်မျက်အရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ရောင်းရငွေစုစုပေါင်းမှာ ငွေကျပ် ၈၀၈၄၁ ဒသမ ၈၄ သန်းတန်ဖိုးရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လေ့လာဆွေးနွေးခဲ့ကြသော မြန်မာ့တပ်မတော်နှင့် ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်မှု၌ အထောက်အကူဖြစ်စေရန် ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များအား သွားရောက်လေ့လာခဲ့ကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်အဖွဲ့ဝင်များ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း)၊ NCA တွင် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည့် ကရင်တိုင်းရင်းသား



လက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်ကြသော KNU, KNLA(PC), DKBA တို့မှ ကိုယ်စားလှယ်များ၊ မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) မှ တာဝန်ရှိသူများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိမ်းနှင့် တပ်မတော် အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ကိုလံဘီယာနိုင်ငံ၌ ဒီဇင်ဘာ ၃ ရက်မှ ၁၀ ရက်အထိ ကိုလံဘီယာနိုင်ငံသမ္မတ Juan Manuel Santos Calderon ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုလံဘီယာတပ်မတော် ဒုတိယစစ်ဦးစီးချုပ် General Florez Aristizabal၊ ငြိမ်းချမ်းရေးအကြံပေး ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် Fabrizio Hochschild၊ ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည် ဖော်ဆောင်မှုအတွေ့အကြုံများနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပြီးနောက် DDR-SSR ကိုရက်ပေါင်း ၆၀ အတွင်း ပြီးမြောက်အောင် ဆောင်ရွက်သွားရန်အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ကြိုတင်သဘောတူညီချက်ရရှိထားမှု အခြေအနေများကို အသေးစိတ်လေ့လာဆွေးနွေးခဲ့ကြပြီး Demobilization အစီအစဉ်များ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လေ့လာကြည့်ရှုခဲ့ကြသည်။

ကိုလံဘီယာအစိုးရ အနေဖြင့် ၂၀၁၆ ခုနှစ်မတ်လအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အား အပြီးသတ်ဆောင်ရွက်သွားရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(မြဝတီ)**

# ရွေးကောက်ပွဲမှတ်တမ်းဓာတ်ပုံပြိုင်ပွဲဆု ဒီဇင်ဘာ ၂၀ တွင်အပြီးသတ်ရွေးချယ်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် ၂၀၁၅ ခုနှစ် ပါတီစုံရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် နိုဝင်ဘာ ၈ ရက်၏ပုံရိပ်များကို မှတ်တမ်းတင်သည့် ဓာတ်ပုံပြိုင်ပွဲကို ဥရောပသမဂ္ဂက ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ဓာတ်ပုံများအနက်မှ အကောင်းဆုံးဓာတ်ပုံဆုကို ဒီဇင်ဘာ ၂၀ ရက်တွင် ကြေညာပေးတော့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ နိုင်ငံအနှံ့ဒေသအသီးသီးမှ ပေးပို့ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲခေါင်းစဉ်မှာ Document your Democratic Experience ဖြစ်သည်။ ယခုအခါ ပြိုင်ပွဲဝင် အကောင်းဆုံး ဓာတ်ပုံသုံးပုံကို ရွေးချယ်ထားပြီး ယင်းသုံးပုံအနက်မှ ပရိသတ်ရွေးချယ်မှု အများဆုံးဓာတ်ပုံပိုင်ရှင်ကို ဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။



နောက်ဆုံးဆန်ခါတင် ပုံသုံးပုံအနက် မောင်ဘဦးရိုက်ကူးသည့် မဲရုံတစ်ရုံ၌ မဲပေးရန် စောင့်နေသည့် ပြည်သူများ ဓာတ်ပုံကို တွေ့ရစဉ်။

အဆိုပါ ဓာတ်ပုံသုံးပုံကို ဥရောပသမဂ္ဂ၏ ဖေ့ဘွတ်စာမျက်နှာဖြစ်သည့် European Union Delegation to Myanmar စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုကာ ဒီဇင်ဘာ ၂၀ ရက်အထိ မဲပေးနိုင်ကြပြီး မဲအများဆုံးရရှိသည့် ဓာတ်ပုံပိုင်ရှင်အား ကင်မရာတစ်လုံး ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆန်ခါတင်သုံးပုံမှာ မောင်ဟန်မင်းနှင့် ဇေယျာကိုတို့ ရိုက်ကူးထားသည့် အမျိုးသားတစ်ဦးက မဲပေးမှုအပြီး မိမိ၏လက်သန်းကို မြှောက်ပြနေပုံ၊ မောင်ဘဦး ရိုက်ကူးထားသည့် မဲရုံ၌မဲပေးရန် တန်းစီစောင့်ဆိုင်းနေကြသူများကို ရိုက်ကူးထားပုံနှင့် ဓာတ်ပုံဆရာ သက်ထူးရိုက်ကူးထားသည့် မဲရုံသို့ ဆွေမျိုးတစ်ဦး၏ အကူအညီဖြင့် လာရောက်မဲပေးသည့် အဘွားအို တစ်ဦး၏ပုံတို့ ဖြစ်သည်။

**သွန်းဝသန်**

# ကျောက်ပန်းတောင်းမြို့နယ်၌ စုပေါင်းအမှိုက်ကောက်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြို့ပေါ်ရပ်ကွက်များမှ လူမှုရေးအသင်းအဖွဲ့များ၊ အလွတ်ပညာသင်ကျောင်းများမှ ကျောင်းအုပ်ချုပ်သူများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ စုပေါင်း၍ မြို့လုံးကျွတ်သန့်ရှင်းရေးလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ ၁၃ ရက် နံနက် ၇ နာရီခွဲတွင် လွတ်လပ်ရေးရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုတည်ရှိရာ စခန်းသာပန်းခြံမှ စတင်ကာအမှိုက်ကောက် သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ပွဲသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးကိုကြီးနှင့် ကော်မတီဝင်များ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့်ပါတီဝင်များ၊ မြို့ပေါ် ၁၂ ရပ်ကွက်မှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလွတ်ပညာသင်ကျောင်းများမှ ကျောင်းအုပ်ချုပ်သူများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ စုပေါင်းပါဝင်ခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုမှ စတင်၍ ရန်ကုန်-ပြည်-မန္တလေးလမ်းအတိုင်း ဘူတာလမ်းဆုံမှ မိတ္ထီလာလမ်း၊ ဗိုလ်ချုပ်လမ်းမှ ဝင်၍ စည်ပင်သာယာဈေးကြီး ဝန်းကျင်တွင် လမ်းဘေးဝဲယာမှ အမှိုက်များ၊ ရေဆိုးမြောင်းအတွင်းရှိ ပလတ်စတစ်နှင့် စွန့်ပစ်အမှိုက်များကို စုပေါင်းကောက်ယူ၍ အမှိုက်သယ်ကားများဖြင့် မြို့ပြင်ရှိ အမှိုက်ကျင်းသို့ စနစ်တကျစွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**





# ကျောက်အရွယ်အစားမျိုးစုံ တူးဖော်နေခြင်းကြောင့် သဘာဝဂေဟစနစ်များ ပျက်စီးမှုဖြစ်ပေါ်လာနိုင်

**ယင်းမာပင် ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်သည် အပူပိုင်းမိုးနည်းရပ်ဝန်းတွင် တည်ရှိသောကြောင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောနှင့် စိမ်းစိုစိုက်ခင်းများထားရှိ၍ နှစ်စဉ်သစ်ပင်များ စိုက်ပျိုးခြင်း၊ ယခင်က သဘာဝအတိုင်း ပေါက်ရောက်ရှင်သန်လျက်ရှိသော သဘာဝတောများကိုလည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း တွေ့မြင်နေရချိန်ဝယ် ပုဂ္ဂလိက စီးပွားရေးသမားများ၏ မြေအောက်မှကျောက်များ ထုတ်ယူရောင်းချစီးပွားရှာနေခြင်းကို ကြပ်မတ်ဆောင်ရွက်စရာလုပ်ငန်းစဉ်တစ်ခုအဖြစ် ဒေသခံများက ပြောဆိုနေကြသည်။

ယခင်က လမ်းခင်းရာ၌ လည်းကောင်း၊ တိုက်တာအဆောက်အအုံနှင့် လမ်းတံတားအတွက် အသုံးပြုရမည့်ကျောက်များကို မြေပေါ်တွင်ပေါ်နေသောကျောက်တုံးကြီးများကို တူဖြင့်ခွဲ၍ ကျောက်အရွယ်အစားမျိုးစုံအဖြစ်လည်းကောင်း၊ ကျောက်သေးအရွယ်အစားမျိုးစုံကို သစ်တောကြိုးဝိုင်းပြင်ပရှိတောင်ကုန်းများမှ ယာပြင်များတွင်လည်းကောင်း လူအင်အားဖြင့်သာကောက်ယူသုံးစွဲခဲ့ကြသည်။ ယခုမူပုဂ္ဂလိက စီးပွားရေးသမားများ၏ အမြင်များက ကျယ်ပြန့်လာခဲ့သောကြောင့် မြေမှာပေါ်နေသော ကျောက်အရွယ်အစားမျိုးစုံသာမက မြေအောက်ရှိ ကျောက်လွှာများကိုပါ စက်ကြီးများသုံး၍ တူးဖော်လုပ်ကိုင်ဆောင်ရွက်လာကြသည်။ ယခင်တောတန်း၊ တောင်တန်းလေးများမှာ သဘာဝအတိုင်းမရှိတော့ဘဲ ချိုင့်ခွက်ကြီးများ၊ ချိုင့်ကျင်းကြီးများ ဖြစ်ပေါ်နေကြောင်း သိရသည်။ ဒေသအချို့သို့ ဆားလင်းကြီးမြို့နယ်မှ ကျောက်များ ဝယ်ယူအသုံးပြုလာကြသည်နှင့်အမျှ ကျောက်သယ်ကားများ အပြိုင်အဆိုင်ဝယ်ယူ၍ တင်ပို့ရောင်းချလျက်ရှိကြသည်။ ထို့ကြောင့် ဆားလင်းကြီးမြို့၏ သဘာဝဂေဟစနစ်များ ပျက်စီးမှုမှကာကွယ်ရန် မြေအောက်ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးသင့်ကြောင်း ဒေသခံများက ပြောဆိုကြသည်။

**ဦးငယ်(ဆားလင်းကြီး)**

**လှိုင်း အသင့်အတင့်ရှိ**

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# ပုပ္ပသီရိမြို့ ပတ်လမ်းမပေါ် ကျောက်သယ်ယာဉ်များ စည်းကမ်းမဲ့စွာမောင်းနှင်နေမှုကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော် ပုပ္ပသီရိမြို့ပတ်လမ်းမကြီးပေါ်တွင် နေ့စဉ်နှင့်အမျှ စည်းကမ်းမဲ့မောင်းနှင်နေသည့် ကျောက်ကားများပေါ်မှ ကျကျန်ရစ်သော ကျောက်များကြောင့် အဆိုပါလမ်းပေါ်၌ ဖြတ်သန်းမောင်းနှင်နေကြသည့် မော်တော်ယာဉ်များ ယာဉ်အန္တရာယ် စိုးရိမ်ဖွယ်ရာဖြစ်နေသည်ကို မြင်တွေ့ရသည်။ **(ယာပုံ)**

ရှမ်းရိုးမတောင်တန်းများနှင့် တစ်ဆက်တည်း တည်ရှိသည့်နေရာဖြစ်သဖြင့် စီးပွားဖြစ်လုပ်ကိုင်နေကြသည့် ကျောက်ကွင်းများနှင့် ကျောက်ခွဲစက်ပေါင်းများစွာရှိရာ ယင်းကျောက်ခွဲစက်များမှ ထွက်ရှိသည့် ကျောက်များကို သယ်ယူရာတွင် ယင်းလမ်းမကြီးကို အဓိကအသုံးပြုကြသည်။

ယခုအခါ ခြောက်သွေ့ရာသီရောက်ရှိလာပြီး တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်လာကြသည်နှင့်အမျှ သတ်မှတ်ကုန်ချိန်ထက် ပိုမိုများပြားစွာ သယ်ဆောင်မောင်းနှင်နေကြသဖြင့် လမ်းမကြီးတစ်လျှောက် ကျောက်ခဲကျောက်စများ ကျကျန်ရစ်နေပြီး ဖြတ်သန်းမောင်းနှင်သည့် မော်တော်ယာဉ်များ အခက်ကြုံနေခြင်းဖြစ်သည်။

"ကျောက်ကားတွေက ကုန်တင်နိုင်တဲ့အလေးချိန်ထက်လည်း ပိုသယ်နေကြတာကြောင့် ကျောက်တွေဟာ ကားလမ်းမတစ်လျှောက်ပြုတ်ကျကျန်ရစ်နေတာမို့ ကားမောင်းရတာ အာရုံနောက်ပါတယ်။ တချို့ကျောက်ကားတွေဆိုရင် ယာဉ်လိုင်စင်နံပါတ်တောင်မပါပါဘူး။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလည်း နားလည်ကြပုံမရဘူး။ ဒီလမ်းက ကားရှင်းတာမို့ တချို့ကားတွေက Over Speed သုံးကြရင် ဒီလိုကျောက်ခဲတွေကြောင့် ယာဉ်မတော်



တဆ ထိခိုက်မှုကြုံရနိုင်တယ်"ဟု နေ့စဉ်နီးပါး ဖြတ်သန်းသွားလာနေသူတစ်ဦးက ပြောသည်။

ကျောက်ကားများ သတ်မှတ်ဝန်ချိန်ထက်ပိုမိုသယ်ယူနေမှု၊ စည်းကမ်းမဲ့မောင်းနှင်နေမှုများအား အမြန်ဆုံးစိစစ်အရေးယူပေးသင့်ပြီး အများပြည်သူများ ဖြတ်သန်းရာ လမ်းတစ်လျှောက် စနစ်ကျနစွာ သယ်ယူနိုင်စေရန်အတွက် အသိပညာများ ပေးသင့်ကြောင်း ဒေသခံများထံမှ သိရသည်။ **ခင်ရတနာ**

# တာချီလိတ်၌ ဖမ်းဆီးရမိ အေးခဲကြက်သားများအား မီးရှို့ဖျက်ဆီး



**တာချီလိတ် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့မှတစ်ဆင့် ကျိုင်းတုံမြို့သို့ သယ်ယူပို့ဆောင်မည့် ထိုင်းနိုင်ငံထုတ် CP အမှတ်တံဆိပ်ပါ ငွေကျပ် ၁၅ သိန်းကျော်တန်ဖိုးရှိ အေးခဲကြက်သားများကို တာချီလိတ်လှူပ်ရှားအဖွဲ့မှ ဒီဇင်ဘာလပထမပတ်က ဖမ်းဆီးသိမ်းဆည်းရမိပြီး မီးရှို့ဖျက်ဆီးလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်-ကျိုင်းတုံ လမ်းပေါ်ရှိ တာလေတိုးဂိတ်အနီး၌ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေထက်မင်း ဦးစီးသည့် လှုပ်ရှားအဖွဲ့က ရှောင်တခင်စစ်ဆေးရာမှ အေးခဲကြက်သား စုစုပေါင်း ၅၂၄ ကီလိုခန့်ကို သိမ်းဆည်းရမိခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိသည့် ငွေကျပ် ၁၅၇၂၀၀၀ တန်ဖိုးရှိ အေးခဲကြက်သားများကို အကောက်ခွန်ဦးစီးဌာနတွင် အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အဖွဲ့စုံဖြင့် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း**

# ရေကူးနေရာမှ ရေနစ်သေဆုံးမှု မြဝတီ၌ဖြစ်ပွား

**မြဝတီ ဒီဇင်ဘာ ၁၃**

မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ က ရေနစ်သေဆုံးသော ကလေးတစ်ဦး၏အလောင်း ရောက်ရှိနေကြောင်း သတင်းအရ မြဝတီမြို့မရဲစခန်းမှူး ဒုရဲမှူး ကိုကိုနိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာသေဆုံးသူမှာ အ၄မတန်းကျောင်းသား မောင်---- (၁၃ နှစ်)ဖြစ်ပြီး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ ရေနစ်သေဆုံးသည့် လက္ခဏာဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာ သေဆုံးသူမှာ သူငယ်ချင်းဖြစ်သူနှင့်အတူ အမှတ် (၄) ရပ်ကွက် ကျောက်လုံးကြီးဘုန်းကြီးကျောင်း အနောက်ရှိ ရေကူးကန်တွင် အခြားရွယ်တူလူငယ်များဖြင့် ရေကူးနေစဉ် ရေထဲနစ်မြုပ်နေပြီး ပြန်မပေါ်လာတော့ကြောင်း သိရှိရသဖြင့် ရေကူးကန်လုပ်သားများက ဝိုင်းဝန်းဆယ်ယူခဲ့ရကြောင်းနှင့် ဆက်လက်၍ မြဝတီပြည်သူ့ဆေးရုံသို့ ဆက်လက်တင်ပို့ပေးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စုံစမ်းစစ်ဆေးရန်အတွက် မြဝတီမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်းသိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

# ဆိုင်ကယ်တိုက်မိ၍ လူတစ်ဦးသေဆုံး

**သုံးခွ ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ညောင်လေးပင်ကျေးရွာထိပ် ကားလမ်းမပေါ်၌ ဒီဇင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ဆိုင်ကယ်ဖြင့်တိုက်မိ၍ လူတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးအေးကို(၄၃ နှစ်) သုံးခွမြို့နေ ကယ်ရီမောင်းနှင်သူသည် WAHONDA-100 ၁၃ယ/---နက်ပြာရောင် ဆိုင်ကယ်ကို တောင်မှမြောက်ဘက်သို့ မောင်းနှင်လာစဉ် ညောင်လေးပင်ကျေးရွာနှင့်စပါယ်ချောင်ကျေးရွာသို့ သွားသောချောင်းကူးတံတားအနီးအရောက်တွင် မျက်နှာချင်းဆိုင်မှ ခြေကျင်လျှောက်လာသော ဒေါ်ထွေးတင်(၇၃ နှစ်) သုံးခွမြို့နယ်နေသူက လမ်း၏ဝဲဘက်မှ ယာဘက်သို့ ဖြတ်ကူးစဉ် ဝင်ရောက်တိုက်မိသဖြင့် ဒဏ်ရာများရရှိကာ သုံးခွဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ ဆေးကုသရန်ပြင်ဆင်နေချိန်တွင် သေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ ဦးအေးကိုအား သုံးခွမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# မြန်မာနိုင်ငံသား ရေလုပ်သားငါးဦး အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သား ငါးဦးတို့သည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က မလေးရှားလေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ ရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူပြီး ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

"အခုရောက်လာတဲ့သူတွေ တရားဝင်သွားရောက်ခဲ့တဲ့သူတွေ မဟုတ်ပါဘူး။ အင်ဒိုနီးရှားနိုင်ငံမှာ အခက်အခဲတွေကြုံတွေ့နေလို့ သက်ဆိုင်ရာကနေတစ်ဆင့် ပို့ဆောင်ပေးလို့ ပြန်ရောက်လာတာပါ။ လူကုန်ကူခံခဲ့ရခြင်း ရှိ၊ မရှိကိုလည်း ကျွန်တော်တို့က စစ်ဆေးမှုတွေလုပ်မယ်။ ရှိခဲ့ရင်လည်း ဥပဒေအရဆောင်ရွက်သွားမှာပါ"ဟု အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်) ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူး မျိုးသိန်းက ပြောသည်။

ထို့အပြင် ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများတွင် သာကေတမြို့နယ်မှ ကိုဘုန်းမြတ်အောင်က "ထိုင်းကနေတစ်ဆင့် အင်ဒိုကို ၂၀၁၂ ခုနှစ်မှာရောက်သွားခဲ့တယ်။ အင်ဒိုနီးရှား အစိုးရက ငါးဖမ်းခွင့်ပိတ်လိုက်တဲ့ အချိန်ကစပြီး အခက်အခဲတွေ ကြုံခဲ့ရတယ်။



ရှာလို့ရတဲ့ငွေကို ပွဲစားတွေကတစ်ဆင့် အိမ်ကိုပို့ခဲ့တာ အလိမ်ခံခဲ့ရတာတွေကြုံခဲ့ရတယ်။ အခုတော့ သက်ဆိုင်ရာကတော့ ဆောင်ရွက်ပေးလို့ရခဲ့တဲ့ပိုက်ဆံပဲ အဖတ်တင်ပါတယ်။ နောက်နောင်ပြန်သွားဖို့ အစီအစဉ် မရှိတော့ပါဘူး" ဟုပြောသည်။

ထိုသို့ ပြန်လည်ရောက်ရှိလာသူတို့ကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၌ သက်ဆိုင်ရာမှ ခေတ္တနေရာချပေးထားပြီး IOM အနေဖြင့် ၎င်းတို့ကို သက်ဆိုင်ရာနေရပ်များသို့ ပြန်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေသည့်အပြင် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်၍လိုအပ်ပါက ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန် စီစဉ်ထားကြောင်း IOM မှ သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာရေလုပ်သားများကို အဆိုပါနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)တို့၏ အကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာလဆန်းမှ ဒီဇင်ဘာ ၉ ရက် အထိ (၁၁)ကြိမ်မြောက် ပို့ဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ၃၅၀ နေရပ်များသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)**

# စောမွန်လှကျွန်း ဟိုတယ်စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ရှင်းလင်း

**မြိတ် ဒီဇင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ဒီဇင်ဘာ ၁၂ ရက် နံနက်က Saw Mon Hla Island Resort Co.,Ltd က ကျွန်းစုမြို့နယ်အတွင်းရှိ စောမွန်လှကျွန်းတွင် အပန်းဖြေဟိုတယ်စီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်း(EIA) ဆိုင်ရာ အချက်အလက်များ ရှင်းလင်းခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ NGO များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး စောမွန်လှကျွန်း အပန်းဖြေစခန်း ကုမ္ပဏီလီမိတက် စီမံကိန်းဒါရိုက်တာ ဦးသက်စိုးက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် E Guard Environmental Services Company မှ senior consultant ဒေါ်နန်းခမ်းဆိုင်က စီမံကိန်းဧရိယာနှင့် အနီးပတ်ဝန်းကျင်အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIAn) လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



အဆိုပါ စောမွန်လှကျွန်း အပန်းဖြေဟိုတယ်စီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ မှ ၇၅မိုင်အကွာ၊ ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု စောမွန်လှကျွန်းရှိ စီမံကိန်းဧရိယာ ၁၆၆၁ ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ဘန်ဂလိုပုံစံအလုံး၂၀၊ တင်းနစ်ကွင်း၊ ရေကူးကန်၊ ဆိုင်ကလုံးမုန်တိုင်းရှောင် သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် ပေ ၆၀ ဆိပ်ခံတံတားတို့ကို စောမွန်လှကျွန်း အပန်းဖြေစခန်း ကုမ္ပဏီလီမိတက်က ငွေကျပ်သန်း ၄၃၀၃ ခန့်ဖြင့် သုံးနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ စစ်တမ်းကောက်ယူခြင်းလုပ်ငန်း အသိပညာပေးဆွေးနွေး

**ထားဝယ် ဒီဇင်ဘာ ၁၃**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့တွင် လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက် စစ်တမ်းကောက်ယူခြင်းလုပ်ငန်း (MDHS) အသိပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက်က ထားဝယ်မြို့ Diamond Crow Hotel ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင် တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက စစ်တမ်း၏ အဓိက အညွှန်းကိန်းသည် နိုင်ငံအချင်းချင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်းမှာ ဖြစ်ပေါ်နေသည့် ကျန်းမာရေးနှင့် လူနေမှုဘဝဆိုင်ရာ အချက်အလက်များ၊ ကလေးသေနှုန်း၊ မျိုးဆက်ပွားကျန်းမာရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ လိင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါနှင့် အသိပညာအပြင် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များကို သိရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

တနင်္သာရီတိုင်း ဒေသကြီးရှိ မြို့နယ် ၁၀ မြို့နယ်မှ မြို့ပေါ်ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၂၀ စုစုပေါင်း ၂၇ ရပ်ကွက်ကို စံပြုစစ်တမ်း ကောက်ယူမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၄ ရက်မှစ၍ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကံမမြို့တွင် ထရန်စဖော်မာတပ်ဆင်ပြီးစီး၍ ၂၄ နာရီ မီးလင်းပြီ

**ကံမ ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့တွင် ဒီဇင်ဘာ ၁၀ ရက်မှစတင်၍ ဓာတ်အားစနစ်မှတစ်ဆင့် ၂၄ နာရီ လျှပ်စစ်မီးလင်းပြီဖြစ်သည်။ ပန်းတောင်းမြို့နယ် 230/ 66 KV ဥသျှစ်ပင် ဓာတ်အားခွဲရုံမှတစ်ဆင့် 66 KV ဓာတ်အားလိုင်းဖြင့် ကံမမြို့နယ် စီကျေးရွာအနီး 66/11 KV,(5)MVA စီ ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်ပြီး ၁၄ ဒသမ ၃ မိုင်ရှိသော 11 KV ဓာတ်အားလိုင်းဖြင့် ကံမမြို့သို့သွယ်တန်း၍ မြို့ပေါ်ရပ်ကွက်များတွင် 200 KVA ထရန်စဖော်မာ ငါးလုံးတို့ကို တည်ဆောက်တပ်ဆင်လျက် ၂၄ နာရီ လျှပ်စစ်မီးလင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ကံမမြို့သည် ယခင်က ဒီဇယ်ဓာတ်အားပေးစက်ဖြင့် တစ်ညလျှင် နှစ်နာရီသာ လျှပ်စစ်မီးရရှိခဲ့ရာမှ ယခုအခါ ၂၄ နာရီမီးရရှိပြီး ကျေးရွာများပါ လျှပ်စစ်မီးရရှိတော့မည်ဖြစ်သည်။ လျှပ်စစ်မီးရရှိ၍ ထင်းလောင်စာ၊ မီးသွေးလောင်စာအသုံးပြုမှုများ လျော့ကျသွားမည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းသွားမည့်အပြင် ဒေသအတွင်းပြည်သူများ၏ လူမှုစီးပွားဘဝနှင့်စက်မှုကဏ္ဍများ မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



# စစ်ဘေးရှောင်ပြည်သူများကို ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**မူဆယ် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းဒေသ ဟိုပန်ကျေးရွာအနီးတွင် ယခုရက်သတ္တပတ်အတွင်း လက်နက်ကိုင် TNLA နှင့် RCSS အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားရာမှ ဟိုပန်ကျေးရွာပြည်သူများ မိုင်းဝီးကျေးရွာသို့ ပြောင်းရွှေ့ခဲ့သည်။ ခေတ္တစစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က နမ့်ခမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ စစ်ဘေးရှောင်ပြည်သူ ၅၀ ခန့်နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် စည်ပင်သာယာရေးကော်မတီဝင်များ တက်ရောက်ကြသည်။

အဆိုပါစစ်ဘေးရှောင်ပြည်သူ ၂၇၉ ဦးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆန် ၂၃ အိတ်၊ ဆီ ၃၄ ပိဿာ၊ ဆား ပိဿာ ၇၀၊ ကုလားပဲ ပိဿာ ၇၀ တန်ဖိုးငွေကျပ် ၁၀၆၉၄၀၀ နှင့် ခရိုင်စီမံခန့်ခွဲရေးကော်မတီက ဆန် ၁၀ အိတ်နှင့် ငွေကျပ် ငါးသိန်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် ဌာနဆိုင်ရာအလှူရှင်များက ဆန် ၁၀ အိတ်၊ သောက်ရေသန့် ၂၅ ကတ်၊ ခေါက်ဆွဲခြောက် ငါးဖာနှင့် ထောက်ပံ့မှုစုစုပေါင်း တန်ဖိုးငွေကျပ် ၂၃၀၈၄၀၀ ရှိပြီး စစ်ဘေးရှောင်ပြည်သူများကိုယ်စား ကျေးရွာရပ်မိရပ်ဖ ဦးဆိုင်အိုက်နှင့် ကျေးရွာလူငယ်ခေါင်းဆောင် ဦးအိုက်မောင်တို့က လွှဲပြောင်းလက်ခံယူကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

သတင်းတိုများ

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မန်ကန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဒီဇင်ဘာလပထမပတ်က မန်ကန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ အသက် (၁၀)နှစ် ပြည့် တိုင်းရင်းသားကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းအောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအုပ်တက်ထွန်းတို့ တက်ရောက်ပြီး ကျောင်းသား ကျောင်းသူ ၇၆ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

## ကျောင်းပေါင်းစုံ မူးယစ်ဆေးဝါး အသိပညာပေး

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ရမည်းသင်းခရိုင် မူးယစ်အဖွဲ့ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးအသိပညာပေး ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ အမှတ်(၁) အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဌ ဦးဝင်းကိုက အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ခရိုင်စည်းရုံးရေးအဖွဲ့တာဝန်ခံ ဦးဝင်းဟိန်းခန့်က စာစီစာကုံးပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူ ၁၀ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ဝ၁၁)**

## မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေး

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဒေသကြီး (၅) ခုတင် ၅၀ဆံ့ မျက်စိရောဂါအထူးကုဆေးရုံ၌ အကြီးစားခွဲစိတ်မှုနှင့် အသေးစားခွဲစိတ်မှု အတွင်းတိမ်၊ ရေတိမ်မျက်စိရောဂါဝေဒနာရှင် ၈၀ ကျော်ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရေးအတွက် ရန်ကုန်မြို့မှ အလှူရှင် ဦးအောင်မြတ် အလှူငွေကျပ် ၃၅ သိန်းနှင့် စဉ့်ကိုင်မြို့၊ ဦးမြင့်ဆွေ-ဒေါ်ခင်မျိုးဆက်မိသားစုက အလှူငွေကျပ်သုံးသိန်းကို ဒီဇင်ဘာ ၁၁ ရက်က မျက်စိရောဂါအထူးကုဆေးရုံ၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## စလင်း၌ ကျောက်ချောလမ်းခင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဒီဇင်ဘာလပထမပတ်က စလင်းမြို့ ဈေးမရပ်နေ ဆီစက်ပိုင်ရှင်ဒေါ်တင်တင် သားဦးဖိုးသာမိသားစုတို့က တောင်မြို့ရိုးလမ်း အရှည်ပေ ၆၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၀ လက်မခွဲ ကျောက်ချောလမ်းအတွက် ငွေကျပ် ၅၇ သိန်း အကုန်ကျခံကာ ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေး လုပ်ငန်းကော်မတီက လုပ်ငန်းအတွက်လိုအပ်သော ယန္တရားနှင့် စက်သုံးဆီတို့ကို အကုန်အကျခံ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မြစ်သားမြို့နယ်ရှိ ပြက္ခယွေတောင် စိမ်းလန်းစိုပြည်စေလို



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကင်းတားရေလှောင်တမံအနီးရှိ ပြက္ခယွေတောင်သည် ၃၇၃၄ ပေခန့် မြင့်မားပြီး အဆိုပါတောင်နှင့်ဆက်စပ်လျက်ရှိသည့် ရွှေမင်းဝံတောင်၊ မုန်တောင်အစရှိသော တောင်များမှ သဘာဝစိမ့်စမ်းရေများ ထွက်ရှိ နေခြင်းကြောင့် နိုင်ငံခြားသားခရီးသွားများ လာရောက်လေ့လာမှုများရှိ ကြသည်။

ပြက္ခယွေတောင်အောက်ခြေတွင် ကျီတိုင်ကျေးရွာအုပ်စုရှိပြီး ဒေသခံအများစုမှာ တောင်ယာလုပ်ငန်းလုပ်ကိုင်ကြသူများ ဖြစ်သည်။ မိုးစပါး၊ နွေစပါးကိုသာ ဒေသဝမ်းစာအဖြစ် အဓိကစိုက်ပျိုးကြသည်။ ယခုအခါ ဝိသမစီးပွားရေးသမားအချို့ ယင်းကျေးရွာအနီးရှိ တောတောင်များထဲတွင် တရားမဝင် သစ်ခုတ်ရောင်းချမှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို အားကိုးနေရသော ဒေသခံပြည်သူများက ရေမြေတောတောင်များပြုန်းတီးသွားမည်ကို စိုးရိမ်လျက်ရှိသည်။ ရေကြည်ပင်တောင်အနီးတွင် တောင်ကြီးမြို့ သစ်တောဦးစီးဌာနမှ လာရောက်ဖမ်းဆီးသော သစ်တောဖမ်းဆီးရေးဂိတ်ရှိသော်လည်း သစ်ခုတ်ရောင်းချသူများက တမံ (၃)ခေါ် ရေလမ်းမှလာပြီး သစ်ပွဲစားများထံ ရောင်းချကြသဖြင့် တရားမဝင် သစ်ခွဲစက်ပိုင်ရှင်များသာ ချမ်းသာသွားကြကြောင်း ကျေးရွာရှိပြည်သူများက ပြောဆိုနေကြသည်။

ကျီတိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက "ကျွန်တော်တို့လည်း သက်ဆိုင်ရာ တာဝန်ရှိသူတွေကို တင်ပြထားပါတယ်။ အဓိက တရားမဝင်သစ်ထွက်သည့် နေရာအနီးမှာဆိုရင် ရေလမ်းက လှေသမ္မန်များနဲ့ တရားမဝင်သစ်များ သယ်ဆောင်လာပြီး လှေဆိပ်က အသင့်စောင့်နေတဲ့ သစ်ပွဲစားတွေကို ရောင်းချနေတဲ့အတွက် အဲဒီလိုလုပ်ကိုင်သူတွေကို ထိရောက်စွာ အရေးယူဖို့ ညွှန်ကြားစာတွေ ထွက်ရှိထားပါတယ်။ အောက်ခြေက အားနည်းမှုတွေကြောင့် သစ်ခုတ်သူတွေနဲ့ သစ်ပွဲစားတွေက အတင့်ရဲနေတာပါ" ဟု ပြောသည်။ ယခုအခါ ပြက္ခယွေတောင်အစရှိသော တောတောင်များပေါ်တွင် သစ်ခုတ်ရောင်းချသူများ၊ သစ်ပွဲစားများကို အရေးယူဆောင်ရွက်ပေးရန် အဆိုပါ ကျေးလက်ဒေသနေပြည်သူများက လိုလားနေကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# မြိတ်ဒေသရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်စေရေး ဧည့်လမ်းညွှန်သင်တန်းဆင်း

**မြိတ် ဒီဇင်ဘာ ၁၃**

ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှကြီးမှူး၍ ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မြိတ်)ရုံးခွဲက ဒေသဆိုင်ရာ ဧည့်လမ်းညွှန် အခြေခံသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၁ ရက်က ပုလဲသန္တာဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲ၌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ထွေးတို့ တက်ရောက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းတွင် ဧည့်လမ်းညွှန်နှင့်ပတ်သက်သည့် သင်ခန်းစာများကို ဝါရင့်ဧည့်လမ်းညွှန် ၁၇ ဦးတို့က သင်တန်းသား ၇၂ ဦးအား ပို့ချခဲ့ကြောင်း သိရသည်။ သင်တန်းသား ဦးချစ်ထွန်းက ခရီးသွားလုပ်ငန်းကို စိတ်ဝင်စားပြီး မြန်မာပြည်တောင်ဘက်ဖျားရှိ မပျက်စီးသေးသည့် သဘာဝသန္တာကျောက်တန်းများ၊ ဆလုံလူမျိုးများ၏ ဓလေ့ထုံးစံများ၊ မြိတ်-ကျွန်းစု၏ သဘာဝအရင်းအမြစ်ကို ကိုယ်တိုင်သွားရောက် လေ့လာပြီး ကမ္ဘာကသိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောသည်။

မြိတ်ဒေသသည် ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မော်တောင်နယ်စပ်လမ်းမှ ကမ္ဘာလှည့်ခရီးသွား ၁၄၁၁၇ ဦး၊ အခြားလမ်းမှ ၃၂၆၂ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန (မြိတ်)ရုံးခွဲ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

# သာစည်မြို့နယ် သူဌေးကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်

**သာစည် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၏ သူဌေးကုန်းကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိနိုင်ရေးအတွက် စက်ရေတွင်းတစ်တွင်းကို ဩဂုတ်လအတွင်းက တူးဖော်ပေးခဲ့ရာ ယခုအခါ ရေချိုများထွက်ရှိနေသဖြင့် ဒေသခံ ကျေးလက်ပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

သူဌေးကုန်းရွာရှိ လေးလက်မစက်ရေတွင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကျပ် ၉ ဒသမ ၉၅ သန်းဖြင့် တူးဖော်ပေးခဲ့ရာ ယခုအခါ သူဌေးကုန်းကျေးရွာရှိ အိမ်ခြေ ၇၀ မှ လူဦးရေ ၂၅၀ တို့မှာ သုံးစွဲရေကို ရှာဖွေခပ်ယူ သုံးစွဲနေကြရာမှ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်ပေးမှုကြောင့် ရေရှားပါးမှုကင်းဝေးပြီး ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မြန်မာလူငယ်များအား ဂျပန်နိုင်ငံက ကားပြုပြင်နည်း အခမဲ့ပညာသင်ကြားပေးမည်

**စစ်ကိုင်း ဒီဇင်ဘာ ၁၃**

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခဲ့ရာ ယခုအခါတွင်လည်း လူငယ်လူရွယ်များအား အခမဲ့ပညာ သင်ကြားပေးမည့် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ရှိ Dukes International Co.,Ltd. နှင့် Millemiun Auto Service Japan Co., Ltd. တို့ ပူးပေါင်းပြုလုပ်သော Car Service Center ဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ ရတနာပုံတံတားအဆင်း မုံရွာ-မန္တလေးကားလမ်းဘေး၌ ကျင်းပခဲ့သည်။

"ဂျပန်မှ နည်းပညာရှင် Shingo Ayabe က ကြီးကြပ်ပြီး ဂျပန်ဆရာ၊ မြန်မာဆရာတွေနဲ့ ခေတ်မီနည်းပညာပစ္စည်းတွေ အသုံးပြုပြီး မြန်မာလူငယ်လူရွယ်တွေကို သင်ကြား ပို့ချပေးသွားမယ့်အပြင် ထူးချွန်သူသုံးဦးရွေးပြီး ဂျပန်နိုင်ငံကို စေလွှတ်ပညာသင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

"သင်တန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ပြီး စိတ်ပါဝင်စားသူတွေ လျှောက်ထားနိုင်ပါတယ်။ သူတို့အထဲက ငါးဦးသာ လက်ခံသင်ယူခွင့်ရမှာ ဖြစ်ပါတယ်။ ပညာသင်လိုသူများရဲ့ အဓိက လိုအပ်ချက်ကတော့ သင်ယူချင်စိတ်တစ်ခုသာ လိုအပ်တာပါ။ ပညာသင် နေစဉ်ကာလအတွင်း နေထိုင်စားသောက်စရိတ် အခမဲ့အပြင် အခြေခံ လစာ ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ပေးပြီး Level အလိုက် လစာ တိုးမြှင့်ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဒါရိုက်တာ ကိုသူရကျော်က ပြောသည်။

**ကျော်ထူး(မန္တလေး)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ - ၁၂ တွင် ပါရှိသော "ညောင်ဦးမြို့နယ်အတွင်းရှိ ကျွဲနွားများအား ရောဂါသုံးမျိုး ကာကွယ်ဆေးထိုးနှံပေး" သတင်းတွင် ခွာနာလျှာနာကာကွယ်ဆေးတစ်ကောင်ထိုးလျှင် ကျပ် ၂၅၀၀ အစား **ကျပ် ၁၅၀၀** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(မြန်မာ့အလင်း)**

## ပရိမီယာလိဂ်ပွဲစဉ်(၁၆) ရလဒ်

(၁၃-၁၂-၂၀၁၅)

အက်စ်တွန်ဗီလာ ၀ - ၂ အာဆင်နယ်


## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ (S-၉၀)၊ မြေကွက်တည်နေရာ အမှတ် ၇၈၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်ရပ်ကွက် (ဒေါ်လှမြိုင်) အမည်ပေါက် စက္ကူတာမြေအား အမည်ပေါက် ဒေါ်လှမြိုင်(အဘွား)နှင့် ဦးဘိုးချိန်(အဘိုး)တို့တွင် ဦးဝင်းမောင် သားတစ်ဦးတည်းကိုသာ မွေးဖွားကြောင်း ဦးဝင်းမောင် (ဖခင်၊ ယောက္ခမ)၊ ဒေါ်ချစ်သိန်း (မိခင်၊ ယောက္ခမ)၊ ဦးစိုးထွန်း (ညီ၊ မောင်၊ ခင်ပွန်း)တို့ အသီးသီးကွယ်လွန်သဖြင့် (၁) ဦးရဲမြင့် ၁၂/တမန(နိုင်)၀၁၀၁၂၄၊ (၂) ဦးလှမြင့် ၁၂/ဒဂန(နိုင်)၀၁၁၄၆၆၊ (၃) ဒေါ်မြင့်မြင့်ဝင်း ၁၂/တမန (နိုင်)၀၁၀၈၁၆၊ (၄) ဒေါ်ခင်ချိုဝင်း ၁၂/တမန (နိုင်)၀၁၀၄၉၅၊ (၅) ဒေါ်နွဲ့နွဲ့ဝင်း ၁၂/တမန(နိုင်)၀၁၀၂၅၈၊ (၆) ဒေါ်ခင်စန်းမြင့် ၁၂/တမန(နိုင်)၀၆၀၉၀၇တို့က မြေး၊ သား၊ သမီး၊ ချွေးမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများ တင်ပြပြီး ၄င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ ၈၁၉၆/၂၀၁၅ (၂၂-၇-၁၅)နှင့် ၈၁၉၇/၂၀၁၅ရရှိသူ ဦးရဲမြင့် ၁၂/တမန(နိုင်)၀၁၀၁၂၄က ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**သန်းငွေနှင့်ရောင်းရင်းများ ၏ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)**

- အာလိုတော်ပြည့်ဆုတောင်းပွဲ၊ ပုဂံ၊ ပုပ္ပါး၊ ခွယ်တော်လေးဆူ (၄)ရက်။
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း (၄)ရက်။ လွိုင်ကော်ပါ (၅)ရက်။
- မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်(၄)ရက်။ အလောင်းတော်ကဿပပါ(၅)ရက်။
- မန္တလေးမဟာမြတ်မုနိ၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ သီးသန့် (၄)ရက်။
- မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်(၇)ရက်။
- မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ (ကျိုက်ထီးရိုး) (၂/၃)ရက်။
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျော်ရစ်(၆)ရက်။
- ဘားအံဂူ(၅)ဂူ၊ ဇင်းကျိုက်ရေတံခွန်၊ ဇွဲကပင်တောင်(၂)ရက်။

ဓလွန့်၊ နေပြည်တော်၊ ပြည်အကောက်တောင်၊ နဂါးရစ်(နေ့ချင်းပြန်-တနင်္ဂနွေ)

Dec18,24 Jan1,8

အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဇေယျာဝတီ၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အား ရရှိရန်အတွက် ၆၆ကေဗွီ ဓာတ်အားလိုင်း (နှစ်ထပ်လိုင်း)တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၄-၁၂-၂၀၁၅ရက် (တနင်္လာနေ့)

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၂-၁၂-၂၀၁၅ရက် (အင်္ဂါနေ့)

၄။ **တင်ဒါပိတ်မည့်အချိန်** - မွန်းလွဲ ၂နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြအခြေခံအဆောက်အအုံ စီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ် ၄၀၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၆၉၈

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



## SUPER ONE INTERNATIONAL Co., (M)Ltd, A&S INTERNATIONAL Co., Ltd SUPER ACE INTERNATIONAL Co., Ltd ကုမ္ပဏီများ၏ MANAGING DIRECTOR ဒေါ်စန်းစန်းရီနှင့် အများသိရှိစေရန် အထူးသတိပေးကြေညာချက်

အထက်ပါ SUPER ONE , A&S ကုမ္ပဏီများ၏ ဥက္ကဋ္ဌ၊ SUPER ACE ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ကျွန်ုပ်ဦးအောင်နိုင်သူ(နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်-၁၂/ဗတထ(နိုင်)၀၃၀၄၀၇) (G/RGN 006252) မသိရှိဘဲ၊ ခွင့်ပြုချက်မရှိဘဲ၊ ကုမ္ပဏီပိုင်ငွေများဖြင့် ဝယ်ယူထားသည့် ကုမ္ပဏီအမည်ပေါက်နှင့် လူပုဂ္ဂိုလ်အမည်ပေါက်သည့် တိုက်တာအဆောက်အအုံများ၊ တိုက်ခန်းများ၊ အိမ်များ၊ ခြံများ၊ မြေများ၊ စက်ရုံများ၊ သိုလှောင်ရုံများ၊ စက်မှုဇုန်မြေများ၊ စိုက်ပျိုးမြေများ၊ မော်တော်ယာဉ်များ စသည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ မေတ္တာဖြင့် အပိုင်ပေးခြင်း၊ လုပ်ငန်းစပ်တူလုပ်ရန်အတွက် အသုံးပြုခြင်းများ၊ အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်သို့ ပစ္စည်းအပေါင်ပေး၍ ငွေချေးခြင်းများ၊ အမည်နာမလွှဲပြောင်းခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ထိုကဲ့သို့ဆောင်ရွက်ပါက ဆောင်ရွက်သူနှင့် လက်ခံသူ၊ ဝယ်ယူသူ၊ ပြုလုပ်သူတို့သည် မိမိတို့၏ တာဝန်သာဖြစ်လိမ့်မည်ဖြစ်ကြောင်း တားမြစ်ထားပါကြောင်း အထူးသတိပေးကြေညာလိုက်သည်။

**ဦးအောင်နိုင်သူ(ဥက္ကဋ္ဌ)**
**(နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/ဗတထ(နိုင်)၀၃၀၄၀၇)**
**အမှတ်-၈၆၊ ၁၂၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

# နေအိမ်တွင်းမှရွှေထည်ပစ္စည်းနှင့်ငွေများ ခိုးယူမှုဖြစ်ပွား

**မကွေး ဒီဇင်ဘာ ၁၃**

မကွေးမြို့ ပြည်တော်သာရပ်ကွက်ရှိ အိမ်တစ်အိမ်မှ ရွှေထည်ပစ္စည်း ငွေကျပ် သိန်း ၄၀ ကျော်ဖိုး ခိုးခံရမှုနှင့်ပတ်သက်၍တိုင်တန်းခဲ့မှု ဒီဇင်ဘာ ၁၂ ရက်ကဖြစ်ပွားခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက်က မဇင်သီမာစန်း(၃၆နှစ်) အောင်မြန်မာ သံသေတ္တာလုပ်ငန်း ပြည်တော်သာရပ်ကွက် မကွေးမြို့နေသူသည် ၄င်းပိုင် ရွှေရည်အလေးချိန် ခြောက်ကျပ်သားရှိ ကြိုးလိမ်နဂါးချောင်းနှစ်ချောင်းပါသော ရွှေလက်ကောက်တစ်ကွင်း၊ လက်စွပ်တစ်ကွင်း၊ ပလက်တီနံမောင်းကွင်း၊ လက်စွပ်တစ်ကွင်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၉၅၀၀၀၀ ခန့်ကို နေအိမ်အောက်ထပ်ရှိ ဗီရိုထဲတွင် သိမ်းဆည်းထားရှိခဲ့ပြီးနောက် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ရွှေထည်ပစ္စည်းများကို ဝတ်ဆင်ရန်ကြည့်ရာ မတွေ့ရှိတော့ဘဲ ပျောက်ဆုံးနေကြောင်း သိရသည်။

ရွှေထည်ပစ္စည်းများခိုးယူသူကို စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် မဇင်သီမာစန်းက ဒီဇင်ဘာ ၁၂ ရက်၌ တိုင်တန်းသဖြင့် မကွေးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**



# စိတ်ကြွရူးသွပ်ဆေးပြားများ မိုးမောက်မြို့၌ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မိုးမောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက်က မိုးမောက်မြို့ ကြေးနန်းရပ်ကွက် အမှတ်(ကန-၆၃) နေ ဆင်းတဲ့၏ နေအိမ်ကိုရှာဖွေရာ ၄င်းနှင့်အတူ သမီးဖြစ်သူ မလင့်တီ၊ မူးယစ်ဆေးသုံးစွဲရန်ရောက်ရှိနေသူ သန့်ဇင်ဦး၊ မိုင်းညီလင်း၊ ဝင်းမြင့်မြတ်တို့ငါးဦးအားတွေ့ရှိပြီး ဘိန်းဖြူ ၀ ဒသမ ၀၀၂၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေး ၁၄၉၅ ပြားတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

၄င်းတို့ငါးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြေပဲဆီအမည်ခံ စားအုန်းဆီနှင့် ဆီအရောများ အသိပေးကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ စားသုံးဆီအမှတ်တံဆိပ်များမှာ မြေပဲဆီဟု ဖော်ပြထားပြီး မြေပဲဆီအစစ်မဟုတ်ဘဲ **စားအုန်းဆီနှင့် အခြားစားသုံးဆီအရောများ**ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှတ်တံဆိပ်ပါ ဖော်ပြချက်နှင့်ကိုက်ညီမှုမရှိသည့် စံမညီစားသုံးဆီများဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

အဆိုပါ အမှတ်တံဆိပ်ဖြင့် မြေပဲဆီထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့် အဆိုပါစံမညီ စားသုံးဆီများအား ဈေးကွက်မှ အမြန်ဆုံးပြန်လည်ရုပ်သိမ်းသွားရန်နှင့် ဆက်လက်ထုတ်လုပ်ရောင်းချကြောင်း စိစစ်တွေ့ရှိရပါက အမျိုးသား အစားအသောက် ဥပဒေပုဒ်မ ၂၈(ခ)အရ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

လုပ်သားပြည်သူများ၏ နေ့စဉ်မရှိမဖြစ်စားသုံးဆီများသည် သတ်မှတ်စံနှုန်းများနှင့် ညီညွတ်စေရန်အတွက် ဈေးကွက်များရှိ စားသုံးဆီများအား ဆက်လက်စစ်ဆေးဖော်ထုတ် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ**

| စဉ် | အမှတ်တံဆိပ် | အစားအသောက် အမျိုးအစား ဖော်ပြချက် | ထုတ်လုပ်သည့် လုပ်ငန်းအမည်နှင့် လိပ်စာ | စိစစ်တွေ့ရှိချက် |
|---|---|---|---|---|
| ၁။ | တော်ဝင်နဒီ | Peanut Oil | အမှတ်(၉၀၀)၊ ဗိုလ်ချုပ်လမ်းမကြီး၊ အဆင့်မြင့်(၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | **စားအုန်းဆီဖြစ်ပါသည်** |
| ၂။ | Lucky | မြေပဲဆီ | ဖော်ပြမထားပါ။ | **စားအုန်းဆီဖြစ်ပါသည်။** |
| ၃။ | SS | မြေပဲဆီ | ဖော်ပြမထားပါ။ | **စားအုန်းဆီဖြစ်ပါသည်။** |
| ၄။ | ရွှေမိုး | မြေပဲဆီ | ဖော်ပြမထားပါ။ | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၅။ | စိန်သရဖူ | မြေပဲဆီသန့် | ချိုသစ္စာကုမ္ပဏီလီမိတက်၅၂/၅၅ မေဖလားဝါးလမ်း၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၆။ | Family | မြေပဲဆီသန့် | အမှတ်-၅၂၀, အဝေရာလမ်း၊ နံ့သာကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၇။ | စံထိပ်တန်း | မြေပဲဆီ | ဖော်ပြမထားပါ။ | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၈။ | ရွှေစင် | မြေပဲဆီ | ဖော်ပြမထားပါ။ | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၉။ | ညွှန့်ငွေး | မြေပဲဆီသန့် | အမှတ်(၁၂)၊ ၂၇×၂၈လမ်း၊ ၈၇လမ်း၊ မန္တလေးမြို့။ | **စားသုံးဆီအရောဖြစ်ပါသည်** |
| ၁၀။ | ရွှေကမ္ဘာ | အဆင့်မြင့် ပဲဆီသန့် | ဖော်ပြမထားပါ။ | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၁၁။ | စိန်တောင်တန်း | မြေပဲဆီသန့် | တံခွန်တိုင်ဘုတာအနီး၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၁၂။ | အိုကေစီ/OKC | မြေပဲဆီသန့် | Super Power Food Production, East Dagon, Yangon | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၁၃။ | Quality | 100% Pure Groundnut Oil | A Quality Product of Myat Distribution Group | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၁၄။ | ရွှေတောင် | ပဲဆီသန့် | အမှတ်(၈၅)၊ ၈၅ လမ်း၊ ၃၁×၃၂ ကြား၊ မလွန်ရပ်၊ မန္တလေးမြို့။ | **စားသုံးဆီအရောဖြစ်ပါသည်** |
| ၁၅။ | ကောင်းထက်ကျော် | ပဲဆီ | စက်ရုံ-၃၂ × ၃၃ ကြား၊ ၈၉×၉၀ ကြား၊ ဒေးဝန်းလမ်းမကြီး၊ မန္တလေးမြို့။ | **စားသုံးဆီအရောဖြစ်ပါသည်** |
| ၁၆။ | ကောင်းကြိုက် | ပဲဆီသန့် | ဖော်ပြမထားပါ။ | **စားသုံးဆီအရောဖြစ်ပါသည်။** |
| ၁၇။ | အင်းဝ | ပဲဆီသန့် | အမှတ်(၈၅)၊ ၈၅ လမ်း၊ ၃၁ × ၃၂ ကြား၊ မလွန်ရပ်၊ မန္တလေးမြို့။ | **စားသုံးဆီအရောဖြစ်ပါသည်** |
| ၁၈။ | အေးမြတ်မွန် | ပဲဆီသန့် | (၈၅)လမ်း၊ ၃၀ × ၃၁ လမ်းကြား၊ မန္တလေးမြို့။ | **စားသုံးဆီအရောဖြစ်ပါသည်။** |

**ကျန်းမာရေးဝန်ကြီးဌာန**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်အုတ်စက်ရုံ၏ အုတ်စိမ်း စက်ပိုင်းဆိုင်ရာ၊ မီးသင်းဖိုပိုင်းဆိုင်ရာ၊ ကျောက်မီးသွေးပိုင်းဆိုင်ရာနှင့် အုတ်ထုတ်လုပ်မှုအတွက် လိုအပ်သောစက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အုတ်စိမ်းစက်ပိုင်းဆိုင်ရာ
- (၁) Knife Crusher (မြေခွဲစက်)(၁)လုံး
- (၂) လက်ရှိအုတ်ညှစ်စက်၏ Mixing Blade Housing (၂၂)စုံ၊ Barrel Liner(I, II, III, IV)(၁)စုံ၊ Taper Liner (၁)စုံ
- (၃) လက်ရှိအလိုအလျောက်အုတ်ကောက်စက်၏ Loading Table Chain, Chain Flat(၂၁၂)ခု၊ Roller Chain (၄)စုံ
- (၄) လက်ရှိအုတ်ညှစ်စက် Gear Box ပိုင်း Gear(၁၀)လုံး၊ Pinion (၄)လုံး
- (၅) လက်ရှိအုတ်စိမ်းစက်ပိုင်းဆိုင်ရာ Conveyor Line (၁၃)လိုင်း၏ မူလပုံစံအား ပုံစံသစ်ဖြင့် အစားထိုးပြုပြင်ခြင်း
- (၆) မြေနယ်စက်နှင့်မြေရောမွှေစက်၏ Right Augur (4)Nos, Left Augur(4)Nos.

(ခ) မီးသင်းဖိုနှင့်ကျောက်မီးသွေးပိုင်း Burner Point(4)Points တပ်ဆင်ခြင်းနှင့် Burner Point (20)Points အတွင်းသို့ လေပေးစနစ်အား Auto စနစ်ရရှိရေးဆောင်ရွက်ခြင်း။

(ဂ) လက်ရှိကျောက်မီးသွေးကြိတ်စက်၏ Roller (4)Nos, Ring(1)No.

(ဃ) အုတ်တင်တွဲများ ရွှေ့ပြောင်းရန် (Transfer Car) ၂စီး

(င) အုတ်ကျက်တွဲပေါ်ရှိ ဖုန်မှုန့်များအား သန့်စင်ရန် Steel Structure, Blower နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း။

(စ) ကျောက်မီးသွေးကျွေးစက် Coal Box Feeder ရွှေ့ပြောင်း တပ်ဆင်ခြင်းနှင့် ကျောက်မီးသွေးကျွေးသည့် Screw Conveyor လိုင်းထပ်မံ တပ်ဆင်ခြင်း။

၂။ (က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၄-၁၂-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၄-၁၂-၂၀၁၅ ရက်
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၀၄၂၉၆၊ ၀၉-၃၁၀၂၀၂၀၆

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူများနှင့် အင်္ဂလိပ်စာထူးချွန်လိုသူများအတွက်
ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 14 Dec
9 - 12:00 (Sat + Sun) 20 Dec
10 - 11:30 (Mon ~ Thurs) 21 Dec
7:30 - 9 (Mon ~ Thurs) 28 Dec
1 - 2:30 (Mon ~ Thurs) 28 Dec

BASIC FOUR SKILLS ENGLISH
6 - 7:30 (Mon ~ Thurs) 7 Dec
7:30-10:30 (Sat + Sun) 12 Dec
7:30 - 9 (Mon ~ Thurs) 14 Dec
10-11:30 (Mon ~ Thurs) 14,28 Dec
1 - 4:00 (Sat + Sun) 26 Dec
3:30 - 5 (Mon ~ Thurs) 28 Dec

BASIC GRAMMAR
10-11:30 (Mon ~ Thurs) 21 Dec

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 7 Dec
10-11:30 (Mon ~ Thurs) 14 Dec
1 - 2:30 (Mon ~ Thurs) 28 Dec

INTERMEDIATE (ACADEMIC ENGLISH)
9 - 12:00 (Sat + Sun) 13 Dec
3:30 - 5 (Mon ~ Thurs) 14 Dec
7:30 - 9 (Mon ~ Thurs) 28 Dec

VOCAB ENRICHMENT
3:30 - 5 (Mon ~ Thurs) 28 Dec
10-11:30 (Mon ~ Thurs) 11 Jan

BASIC WRITING
10-11:30 (Mon ~ Thurs) 28 Dec

INTEMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 28 Dec

BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 14 Dec
1 - 2:30 (Mon ~ Thurs) 21 Dec
10-11:30 (Mon ~ Thurs) 28 Dec

PRE-INTERMEDIATE (4-SKILL ENGLISH)
4:30-7:30 (Sat + Sun) 26 Dec
7:30-10:30 (Sat + Sun) 2 Jan
10-11:30 (Mon ~ Thurs) 11 Jan

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 14 Dec
10-11:30 (Mon ~ Thurs) 21 Dec
6 - 7:30 (Mon ~ Thurs) 21 Dec
1 - 2:30 (Mon ~ Thurs) 28 Dec

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 7 Dec

IELTS (Preparation)
1 - 4:30 (Sat + Sun) 2 Jan

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 21 Dec
7:30-10:30 (Sat + Sun) 9 Jan

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 28 Dec

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 30 Nov

IELTS (Grammar)
10-11:30 (Mon ~ Thurs) 25 Jan


**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်ချယ်ရီလှအောင် ၁၂/လမန(နိုင်)၁၄၇၄၅၃၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၁၇၆၄၀၄**

**"အများပြည်သူသိစေရန်ကြေငြာချက်"**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက် ၂၅/၉၊ မြေတိုင်း သကမ - ၄၊ မြေကွက်အမှတ် - ၆၄ (ခ)၊ (၂၃'×၆၀')၊ ဒေါ်ဥမ္မာအောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက် ပေါ်ရှိ အဆောက်အဦးပါဝင်တို့ကို ရောင်းပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုပါက တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကြည်စွမ် (ထားဝယ်) LL.B တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၄၈၄)
၂/၂၂၄၊ မင်းရဲကျော်စွာ (၈)လမ်း၊ (၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်
ဖုန်း ၀၉ ၄၅၀ ၉၃၄၄၈၇

# မိုးညှင်းမြို့၌ ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပ



**မိုးညှင်း ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၂ရက်တွင် ကျရောက်သော ရှမ်းခုနှစ် ၂၁၁၀ နတ်တော်လဆန်း ၁ ရက်တွင် ရှမ်းအမျိုးသားများ ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ရှမ်းစာပေဗုဒ္ဓယဉ်ကျေးမှုဆုပေးပွဲကို ကချင်ပြည်နယ် မိုးညှင်းမြို့ထီးလင်းသာသနာ့ဗိမာန် အောင်မင်္ဂလာဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှမ်းအမျိုးသားများယဉ်ကျေးမှုအဖွဲ့များက ရိုးရာအိုးစည်ဗုံမောင်း အတီးအကများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲပြီး အခမ်းအနားကို ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ထီးလင်းကျောင်းတိုက်ဆရာတော်နှင့် တွဲဖက်ဆရာတော်က နှစ်သစ်ကူးမင်္ဂလာ နှစ်သစ်ဆုတောင်းမေတ္တာ ပို့သသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က လူမျိုးဘာသာမရွေး ယဉ်ကျေးမှုများကို ထိန်းသိမ်း စောင့်ရှောက်ရေး ပြောကြားသည်။

ထို့နောက် နေ့ရာသီတွင် နယ်မြေဒေသကျေးရွာများ၌ ဖွင့်လှစ်ခဲ့သော ရှမ်းစာပေဗုဒ္ဓယဉ်ကျေးမှု သင်တန်းမှ (ပ-ဒု-တ) အထူးအောင်နှင့် ရိုးရိုးအောင် စုစုပေါင်း ၈၀ ကျော်တို့ကို ဂုဏ်ပြုဆုလက်မှတ်နှင့် ဆုပစ္စည်းကို ကော်မတီတာဝန်ရှိသူတို့က ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**မိုးအောင်-ကချင်မြေ**

# မြန်မာ-ထိုင်း-မက္ကဆီကိုနှင့် ကော့စတာရီကာ နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး H&S Group နှင့် စွမ်းကေကေတို့ ပူးပေါင်းစီစဉ်သော မြန်မာ-ထိုင်း-မက္ကဆီကိုနှင့် ကော့စတာရီကာ နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဒီဇင်ဘာ ၁၁ ရက် ည ၇ နာရီက မန္တလေးချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ဂရင်းမြက်ခင်းပြင်၌ ကျင်းပခဲ့ရာ သုံးချီ ပွဲစဉ် နှစ်ပွဲ၊ လေးချီပွဲစဉ်သုံးပွဲနှင့် ငါးချီစိန်ခေါ်ပွဲ ငါးပွဲ စုစုပေါင်း ၁၀ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ သုံးပွဲသာအနိုင်အရှုံးပေါ်ပြီး ခုနစ်ပွဲကအရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

သုံးချီပွဲစဉ်တွင် အောင်ကျော်စိုး(ဒို့ရိုးရာ)က တစ်ကောင်ဘွား(မတ္တရာ)ကို ဒုတိယအချီတွင် အနိုင်ရရှိပြီး သူရထိပ်(စွမ်းကေကေ)နှင့် အောင်နေဦး(ဒို့ရိုးရာ)တို့ပွဲစဉ်တွင် သရေကျခဲ့သည်။

လေးချီစိန်ခေါ်ပွဲတွင် စောထူးအောင်(ဒို့ရိုးရာ)နှင့် စွမ်းထက်နိုင် (စွမ်းကေကေ)၊ ကိုကိုအောင်(ထွန်းသွင်)နှင့် ကျန်ကျောင်း(စွမ်းကေကေ)တို့ ပွဲစဉ်တွင် ရေကုန်ရေခန်း ထိုးသတ်ခဲ့သော်လည်း သရေကျခဲ့သည်။ မင်းထက်အောင်(ဒို့ရိုးရာ)က ဇော်ချစ်အောင် (စွမ်းကေကေ)ကို စတုတ္ထအချီတွင် အလဲထိုး အနိုင်ရခဲ့သည်။

ငါးချီစိန်ခေါ်ပွဲတွင် စောဒါဝိတ်(တောင်ကလေး)နှင့် နေနေ(စွမ်းကေကေ)တို့ သရေကျခဲ့သည်။ ရဲသွေးနီ(မြန်မာ)နှင့် တာဝီဂျစ်(ထိုင်း)ပွဲစဉ်တွင် ရဲသွေးနီက အသာစီးဖြင့် ပွဲစဉ်တစ်လျှောက်လုံး ထိုးသတ်နိုင်ခဲ့သော်လည်း အနိုင်မပေါ်ဘဲ သရေကျခဲ့သည်။

ဗိုလ်စိုးအောင်(မြန်မာ)နှင့် ဂျွန်နသန်(ကော့စတာရီကာ)တို့ ပွဲစဉ်တွင် ပထမအချီအစပိုင်း၌ ဗိုလ်စိုးအောင်က တိုက်စစ်ဆင်ကစားနိုင်ခဲ့သော်လည်း ဂျွန်နသန်၏ ထောက်လက်သီးကို မရှောင်နိုင်သဖြင့် နှစ်မိနစ်အနားတောင်းခဲ့ရသည်။ နောက်ပိုင်းအချီများတွင် ဗိုလ်စိုးအောင်က ခေါင်းတိုက်ချက်ကို အားကိုးတကြီးဖြင့် တိုက်စစ်ဆင်သော်လည်း မထိရောက်ဘဲ စတုတ္ထအချီတွင် ဂျွန်နသန်၏ ပတ်တံတောင်မိခဲ့သဖြင့် မထနိုင်တော့ဘဲ အရှုံးပေးခဲ့ရသည်။

ထက်အောင်ဦး(မြန်မာ)နှင့် ရီကာဒို(မက္ကဆီကို)တို့ပွဲစဉ်တွင် ရီကာဒိုက အသာစီးဖြင့် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သော်လည်း ထက်အောင်ဦးက အလူးအလဲ ခုခံကာကွယ်နိုင်ခဲ့သဖြင့် အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

စိုးလင်းဦး(မြန်မာ)နှင့် ဖက်ဆိုင်းစံ(ထိုင်း)တို့ပွဲစဉ်တွင် စိုးလင်းဦးက အသာစီးဖြင့် တိုက်စစ်ဆင်ကစားနိုင်ပြီး ဖက်ဆိုင်းစံ၏ ဘယ်ညာကန်ချက်များကို ကာကွယ်နိုင်ခဲ့သည်။ ပထမအချီတွင် စိုးလင်းဦး၏ ဝိုက်လက်သီးကြောင့် ဖက်ဆိုင်းစံ နှစ်မိနစ်အနားတောင်းခဲ့ရသည်။ တတိယအချီတွင် စိုးလင်းဦး၏ ထောက်လက်သီးကို မကာကွယ်နိုင်သဖြင့် အရှုံးပေးခဲ့ရသည်။

"ပွဲစဉ်တွေက သရေပွဲစဉ်တွေများပေမယ့် အကြိတ်အနယ်ရှိတာကြောင့် ပရိသတ်တွေသဘောကျခဲ့ပါတယ်။ နိုင်ငံခြားသားတွေက သက်လုံ၊ ခံနိုင်ရည်သာမက ထိုးလုံးထိုးပေါက်တွေက အဆင့်မီပါတယ်။ ဂျွန်နသန်နဲ့ ရီကာဒိုတို့က မြန်မာလက်ဝှေ့ကျော်များထက် အရပ်အမောင်း၊ ကိုယ်အလေးချိန်တွေသာလို့ အသာစီးနဲ့ထိုးသတ်နိုင်ခဲ့ပါတယ်။ ပြည်တွင်းပွဲစဉ်တွေကလည်း အကြိတ်အနယ်ရှိခဲ့ပါတယ်"ဟု ဒေသခံလက်ဝှေ့ဝါသနာရှင်တစ်ဦးက ပြောကြားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရန်ကုန် ဗိုဓိတဒါနသံဃာ့ဆေးရုံကြီး အလှူမင်္ဂလာဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဗိုဓိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် အလှူမင်္ဂလာဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလှူမင်္ဂလာဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီမှ စတင်ရောင်းချမည်ဖြစ်ပြီး ညနေ ၄ နာရီခွဲတွင် ဗိုဓိတဒါန "ရတုပိုဒ်စုံ"ဖြင့် အခမ်းအနားဖွင့်လှစ်မည်ဖြစ်ပြီး ညပိုင်းတွင် အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေခြင်းများနှင့်အတူ စားသောက်ဖွယ် မျိုးစုံရောင်းချမည့် ဈေးဆိုင်များ၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးအရောင်းဆိုင်များ၊ လက်ဆောင်ပစ္စည်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ပျော်ရွှင်စရာကစားနည်းများ ပါဝင်ဆင်နွှဲခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ အလှူဒါနပြုရင်း ပျော်ရွှင်နိုင်ကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

**အချပ်ပို ရှစ်မျက်နှာ ပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၁၅ ရွေးကောက်ပွဲ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲ ရရှိမှု အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။**


## အမည်ပြောင်း

ဦးကျန်းဟိန်ကျုံး၏သမီး ကွတ်ခိုင်မြို့၊ အလက (၃)၊ ပဥ္စမတန်း (A)မှ မစုမြတ်မွန်အား အိမ်ထောင်စုစာရင်းအရ မမြတ်စုမွန်ဟု ပြောင်းလဲခေါ်ပါရန်။

**မမြတ်စုမွန်**

## အမည်ပြောင်း

ဦးစိန်မြင့်၏သား ကွတ်ခိုင်မြို့၊ အလက (၃)၊ ပဥ္စမတန်း (B)မှ မောင်ဆိုင်းသူအောင်အား အိမ်ထောင်စုစာရင်းအရ မောင်ဆန်းသူအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဆန်းသူအောင်**

## ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ ပီတိမြေကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်း (B)မှ မခေါန်လွမ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဘရန်နန်ဖြစ်ပါကြောင်း။

**ဦးဘရန်နန်**

## ပျောက်ဆုံး

ကျွန်တော်မောင်ဖြိုးဝေထွန်း ၉/ဝတန(နိုင်)၂၀၇၈၅၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၆၃၄၃၃၀**

**ပျောက်ဆုံး**

ကျွန်တော် မောင်ပြည့်ဖြိုးအောင် ၁၂/ခရန(နိုင်)၁၁၈၈၀၂၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၈၈၀၁၇၄**

**ရွှေထူးလွင်** ကျိုက်ထီးရိုး၊ချောင်းသာ၊စားတည်းငြိမ်း -၂၅၀၀၀/-

ကာလေး၊တမူး၊မိုးလေး ၊ရှိဒ်ရေကန်၊ ဟားခါး (၉) ရက်

(ပုဂံ၊ပုပ္ပါး)(ရွှယ်တော်လေးဆူ(၄)ရက်ခရီး)၊ တောင်ကြီး၊အင်းလေး၊ပင်းတယ(၄)ရက်၊(လွိုင်ကော်(၅)ရက်) (မန္တလေး၊ကျောက်စိမ်း၊ဘုရား၊ပြင်ဦးလွင်၊မုံရွာ(၅)ရက်)၊ မိုးကုတ်ပါ(၇)ရက်၊အားလုံးပါ (၁၀၊၁၂)ရက်) (ရခိုင်၊ မြောက်ဦး၊ ဇစ်တွေ၊ ပေလီ)(ထားဝယ်ရှင် ကိုးလှ၊မောင်းမကန်၊ မျှော်ရစ်ပြီတ်) (ကန်သူနာပုရိ)(လားရှိုး၊မူဆယ်၊ရွှေလီ)၊ (ကျိုက်ထီးရိုး ကျိုက်မီးစက်စဲလဲဆံတော်ရှင်) (ပြည်၊အကောက်တောင်)(နဂါးရုပ်တောင်)၊ငွေဆောင်၊ (ကားစီးလုံး၊ငှားသည်) အိမ်အရောက်ပို့ /ကြို

အမှတ်(၄၄၄/၁)၊မြေညီထပ်၊ရွှေဘုံသာလမ်း၊ Ph:09 450044494,09450044496, 377921

**ဒေါ်မော်မော်**

B.Sc (Phy)Q, D.A (Myan), D.A (L.C.C.I) UK, DMAc, DFAc

**L.C.C.I Level 1,2,3 & Computerised Accounting**

**June Series** အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

09-73205079, 09-254215033
09-799564703, 09-974072330

၁၀၈(၃-ထပ်)၊၃၇-လမ်း၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား။


## မြဝတီရပ်မြင်သံကြားအမှတ်စဉ်(၁)၏ (၂၂)နှစ်ပြည့်တွေ့ဆုံပွဲအခမ်းအနား

မြဝတီရုပ်မြင်သံကြား အမှတ်စဉ်(၁)မှ သင်တန်းသား၊ သင်တန်းသူများ၏ ဂါရဝပြုတွေ့ဆုံပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာများနှင့် သူငယ်ချင်းများအားလုံး တက်ရောက်ချီးမြှင့်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၆-၁၂-၂၀၁၅ ရက်(စနေနေ့)
**အချိန်** - မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ
**နေရာ** - M3 Food Center(Diamond Hall)

**ဆက်သွယ်ရန်-**
**မင်းရာဇာ** ဖုန်း-၀၉-၅၀၅၃၇၅၉
**မြင့်မြင့်ကြည်** ဖုန်း-၀၉-၅၀၆၅၉၄၀
**ခင်ဝါဝါမြင့်** ဖုန်း-၀၉-၅၁၇၃၇၅၆


**ကုရုဏာစင်တာ**

ပညာ၊ကျန်းမာ၊ထောက်ပံ့စောင့်ရှောက်မှုပညာဒါန၊ဇီဝိတဒါနအလှူငွေပါဝင်လှူဒါန်းနိုင်

**"ဆင်းရဲနေရာ၊ ရွေးချယ်ကာ လှူပါ နိုးဆော်ရ"**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းတိုက် ဆရာတော်အရှင်တိက္ခ ဦးဆောင်သော ကရုဏာစင်တာမှ ၂၀၀၇ ခုနှစ်ကစ၍ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ အလှူငွေရရှိမှုနည်းပါးသောကြောင့် အထက်တန်းကျောင်းများမှ (၁၀)တန်းကျောင်းသူ/သား (၄၁)ယောက်၊ တက္ကသိုလ်ကျောင်းသူ/သား (၂၅)ယောက်တို့နှင့် တောင်စွန်း၊ ဘီးလင်းပြည်သူ့ဆေးရုံတို့၌ ဆင်းရဲလူနာများကို လူဦးရေ၊ ငွေကြေး သတ်မှတ်ကာ လစဉ်ထောက်ပံ့စောင့်ရှောက်လျက်ရှိပါသည်။ ပညာရေးပဒေသာပင်တစ်ပင် (၁၀၀၀၀) ကျပ်၊ ဆေးပဒေသာပင် (၂၀၀၀၀) ကျပ် စသည်ဖြင့် အချိန်အခါမရွေး ကုသိုလ်ပါဝင် စိုက်ထူလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။ (၁) ဦးဆောင်ဆရာတော် - ၀၉၈၆၂၆၉၉၈၊ (၂) မင်းလှမွေရိပ်သာကျောင်း၊ (ဗဟန်းဈေးအနီး) ဖုန်း-၀၉၄၃၁၁၆၅၈၀၊ ၀၉၄၅၀၀၆၂၅၄ (၃) ကေဇာဝင်း-ပုံနှိပ်တိုက်၊(စိန်ပေါလ်မှတ်တိုင်အနီး)ဖုန်း-၃၉၈၄၄၀၊(၄)ကမ္ဘောဇဘဏ်၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ အရှင်တိက္ခ(Account No. ၀၀၇၃၀၁၀၀၇၀၂၄၉၈၂၀၁)



**GPS Car Tracker Fuel Watch**

ယာဉ်လမ်းကြောင်းကို Website ပေါ်မှ စောင့်ကြည့်စနစ်

GSM ဖုန်းလိုင်းမမိသော အခြေအနေ၌ Memory တွင် သိမ်းပေးပြီး Internet ပေါ်ကို စုပြီးတင်ပေးသည့်အတွက် နယ်ဖက်သွားသော ကားများအတွက် အသုံးဝင်ပါသည်။

အသုံးပြုရန်လည်း လွယ်ကူပါသည်။ ဖုန်းခေါ်လိုက်ရုံနှင့် SMS မှ တစ်ဆင့် ယာဉ်တည်နေရာ ပြန်ဝင်လာမည်။ ၎င်းကို Offline Map နှင့် သင်၏ Smart ဖုန်းမှ ပြန်ကြည့်ရမည်။ ပြန်ကြည့်ရာတွင် Internet မရှိလည်း မြေပုံဖော်ပြမည်။




GIS Tracking in Myanmar Since 2003

Our Clients

MPT SKYNET Shwe Than Lwin MDG Unilever UMG SamPar Oo SUPER Diamond Star Co., Ltd. Elite Tech KBZ Bank

ချက်ချင်းခေါ်၊ ချက်ချင်းကြည့်
GPS Tracker with Solar Powerbank +
ဖုန်း SIM Card နှင့် Phone Bill ပါအပြီး ၇၀၀၀၀/- သာ

ဓါတ်ဆီ၊ ဒီဇယ်ကို (နေရာမရွေးတစ်ကမ္ဘာလုံး) ရုံးမှထိုင်ကြည့်နိုင်သည့် စက်ရပြီ။

165, 35th Street , KTDA Tsp, Yangon, Myanmar. Tel: 20 40 20, 245 230, 700 541, 09 50 30 177
dpsmap@gmail.com facebook.com/DPSMyanmar www.dpsmap.com

# ကျွန်တော်နဲ့ ဂျာမနီ



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

တလောက ဖိတ်စာတစ်စောင်ရခဲ့တယ်။ ကျွန်တော့်ကို ဖွင့်ပွဲညစာစားပွဲမှာ မိန့်ခွန်းပေးဖို့ရယ်၊ နောက်တစ်နေ့မှာ စာတမ်းတစ်စောင်ဖတ်ဖို့ရယ်။ ဖိတ်ကြားတဲ့သူက ပါမောက္ခဒေါက်တာဝင်းမောင်နဲ့ ဒေါက်တာဒေါ်လဲ့လဲ့ဝင်း။ ကျွန်တော်က ရန်ကုန်မှာရှိနေတဲ့ရက်တွေဖြစ်တာမို့ လက်ခံလိုက်တယ်။ ဖိတ်စာကို အသေအချာဖတ်ကြည့်မှ မြန်မာနိုင်ငံကနေ ဂျာမနီနိုင်ငံကို ပညာသင်သွားရောက်ခဲ့သူတွေ ဖွဲ့စည်းထားတဲ့အသင်း။ ဆရာဝင်းအောင်က ဥက္ကဋ္ဌ တာဝန်ယူထားတာ။

ဖိတ်စာကို ဖတ်ပြီးတော့မှ ကိုယ်လည်း ဂျာမနီမှာ သုံးနှစ်ကြာ ပညာသင်ခဲ့တာကို သွားသတိရမိတယ်။ ပညာရေးနဲ့ပတ်သက်လို့ ကျွန်တော်ကံကောင်းလှပါတယ်။ အင်္ဂလန်နိုင်ငံမှာ ဘွဲ့လွန်အတွက် ခြောက်နှစ်ကြာသွားခွင့်ရပြီး ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံနဲ့ ပါရဂူဘွဲ့ သုံးခုရခဲ့တယ်။ နောင်ရှစ်နှစ်လောက်ကြာတော့ ဂျာမနီနိုင်ငံကပေးတဲ့ သုတေသနဘွဲ့ကိုရခဲ့လို့ ပါရဂူဘွဲ့လွန် သုတေသနလုပ်ခွင့်ရခဲ့တာ။ ပါရဂူဘွဲ့လွန်ဆိုတဲ့ ပညာအရည်အချင်းကို မြန်မာပြည်ကလူတွေ သိပ်မသိကြဘူး။ ပါရဂူဘွဲ့ကိုသာ အသိများကြတာ။ ပါရဂူဘွဲ့ရသူကို ဒေါက်တာလို့ ခေါ်ကြတာ၊ ဒေါက်တာဘွဲ့ရတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံမှာ အလွန်ရှက်စရာ၊ အလွန်စိတ်ပျက်စရာကောင်းတာတွေကို ကြုံနေရတာ၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ဖော်ကောင်လုပ်ဖို့ မကြာခဏ တိုက်တွန်းကြတာ။ တကယ်တော့ လူမိုက်ငှားတာပါ။ ယိုသူကမရှက်တော့ မြင်သူကရှက်နေရတာ။

တကယ်တော့ ပါရဂူဒေါက်တာဘွဲ့ရဖို့ အခြေခံနည်းလမ်းနှစ်ခုပဲရှိပါတယ်။ တစ်ခုက ပါရဂူဘွဲ့အတွက် သုတေသနလုပ်ငန်းကို လုပ်ရတယ်။ အချိန်အတိုင်းအတာအားဖြင့် ၃-၄နှစ် ကြာမြင့်တယ်။ သုတေသနတွေ့ရှိချက်တွေဟာ အဆင့်အတန်းပြည့်မီရင် သုတေသနကျမ်းကြီးတစ်စောင်ပြုစုရတယ်။ ကျမ်းကြီးကို ပြုစုပြီးချိန်မှာ မိမိရေးသားတဲ့ကျမ်းကို ပညာရှင်တွေရဲ့ရှေ့မှောက်မှာ ကာကွယ်ခုခံရတယ်။ သူတို့ရဲ့မေးခွန်းတွေကို ကျေနပ်တဲ့အဆင့်အထိ ဖြေရတယ်။ သူတို့အနေနဲ့ တင်သွင်းတဲ့ကျမ်းကြီးကိုလည်းကောင်း၊ ဖြေဆိုမှုကိုလည်းကောင်း၊ မကျေနပ်ရင် ငြင်းပယ်ခွင့်ရှိတယ်။ တစ်နည်းပြောရရင် အဆင့်မမီလို့ ဒီကျမ်းကြီးကို ပယ်နိုင်တဲ့ ပယ်လိုက်တဲ့သဘော။

ဒါကြောင့် ပါရဂူဘွဲ့ရဖို့ သုတေသနအဆင့်၊ ကျမ်းကြီးပြုစုရေးသားရတဲ့အဆင့်နဲ့ ပညာရှင်တွေရှေ့မှောက်မှာ နှုတ်ဖြေစာမေးပွဲ ဖြေဆိုရတဲ့အဆင့်ဆိုပြီး သုံးဆင့်ရှိပါတယ်။ ဒီအဆင့်သုံးဆင့်ကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်မှ ပါရဂူဒေါက်တာဘွဲ့ကို အစစ်ရတာပါ။ ပါရဂူဘွဲ့အစစ်ရထားတဲ့သူမှာ သက်သေအထောက်အထားက သုတေသနကျမ်းကြီးပဲဖြစ်တယ်။ များသောအားဖြင့် ဒီကျမ်းကြီးပြုစုပြီးရင် စာအုပ်ထုတ်ဝေလေ့ရှိကြပါတယ်။

ဒုတိယလမ်းစဉ်ကတော့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ပဲဖြစ်တယ်။ ဒီပါရဂူဘွဲ့ကိုတော့ မည်သူ့ကိုမဆို ပေးခွင့်ရှိတယ်။ ပုဂ္ဂိုလ်ရဲ့ ဆောင်ရွက်ချက်တွေ၊ အောင်မြင်မှုတွေအပေါ် အခြေခံပြီး အသိအမှတ်ပြုတာဖြစ်တယ်။ ဘွဲ့ရစရာလည်း မလိုအပ်ဘူး။ ပေးတဲ့ပါရဂူဘွဲ့က ပညာရေးအောင်မြင်မှုကြောင့် ပေးအပ်တာမဟုတ်ဘဲ ပုဂ္ဂိုလ်ရဲ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအောင်မြင်မှုတွေကြောင့် ချီးမြှင့်တာဖြစ်ပါတယ်။ ဒါကြောင့် ပါရဂူအစစ်နှစ်မျိုးဟာ ပညာရေးဆောင်ရွက်ချက်တွေကြောင့်သော်လည်းကောင်း၊ ကျန်ဆောင်ရွက်မှုတွေကြောင့်လည်းကောင်း၊ သက်ဆိုင်ရာတက္ကသိုလ်က ချီးမြှင့်ခြင်းဖြစ်တယ်။ တချို့ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေမှာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့တွေ အများကြီးရရှိထားတာ တွေ့ရတယ်။ ပါမောက္ခတစ်ယောက်ဆိုရင် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၄၄ ဘွဲ့ရှိကြောင်း တလောက ဖတ်လိုက်ရတယ်။

ဒုတိယအမျိုးအစားအနေနဲ့ရထားတဲ့ ပါရဂူဘွဲ့တွေအနေနဲ့ မိမိကိုယ်မိမိ ဒေါက်တာဘွဲ့တပ်ခွင့်ရှိသလားဆိုတဲ့မေးခွန်းဟာ မေးစရာဖြစ်ပါတယ်။ ထုံးတမ်းအစဉ်အလာအရတော့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ရထားတဲ့သူတွေဟာ ဒေါက်တာဘွဲ့ကို မိမိနာမည်အရှေ့မှာ မတပ်ကြဘူး။ မိမိရထားတဲ့ ပါရဂူဘွဲ့ဟာ ပညာရေးကြောင့် မဟုတ်တာကို ဝန်ခံလိုက်တာ ဖြစ်တယ်။ တချို့ကျတော့လည်း ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ရထားပေမယ့် ဒေါက်တာလို့တပ်ကြတာ တွေ့ရပါတယ်။ ဒါကတော့ တစ်ယောက်ချင်းစီရဲ့ ရွေးချယ်ဆုံးဖြတ်မှုဖြစ်တယ်။

ကျွန်တော်က မကြာသေးမီက ရန်ကုန်စီးပွားရေးတက္ကသိုလ်ကချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ရခဲ့တယ်။ ဂျာမနီမှာရှိတဲ့ ပါမောက္ခတွေ ကျင့်သုံးတဲ့ဓလေ့ကိုသုံးရင် ဒေါက်တာနှစ်ခါရတာမို့ မိမိနာမည်ရှေ့မှာ ဒေါက်တာကို နှစ်ခါထပ်ပြီးသုံးကြတာ။ ဒါကြောင့် ပါရဂူဘွဲ့နဲ့ ပတ်သက်လာရင် အစစ်က နှစ်မျိုးပဲရှိပါတယ်။ အခုခေတ်မှာတော့ ပါရဂူအတုတွေက ပုံစံအမျိုးမျိုးနဲ့ ပေါ်နေတာ တွေ့ရတယ်။

ပထမအမျိုးအစားက ပါရဂူဘွဲ့ကို ငွေနဲ့ပေးပြီး ဝယ်ယူခြင်းဖြစ်တယ်။ ပါရဂူဘွဲ့ရဲ့ တာဝန်ကြီးမားလှတာတွေ့ရတော့ စီးပွားရေးအခွင့်အလမ်းတစ်ခုအနေနဲ့ ဘွဲ့ကို ခပ်ပေါပေါလိုချင်တဲ့သူတွေအတွက် ဖန်တီးလိုက်တာပါပဲ။

စီးပွားရေးသီအိုရီအရ ဝယ်လိုအားရှိနေတော့ ရောင်းလိုအားကလည်း အလိုလိုပေါ်လာတာ။ စောစောက ပြောသလို ၃-၄ နှစ်အပင်ပန်းခံပြီး ပါရဂူဘွဲ့စစ်စစ်ကို မယူဘဲ ဘွဲ့လက်မှတ်ကို ငွေပေးပြီးဝယ်ကြတာ။ ရောင်းတဲ့သူတွေကလည်း ယုတ္တိရှိရှိ ကျောင်းတက်စရာမလို၊ သုတေသနလုပ်စရာမလို၊ မိမိဖြတ်သန်းလာတဲ့ဘဝအတွေ့အကြုံကို အခြေခံပြီး ပေးလာကြတာ တွေ့ရတယ်။

ဒီပုံစံနဲ့ ပါရဂူဘွဲ့ရထားတဲ့သူတွေ ကျွန်တော်တို့ နိုင်ငံမှာ အများကြီးရှိနေတာ ဝမ်းနည်းဖွယ်ရာတွေ့ရတယ်။ တစ်လောက ပါကစ္စတန်နိုင်ငံ ကာရာချိမြို့မှာ ဘွဲ့လက်မှတ်အတုတွေ ထုတ်နေတဲ့ ဂိုဏ်းကြီးတစ်ခုကို နိုင်ငံတကာရဲ့အဖွဲ့က ဖမ်းဆီးခဲ့တယ်။ စက်ရုံထဲမှာ ဘွဲ့လက်မှတ်အတုတွေကို အကြီးအကျယ်ထုတ်ပြီး ရောင်းချနေတာ။ စီးပွားရှာနေတာ။ အခုလို မထိုက်တန်တဲ့ပါရဂူဘွဲ့ရထားပြီး မိမိနာမည်ရှေ့မှာ ဒေါက်တာတပ်ထားတဲ့သူတွေရဲ့ စိတ်ထဲ ကျွန်တော်ဝင်ကြည့်ချင်လိုက်တာ။ ကိုယ့်မျက်နှာကို မှန်ထဲ ဘယ်လိုကြည့်ကြသလဲ မသိဘူး။ မရှက်တတ်ကြဘူးထင်ပါရဲ့။

**တစ်လောက ပါကစ္စတန်နိုင်ငံ ကာရာချိမြို့မှာ ဘွဲ့လက်မှတ်အတုတွေထုတ်နေတဲ့ ဂိုဏ်းကြီးတစ်ခုကို နိုင်ငံတကာရဲ့အဖွဲ့က ဖမ်းဆီးခဲ့တယ်။ စက်ရုံထဲမှာ ဘွဲ့လက်မှတ်အတုတွေကို အကြီးအကျယ်ထုတ်ပြီး ရောင်းချနေတာ။ စီးပွားရှာနေတာ။ အခုလို မထိုက်တန်တဲ့ ပါရဂူဘွဲ့ရထားပြီး မိမိနာမည်ရှေ့မှာ ဒေါက်တာတပ်ထားတဲ့သူတွေရဲ့စိတ်ထဲ ကျွန်တော်ဝင်ကြည့်ချင်လိုက်တာ။ ကိုယ့်မျက်နှာကို မှန်ထဲ ဘယ်လိုကြည့်ကြသလဲ မသိဘူး။ မရှက်တတ်ကြဘူးထင်ပါရဲ့။**

မကြာသေးမီက ခေတ်စားတဲ့ ပါရဂူဘွဲ့အတုထုတ်လုပ်တဲ့ဒေသက အိန္ဒိယနိုင်ငံဖြစ်တယ်။ အမှန်တော့ အိန္ဒိယနိုင်ငံမှာ ကမ္ဘာ့အဆင့်တန်းမီတဲ့တက္ကသိုလ်တွေ အများကြီးရှိပါတယ်။ နယူးဒေလီမြို့က စီးပွားရေးတက္ကသိုလ်ဆိုရင် စီးပွားရေးနိုဘယ်လ်ဆုရှင်တွေကို ထုတ်ပေးနိုင်ခဲ့တယ်။ တစ်ဖက်က အခုလို အဆင့်အတန်းရှိရှိ တက္ကသိုလ်တွေရှိနေသလို စီးပွားရေးလုပ်စားတဲ့ လုပ်ငန်းတွေလည်း ပေါ်လာခဲ့တယ်။ အမည်နာမအနေနဲ့တော့ တက္ကသိုလ်လို့ခေါ်ပေမယ့် အမှန်တော့ ပညာရေးနဲ့ပတ်သက်ပြီး ဘာကိုမှ ကျကျနနလုပ်တာမဟုတ်ဘဲ ပါရဂူဘွဲ့အတုတွေကိုသာ ထုတ်ပေးနေတာ။ ယုတ္တိရှိအောင်လည်း ပါရဂူဘွဲ့ဝတ်ရုံတွေနဲ့၊ ဘွဲ့လက်မှတ်ဆိုရင်လည်း အင်္ဂလန်၊ အမေရိကန်နိုင်ငံတို့မှာရှိတဲ့ နာမည်ကြီးတက္ကသိုလ်တွေရဲ့ ဘွဲ့လက်မှတ်နဲ့ ချွတ်စွပ်တူအောင် လုပ်ထားတာ။ ပုံနှိပ်စက်ကောင်းကောင်းသုံးတယ်ထင်ပါရဲ့။ တချို့ကလည်း ဟန်ပြအနေနဲ့ သုတေသနစာတမ်းတင်တယ်ဆိုပြီး ခပ်ညံ့ညံ့သုတေသနလုပ်ပြီး ဖြတ်ညှပ်ကပ်တဲ့နည်းနဲ့ ကျမ်းကြီးကိုပြုစုခဲ့ကြတာ။

တစ်ချိန်က မြန်မာနိုင်ငံမှာ အင်မတန်မှထူးခြားတဲ့ ပါရဂူဘွဲ့တစ်မျိုး ပေါ်ပေါက်ခဲ့တယ်။ ဆရာ ဆရာမလုပ်သူက ပါရဂူသုတေသနကျမ်းကြီးနှစ်စောင်ကို ကြီးကြပ်ပေးရင် ဒီဆရာ ဆရာမကို ပါရဂူဘွဲ့ အပ်နှင်းပေးခဲ့တယ်။ တစ်ကမ္ဘာလုံးမှာမရှိတဲ့ ဘွဲ့မျိုးတစ်ခုဖြစ်တယ်။ အံ့သြစရာပါပဲ။ ဒါပေမယ့် အခုလိုပုံစံနဲ့ ရထားသူတွေကလည်း ခပ်တည်တည်ပဲ။ လိပ်ပြာသန့်သန့်နဲ့ ဒေါက်တာဆိုပြီး အသိအမှတ်ပြုခံရတာ။ အခုလိုဖြစ်တာကို ဘယ်လိုစိတ်ကူးနဲ့ ဆောင်ရွက်ခဲ့သလဲဆိုတာကိုတော့ ကျွန်တော်မတွေးတတ်အောင်ပါပဲ။ ဉာဏ်မမီပါဘူး။ ဒီလိုအကြံပြုသူတွေရဲ့ ရွှေဉာဏ်တော်ကိုလည်း မချီးကျူးဘဲမနေနိုင်ပါဘူး။ အသိမှတ်ပြုရပါတယ်။

ဂျာမနီနိုင်ငံကပြန်လာတဲ့ ပညာရှင်တွေရဲ့ ညစာစားပွဲမှာ ဂျာမနီသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောပြီး ကျွန်တော့်ကို မိန့်ခွန်းပြောခွင့်ပေးပါတယ်။

ဂျာမနီနိုင်ငံမှာ ဘွဲ့လွန်သွားတက်ပြီး အခမ်းအနားကို တက်ရောက်တဲ့သူတွေ ၇၀ ကျော်လောက်ရှိတယ်။ အားလုံးလိုလို ဂျာမန်ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ကြတယ်။ ကျွန်တော်က ဘာသာစကားမှာ အားနည်းတယ်။ ထမင်းစားရေသောက်လောက်သာ ပြောနိုင်တာမို့ အင်္ဂလိပ်လိုပဲပြောခဲ့ပါတယ်။ ကျွန်တော်က ဂျာမနီနိုင်ငံအပါအဝင် ဥရောပနိုင်ငံမှာရှိတဲ့တက္ကသိုလ်တွေနဲ့ အင်္ဂလိပ်နဲ့ အမေရိကန်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေရဲ့ ပညာရေးစနစ်ကို နှိုင်းယှဉ်ပြီး တင်ပြခဲ့တယ်။ ခေတ်မီတက္ကသိုလ်ပညာရေးစနစ်ကို ပုံစံသုံးမျိုး ခွဲခြားနိုင်ပါတယ်။ ဥရောပနိုင်ငံတွေမှာ ကျင့်သုံးတဲ့စနစ်၊ အင်္ဂလန်နိုင်ငံမှာ ကျင့်သုံးတဲ့စနစ်၊ အမေရိကန်နိုင်ငံမှာကျင့်သုံးတဲ့စနစ် သုံးမျိုးရှိပါတယ်။

အင်္ဂလန်နိုင်ငံနဲ့ ဥရောပနိုင်ငံက တက္ကသိုလ်တွေဟာ (၁၁)ရာစုလောက်မှ စတင်တည်ထောင်ခဲ့တယ်။ ဒါပေမယ့် ပုံစံတွေက မတူကြဘူး။ အင်္ဂလန်နိုင်ငံ တက္ကသိုလ်နဲ့ ဂျာမနီတက္ကသိုလ်တွေကို နှိုင်းယှဉ်ရင် အထူးခြားဆုံးက ပါမောက္ခတွေရဲ့ ပညာအရည်အချင်း ဖြစ်တယ်။ ဂျာမနီနိုင်ငံမှာ တက္ကသိုလ်မှာဆရာလုပ်ဖို့ အောက်ထစ်ပညာရေးအဆင့်အတန်းက ပါရဂူဘွဲ့ရှိရမယ်။ ပါမောက္ခဖြစ်ဖို့ဆိုရင် ပါရဂူဘွဲ့တစ်ဆင့်ကို ထပ်ယူရတယ်။ ရိုးရိုးပါရဂူတစ်ခုတည်းနဲ့ ပါမောက္ခမဖြစ်နိုင်ဘူး။ အင်္ဂလန်မှာတော့ ပုံစံကတစ်မျိုး။ ပါမောက္ခတွေဟာ ပါရဂူဘွဲ့ ရှိစရာမလိုဘူး။ မဟာဘွဲ့ရရုံ၊ ဘွဲ့တစ်ခုရရုံနဲ့ ပါမောက္ခဖြစ်ခွင့်ရှိတယ်။ အမေရိကန် တက္ကသိုလ်တွေမှာလည်း ဂျာမနီပုံစံကို ယူထားတာမို့ ပါမောက္ခတွေဟာ ဒေါက်တာဘွဲ့ရှိကြတယ်။

ညစာစားပွဲတက်ရောက်သူတွေက ဂျာမနီနိုင်ငံမှာ ပါရဂူဘွဲ့ရထားသူတွေ၊ ပါရဂူဘွဲ့ယူဖို့ ပညာသင်တဲ့သူတွေဖြစ်တာမို့ ဂျာမနီမှာရခဲ့တဲ့ ပညာရေးကိုတန်ဖိုးထားပြီး ကိုယ့်နိုင်ငံအတွက် အလုပ်အကျွေးပြုဖို့ ပန်ကြားခဲ့ပါတယ်။ နောက်တစ်နေ့တော့ ဆွေးနွေးပွဲကို မီကာဆာဟိုတယ်မှာ လုပ်တယ်။ ကျွန်တော်လည်း အလုပ်တွေကများနေတာမို့ ကျွန်တော်ပြုစုထားတဲ့စာတမ်းတင်သွင်းပြီး ပြန်ခွင့်ပြုဖို့ ဆရာဝင်းအောင်ကို တောင်းပန်ခဲ့တယ်။ ဆွေးနွေးပွဲရဲ့ခေါင်းစဉ်ကို ကျွန်တော်သိပ်သဘောကျတယ်။ ပညာရေးစနစ်မှာ အရည်အသွေးမြှင့်တင်မှု။

စာတမ်းတင်မယ့်သူတွေကလည်း နှစ်ရက်အတွက် အတော်များတာ။ ကိုယ်ကျွမ်းကျင် ကိုယ်လိမ္မာတဲ့ ရှုထောင့်ကနေ သုံးသပ်ကြမှာဖြစ်တယ်။ ကျွန်တော်ရဲ့ စာတမ်းကို “စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ပညာရေးစနစ်”ဆိုတဲ့ ခေါင်းစဉ်တပ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၀ ရွေးကောက်ပွဲအပြီး ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာမှာ လိုချင်တဲ့ ဖွံ့ဖြိုးမှုပုံစံဟာ မျှတတဲ့၊ အားလုံးပါဝင်တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဖြစ်ပါတယ်။

ဖွံ့ဖြိုးမှုဟာ လက်ရှိလူ့အဖွဲ့အစည်းမှာ လှုပ်ရှားနေသူတွေအတွက် အကျိုးရှိဖို့လိုအပ်သလို နောင်လာနောက်သားတွေရဲ့အခွင့်အရေး မဆုံးရှုံးဖို့လည်း အလွန်အရေးကြီးလှပါတယ်။ အခြေခံလိုအပ်ချက်ငါးချက်ဖြစ်တယ်။ လူသား၊ ပတ်ဝန်းကျင်၊ ကြွယ်ဝမှု၊ ငြိမ်းချမ်းမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးမှုဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရုံနဲ့ မပြည့်စုံပါဘူး။ ကျန်းမာတဲ့ပြည်သူပြည်သားတွေရှိဖို့ လိုအပ်သလို ပညာတတ်တဲ့သူတွေ၊ ပညာရှင်တွေဟာလည်း အရေးကြီးလှပါတယ်။

အခြေခံကတော့ ပညာရေးစနစ်ကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲရမှာသာဖြစ်တယ်။ စဉ်းစားချက်တွေပြောင်းဖို့လိုအပ်တယ်။ ပညာရေးလောကကြီးနဲ့ အလုပ်ခွင်လောကကြီး အဆက်အသွယ်ပြတ်နေတာကို ပြန်ချိတ်ယူရမယ်။ ပညာကို တန်ဖိုးထားတဲ့ လူ့အဖွဲ့အစည်းကို ဖန်တီးရမယ်။ ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူတို့ရဲ့ အခန်းကဏ္ဍ ပါဝင်ပတ်သက်မှုကို ပြန်စဉ်းစားရမယ်။ မိမိပတ်ဝန်းကျင်မှာဖြစ်ပေါ်နေတဲ့ အခြေနေတွေ၊ အနေအထားတွေကို မျက်ခြည်ပြတ်နေလို့မဖြစ်ဘူး။ ပညာရေးစနစ်တစ်ခုဟာ ဆင်စွယ်နန်းတော်မဟုတ်ပါဘူး။ သင်ကြားတဲ့ပုံစံတွေလည်း ပြောင်းရမယ်။ ခေတ်မီနည်းပညာတွေကို ယခုထက် တွင်တွင်ကျယ်ကျယ် အသုံးချရမယ်။ ပညာတတ်တွေကို နေရာပေးဖို့လိုတယ်။ ကျွန်တော်တို့လူမျိုးဟာ ပညာကို အလွန်တန်ဖိုးထားတတ်ကြပါတယ်။ ပညာရှင်တွေကိုလည်း လေးစားကြတယ်။ ရိုသေကြတယ်။ ပညာတတ်တွေဘက်ကရော တာဝန်ကျေကြဖို့လိုတယ်။ အလိုတော်ရိတွေ မဖြစ်ဖို့ အရေးကြီးတယ်။ ရာထူး၊ ဥစ္စာစည်းစိမ်တွေမက်ပြီး ဖောက်ပြန်သွားခဲ့တဲ့၊ ဖောက်ပြန်နေတဲ့ ပညာတတ်လို့ခေါ်တဲ့သူတွေ အများကြီးပဲ။ အာဏာရှိတဲ့သူ၊ ချမ်းသာတဲ့သူအလိုကျ မိမိမှာသင်ထားတဲ့ပညာကိုမှ အားမနာဘဲ ဖောက်ပြန်ခဲ့ကြတယ်။ ရိုးသားမှုတွေ အဆုံးရှုံးခံခဲ့ကြတယ်။

အမှန်တော့ နိုင်ငံတစ်နိုင်ငံမှာ အရေးအကြီးဆုံး အရင်းအနှီးက ပညာရေးအရင်းအနှီး ဖြစ်ပါတယ်။ ကျွန်တော် စာတမ်းဖတ်ရင်း ခန်းမထဲက ပရိသတ်တွေကြည့်ပြီး အားကိုးမိတယ်။ သူတို့ရထားတဲ့ဘွဲ့တွေ၊ သင်ယူခဲ့တဲ့ ပညာတွေဟာ တန်ဖိုးမဖြတ်နိုင်အောင် ပြည့်စုံကြပါတယ်။ နယ်ပယ်အသီးသီးမှာလည်း တာဝန်ကြီးကြီးတွေ ယူနေကြတယ်။ သူတို့ရဲ့ အင်အားကို တိုင်းပြည်အတွက် အသုံးချဖို့ အလွန်လိုအပ်ပါတယ်။ သူတို့ရဲ့စွမ်းအားတွေကိုစုစည်းဖို့ လိုအပ်လှပါတယ်။ သူတို့ကိုကြည့်ပြီး ကျွန်တော်စိတ်ထဲမှာ အစစ်နဲ့အတုကို ခွဲခြားမိတယ်။ သူတို့တစ်တွေဟာ ဂျာမနီနိုင်ငံမှာ နှစ်အကြာကြီးကြိုးစားခဲ့ပြီး စစ်မှန်တဲ့ပါရဂူဘွဲ့တွေ ရခဲ့ကြသူတွေ၊ လေးစားထိုက်တဲ့ပုဂ္ဂိုလ်တွေ။ စောစောကပြောခဲ့တဲ့ အတုတွေနဲ့တော့ ဆီနဲ့ရေလိုပါပဲ။

၂၀၁၅ အလွန်မှာ တစ်ကမ္ဘာလုံးမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက် ၁၇ ခုကို ပြည့်မီအောင် ကြိုးစားကြရတော့မှာဖြစ်တယ်။ အခုလိုဆောင်ရွက်တဲ့နေရာမှာ အခြေခံရည်မှန်းချက်က အရည်အသွေးပြည့်ဝတဲ့ ပညာရေးသာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပညာတတ်တဲ့ စစ်မှန်တဲ့ ပညာရှင်တွေကို မွေးထုတ်နိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ ။

**ထုံးတမ်းအစဉ်အလာအရတော့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရထားတဲ့သူတွေဟာ ဒေါက်တာဘွဲ့ကို မိမိနာမည်ရှေ့မှာ မတပ်ကြဘူး။ မိမိရထားတဲ့ ပါရဂူဘွဲ့ဟာ ပညာရေးကြောင့် မဟုတ်တာကို ဝန်ခံလိုက်တာ ဖြစ်တယ်။ တချို့ကျတော့လည်း ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ရထားပေမယ့် ဒေါက်တာလို့တပ်ကြတာ တွေ့ရပါတယ်။ ဒါကတော့ တစ်ယောက်ချင်းစီရဲ့ ရွေးချယ်ဆုံးဖြတ်မှုဖြစ်တယ် . . .**

# အထူးကုန်စည်ခွန်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

***ယမန်နေ့မှ အဆက်***

(၂) အခွန် ပြန်အမ်းငွေ ထုတ်ပေးခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ။

၁၁။ အထူးကုန်စည် ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့်အခွန်မှ ယင်းအထူးကုန်စည်ကို ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှ ဝယ်ယူသော ကုန်ကြမ်းများ၊ တစ်ပိုင်းတစ်စကုန်စည်များ တင်သွင်းစဉ် သို့မဟုတ် ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသည့်အခွန်ကို ခုနှိမ်နိုင်သည်။ အထူးကုန်စည် ထုတ်လုပ်ရောင်းချမှုနှင့်စပ်လျဉ်း၍ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၄)**
**တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိဦးစီးဌာနဝန်ထမ်းများအား တာဝန်ခွဲဝေပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်သည်-

(က) အထူးကုန်စည်၏ ဈေးကွက်ပေါက်ဈေး သတ်မှတ်ခြင်းနှင့် ယင်းဈေးကွက်ပေါက်ဈေးကို အခြေပြု၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ခန့်မှန်းရောင်းဈေး သတ်မှတ်ခြင်း၊

(ခ) သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်ရန် အခက်အခဲရှိသည့် ကိစ္စရပ်များအတွက် အခွန်ပေးဆောင်ရမည့်နည်းလမ်း သတ်မှတ်ခြင်း၊ အခွန်ပေးဆောင်ရမည့်နေ့ရက် တိုးမြှင့်သတ်မှတ်ခြင်း၊

(ဂ) လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဃ) ပုံစံများ သတ်မှတ်ပေးခြင်း၊

(င) လုပ်ငန်းဥပစာနေရာများ၊ အထူးကုန်စည်များနှင့် မှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခြင်း၊

(စ) အထူးကုန်စည်များရွှေ့ပြောင်းခြင်းကို စစ်ဆေးခြင်းနှင့် ကန့်သတ်ခြင်း၊

(ဆ) အထူးကုန်စည်များကိုရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ဇ) နမူနာပစ္စည်းများရယူ၍ ကိုင်တွယ်ဖြေရှင်းခြင်း။

**အခန်း(၅)**
**မှတ်ပုံတင်ခြင်း**

၁၃။ (က) အထူးကုန်စည် ထုတ်လုပ်သူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် မှတ်ပုံတင်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည် ထုတ်လုပ်သူထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် အကြောင်းကြားစာပေးပို့ အကြောင်းကြားနိုင်သည်။

(ဂ) သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းမှတ်ပုံတင်ကို ထုတ်ပေးရမည်။

**အခန်း (၆)**
**ကြေညာလွှာ တင်သွင်းခြင်း**

၁၄။ (က) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူသည် အထူးကုန်စည် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ကျသင့်အခွန်ကိုပေးဆောင်ရမည့်အပြင် ယင်းလအတွက် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ကျသင့်သော အထူးကုန်စည် ထုတ်လုပ်သူ မည်သူ့ကိုမဆို အထူးကုန်စည်များ ထုတ်လုပ်နေသည်ဟု ယူဆရန် အကြောင်းရှိလျှင် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းအတွက် ကျသင့်အခွန် ပေးဆောင်စေရန်နှင့် ကြေညာလွှာကို ပေးပို့စေရန် အကြောင်းကြားနိုင်သည်။

(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပမှတင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်ပမှ တင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။

**အခန်း (၇)**
**စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း**

၁၅။ (က) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) နှင့် (ခ) တို့အရ ပေးပို့သော ကြေညာလွှာသည် ဆောင်ရွက်သည့် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှန်ကန်ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍အခွန်စည်းကြပ်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည် ထုတ်လုပ်ခြင်း ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပေးပို့လာသည့် ကြေညာလွှာပါ အချက်အလက်များမှ အထူးကုန်စည် ထုတ်လုပ်ရောင်းချမှု ပမာဏကို မှန်ကန်စွာမရရှိနိုင်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံ အထောက်အထားများကို စိစစ်ပြီး အခွန်စည်းကြပ်နိုင်သည်။

(ဂ) အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍ အထူးကုန်စည် ထုတ်လုပ်ရောင်းချသည့်လ ကုန်ဆုံးပြီး တစ်လအတွင်း အထူးကုန်စည် ထုတ်လုပ်သူအားအခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်း မပြုမီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ သတင်းအချက်အလက် တောင်းခံခြင်း ပြုနိုင်သည်။

၁၆။ ပေးဆောင်ထားသောအခွန်သည် အမှန်ပေးဆောင်ရမည့် ငွေထက်ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင်သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့မှ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

**အခန်း (၈)**
**ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း**

၁၇။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မည်သည့်နှစ်တွင်မဆို အောက်ပါအကြောင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ပြန်လည်စည်းကြပ်ခြင်းပြုလုပ်နိုင်သည်-

(၁) အခွန်ပေးဆောင်ထိုက်လျက် လွတ်ကင်းနေခြင်း၊

(၂) အခွန် လျော့နည်းစည်းကြပ်ခဲ့ခြင်း။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ အခွန်ကို တွက်ချက် တောင်းခံရမည်။

၁၈။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မိမိဆောင်ရွက်ခဲ့သည့် စည်းကြပ်မှုနှင့် စပ်လျဉ်း၍ မှတ်တမ်း၌ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အခွန်ထမ်းက တင်ပြလျှင်ဖြစ်စေ ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြန်လည်ပြင်ဆင်နိုင်သည်။

(ခ) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံခုံအဖွဲ့သည် မိမိဆောင်ရွက်သည့် အယူခံမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အယူခံသူက တင်ပြလျှင်ဖြစ်စေ အယူခံအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြင်ဆင်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် (ခ)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ တွက်ချက်ရမည့်အပြင် အခွန်ကို တိုးမြှင့်စေသည့် သို့မဟုတ် ပြန်အမ်းငွေကို လျော့နည်းစေသည့် ပြင်ဆင်ချက် ပြုလုပ်ရန်ဖြစ်လျှင် အခွန်ထမ်း သို့မဟုတ် အယူခံသူကို ဖြေရှင်းခွင့်ပေးရမည်။

**အခန်း(၉)**
**အယူခံခြင်း**

၁၉။ (က) အခွန်ထမ်းက မကျေနပ်လျှင် အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများထံ အယူခံဝင်နိုင်သည် -

(၁) မြို့နယ်အခွန်ဦးစီးဌာနမှူးက စည်းကြပ်ခြင်းပြုသည့် အခွန်ကျပ် **၁၀ သိန်း** ထက်ပိုလျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံး ဌာနမှူး၊

(၂) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်ဖြစ်ပြီး အခွန် ကျပ် **သိန်း ၁၀၀** ထက်ပိုလျှင် အခွန်အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာ ပြဿနာနှင့် သက်ဆိုင်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

(ခ) အခွန်ထမ်းသည်-

(၁) မိမိနှင့် သက်ဆိုင်သော မည်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမဆို မကျေနပ်လျှင် သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။

(၂) မြို့နယ်အခွန်ဦးစီးဌာနမှူးက ထုတ်ပေးသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ရရှိသည့် နေ့မှစ၍ ရက်ပေါင်း သုံးဆယ်အတွင်း အယူခံလွှာ တင်သွင်းရမည်။

(ဂ) အခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးက ချမှတ်သည့် အမိန့်ကို မကျေနပ်လျှင် ယင်းမကျေနပ်သည့်အမိန့် ရရှိသည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း အယူခံလွှာ တင်သွင်းရမည်။

(ဃ) အယူခံဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ ကာလစည်းကမ်းသတ်တွက်ချက်ရာတွင် အောက်ပါကာလများကို နုတ်ပယ်ရမည် -

(၁) အယူခံဝင်လိုသည့် အမိန့်မိတ္တူကူးရန် လိုအပ်သည့်ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့်တောင်းခံရယူသည့် ကာလ။

(င) ပုဒ်မခွဲ (ခ)နှင့် (ဂ) ပါ ကာလစည်းကမ်းသတ်ကို လုံလောက်သော အကြောင်းရှိလျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး ဌာနမှူး၊အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလျှော့ပေါ့၍ လက်ခံနိုင်သည်။

(စ) အယူခံဝင်လိုသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ပြီးမှသာ အယူခံခွင့်ရှိသည် -

(၁) ပေးဆောင်ရမည့်အခွန်ကို အကျေပေးသွင်းခြင်း၊

(၂) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ စည်းကြပ်အခွန်၏ ငါးဆယ်ရာခိုင်နှုန်း ပေးသွင်းလျက် အယူခံခွင့်ပြုရန် လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

(ဆ) သက်ဆိုင်ရာအယူခံရုံးသည် အယူခံမှုကို ဆုံးဖြတ်ရာ၌ အယူခံသူအား ပြောရေးဆိုခွင့်ပေးပြီးနောက် သင့်လျော်သော အမိန့်ကိုချမှတ်နိုင်သည်။

(ဇ) အခွန်သည်ကျပ် **၁၀ သိန်း ထက်မပိုလျှင်** မြို့နယ်အခွန်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်သည် လည်းကောင်း၊ အခွန်သည် **ကျပ်သိန်း ၁၀၀ထက်မပိုလျှင်** ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် **ကျပ်သိန်း ၁၀၀ အထက်ဖြစ်ပြီး** ဥပဒေရေးရာပြဿနာမပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ်ဖြစ်စေရမည်။

(ဈ) အခွန်အယူခံခုံအဖွဲ့၏ အမိန့်တွင် ဥပဒေကြောင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းရမည့် အချက်တစ်ခုခု ပေါ်ပေါက်လျှင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အယူခံသူက ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးကဖြစ်စေ အခွန်အယူခံခုံအဖွဲ့၏ အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ယင်းအဖွဲ့ထံသို့ အဆိုပြုနိုင်သည်။

(ည) ပုဒ်မခွဲ(ဈ)အရ အဆိုပြုချက်ကိုအခွန်အယူခံခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်ခြင်းခံရသူက ငြင်းပယ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

**အခန်း(၁၀)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၀။ မည်သူမဆို လုံလောက်သော အကြောင်းမရှိဘဲ အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ထိုသူကို သက်ဆိုင်ရာ ပျက်ကွက်မှုတစ်မျိုးစီအတွက် အောက်ဖော်ပြပါအတိုင်း ဒဏ်ငွေအဖြစ် ပေးဆောင်စေခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုနိုင်သည်-

(က) သက်ဆိုင်ရာနှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊

(ခ) ဈေးကွက်ပေါက်ဈေး သတ်မှတ်ပေးနိုင်ရေးအတွက် ဤဥပဒေအရ တောင်းခံသည့် သတင်းအချက်အလက်များ အချိန်မီ တင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊

(ဂ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းအတွက် ယင်းကုန်စည်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်း ပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊

(ဃ) ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(င) ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် သက်ဆိုင်ရာလအတွက် ကျသင့်အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(စ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန် အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက်တွေ့ရှိသည့် အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း။

၂၁။ (က) မည်သူမဆို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန် အထူးကုန်စည်နှင့်သက်ဆိုင်သည့် အချက်အလက်များကို ထိမ်ချန်ကြောင်းတွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်းတွင် အပြည့်အစုံ ထုတ်ဖော်ခွင့် ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသော ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့် အခွန်အပြင် တိမ်းရှောင်သည့် အခွန်၏ သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ထုတ်လုပ်မှု ပမာဏနှင့် သက်ဆိုင်သည့်အချက်အလက်များကို လျော့နည်းထုတ်ဖော်လျှင်ပုဒ်မခွဲ(ခ)ပါ အခွန်နှင့် ဒဏ်ငွေနှစ်ရပ်စလုံးကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။

၂၂။ ပုဒ်မ ၂၁(က) အရ ထုတ်ဖော်ခွင့်ရရှိသူသည် တရားစွဲဆိုခံရပြီး ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျော့နည်းထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

***စာမျက်နှာ (၁၇)သို့***

*စာမျက်နှာ ၁၆ မှ*

၂၃။ (က) မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အထူးကုန်စည်ထုတ်လုပ်မှုပမာဏနှင့် သက်ဆိုင်သည့် မမှန်မကန်သောကြေညာလွှာကို တမင်သက်သက် ပေးပို့ကြောင်း၊ မမှန်မကန်သော သို့မဟုတ် မမှန်မကန်ဟု မိမိသိရှိ ယုံကြည်သော အထောက်အထားများကို တင်ပြကြောင်းတွေ့ရှိလျှင် ကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။

(ခ) မည်သူမဆိုပုဒ်မခွဲ(က)ပါ ပြစ်မှုကိုကျူးလွန်ကျောင်း တရားစွဲဆိုခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း သုံးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၄။ မည်သူမဆို ဤဥပဒေကိုအကြောင်းပြု၍ အောက်ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည် -

(က) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ အလွဲသုံးစားပြုလုပ်ခြင်း၊

(ခ) လုံလောက်သောအကြောင်းမရှိဘဲ ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်သည့်ကိစ္စကို ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဟန့်တားခြင်း။

၂၅။ မည်သူမဆို ဤဥပဒေကိုအကြောင်းပြု၍ လာဘ်ပေးလာဘ်ယူ ပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူကို ပြစ်မှုဆိုင်ရာဥပဒေအရ ဖြစ်စေ၊ ယင်းပြစ်မှုမျိုးအတွက် သီးခြားပြဋ္ဌာန်းသည့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ တရားစွဲဆိုရမည်။

**အခန်း(၁၁)**

**အရကောက်ခံခြင်း**

၂၆။ ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ခြင်း မပြုလျှင်-

(က) အခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း၊ ပေးဆောင်ရန် ပျက်ကွက်သည့် အခွန်ငွေကို အခွန်မပြေကျန်ငွေအဖြစ် လည်းကောင်း မှတ်ယူရမည်။

(ခ) အခွန်ထမ်းထံမှ အခွန်မပြေကျန်ငွေကို ဝင်ငွေခွန် မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

**အခန်း(၁၂)**

**ထပ်ဖြည့်လုပ်ပိုင်ခွင့်များ**

၂၇။ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံခုံအဖွဲ့သည် ဤဥပဒေပါကိစ္စရပ်များနှင့် သက်ဆိုင်သည့် လိုအပ်သော သတင်းအချက်အလက်ရှိသူတိုင်းကို ယင်းသတင်းအချက်အလက်တို့ကို ပေးပို့စေရန် တောင်းဆိုနိုင်သည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၇ အရ သတင်းအချက်အလက်များတင်ပြရန် ပျက်ကွက်လျှင် ထိုသူအား ၁၅ ရက်အထိအချိန် ထပ်မံတိုးမြှင့်ပေးနိုင်သည်။

(က) ယင်းသို့ တိုးမြှင့်ပေးသောအချိန်အတွင်း တင်ပြရန် ဆက်လက် ပျက်ကွက်ပါက ထိုသူအား တရားမကျင့်ထုံး ဥပဒေနှင့်အညီ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ်အခွန်အယူခံခုံအဖွဲ့က ကျင့်သုံးဆောင်ရွက်လျက်မည်သည့်အကြောင်းကြောင့် ပျက်ကွက်ကြောင်းကို စစ်ဆေးနိုင်သည်။ ပျက်ကွက်ရသည့် အကြောင်းမှာ ထိုသူ၏ ပယောဂမပါဘဲ သက်ဆိုင်ရာ စာရွက်စာတမ်းများ ပျောက်ပျက်ခြင်းကြောင့်ဖြစ်ပါက ယင်းအား မှတ်မိသမျှ ကတိသစ္စာ ပြုလုပ်တင်သွင်းရန် ခွင့်ပြုနိုင်သည်။

(ခ) လုံလောက်သောအကြောင်းမရှိဘဲ ထိုသူက တင်ပြရန်ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်အယူခံခုံအဖွဲ့ကတွေ့ရှိလျှင် ယင်းအား တရားစွဲဆိုနိုင်သည်။

၂၉။ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ) အရ တရားစွဲဆိုခံရပြီး သတင်းအချက်အလက်တင်ပြရန် လုံလောက်သောအကြောင်းမရှိဘဲ တင်ပြရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည်။

၃၀။ ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်က မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ် လွှဲအပ်တာဝန်ပေးခြင်းခံရသူသည် -

(က) ဤဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများ၊ လုပ်ငန်းဥပစာနေရာများ၊ အဆောက်အအုံများအားလုံးကို ဝင်ရောက်ခွင့်၊ လွတ်လပ်စွာ အပြည့်အဝ ဆောင်ရွက်နိုင်ခွင့်တို့ရှိသည့်အပြင်အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည်-

(၁) အဆိုပါစာရင်းစာအုပ်များ၊ အထောက်အထားနှင့်အခြား စာရွက်စာတမ်းများကို ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများကူးယူနိုင်ခွင့်၊

(၂) ဥပစာအတွင်း၌ရှိသောကုန်စည်များ၊ ပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများနှင့် ကွန်တိန်နာများအားလုံးကို မှတ်တမ်းတင်ခြင်း၊ ရေတွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(၃) ထို့သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများအပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ်အသားများ ရိုက်နှိပ်ခွင့်၊ ယင်းထို့မှ ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများကူးယူခွင့်၊

(ခ) အခွန်ကျသင့်သည့် အထူးကုန်စည်များထားရှိသော သိုလှောင်ရုံတစ်ခုခုမှ ထွက်ခွာလုဆဲဆဲ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရပ်တန့်ရန် တောင်းဆိုနိုင်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သည့် အမှုကိစ္စ တစ်ခုခုအတွက် ဟန့်တားခြင်း၊ ငြင်းပယ်ခြင်းပြုမည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်း တောင်းခံဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ အမြန်ဆုံးအစီရင်ခံ တင်ပြရမည်။

(ဃ) ပုဒ်မခွဲ(က)ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်သော ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ပိုင်ရှင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦး ရှေ့မှောက်တွင် ဖြစ်စေရမည်။ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သိမ်းဆည်းခြင်းဖြစ်လျှင် လက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးရမည့်အပြင် ယင်းတို့ကိုစစ်ဆေးရန် လိုအပ်သည့်ကာလအထိသာ လက်ဝယ်ထားရှိရမည်။

၃၁။ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာအတွင်းသို့ ဝင်ရောက်မှုအတွက် အခွင့်အာဏာရှိကြောင်း သက်သေခံတစ်ရပ်ကို ထိုနေရာတွင် လက်ရှိနေထိုင်သူက တောင်းဆိုသည့်အခါ ပုဒ်မ ၁၂ အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အခွင့်အာဏာပေးခြင်းခံရသူဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က စာဖြင့် ရေးသားလက်မှတ်ရေးထိုးထားသည့် စာသက်သေခံတစ်ရပ်ကို ထုတ်ဖော်ပြသခြင်း မပြုနိုင်လျှင် အဆိုပါ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာ တစ်စုံတစ်ရာသို့ ဝင်ရောက်ရန် သို့မဟုတ် ဆက်လက်တည်ရှိရန် အခွင့်မရှိစေရ။

**အခန်း(၁၃)**

**အထွေထွေ**

၃၂။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း သို့မဟုတ် တာဝန်ရှိသည့်အခွန်ကို ပေးဆောင်ရန် စီမံပြီးကြောင်းသက်သေခံလက်မှတ်ကို ဤကိစ္စအတွက် ဝန်ကြီးဌာနက တာဝန်လွှဲအပ်သော အဖွဲ့ထံမှမရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာမသွားရ။ သို့ရာတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ချွင်းချက်ပြုနိုင်သည်။

၃၃။ အထူးကုန်စည်များ ပြည်ပမှတင်သွင်းခြင်းအတွက် ကောက်ခံရငွေမှအပ ဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အခွန်ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

၃၄။ ဝန်ကြီးဌာနသည် -

(က) အခွန်ကျသင့်သော အထူးကုန်စည်များအနက် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေရမည့် သို့မဟုတ် အခြားနည်းလမ်း ကျင့်သုံးစေရမည့် အထူးကုန်စည်များကို သတ်မှတ်နိုင်သည်။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်း၊ အခြား နည်းလမ်းကျင့်သုံးစေခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(ဂ) အထူးကုန်စည်ခံဝန်ချုပ်ဖြင့် အထူးကုန်စည်များ သိုလှောင်ခြင်း၊ ထိန်း သိမ်းခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၅။ ၁၉၉၀ ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ နှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည် များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည် -

(က) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမိန့်ကြော်ငြာစာများ၊ အမိန့်များ ထုတ်ပြန်နိုင်သည်။

(ဂ) ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ညွှန်ကြားရေးမှူးချုပ်အား ထုတ်ပြန်စေနိုင်သည်။

**အထူးကုန်စည်ခွန် ကျသင့်သည့် အထူးကုန်စည်များ**

အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုး အပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ညွှန်ကြားရေးမှူးချုပ်က ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး ယင်းတန်ဖိုး နှစ်ရပ်အနက် များရာတန်ဖိုးငွေ အပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည် -

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ပါ တစ်ဘူးရောင်းဈေးကျပ် ၃၀၀အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ်၂၀ပါ တစ်ဘူးရောင်းဈေး၃၀၁ ကျပ်မှကျပ် ၅၀၀အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ်၂၀ပါတစ်ဘူးရောင်းဈေး ၅၀၁ ကျပ်မှကျပ်၁၀၀၀အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ်၂၀ ပါ တစ်ဘူး ရောင်းဈေး၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (င) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (စ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ပါ တစ်ဘူးရောင်းဈေး ၃၀၀၁ ကျပ်နှင့်အထက်ဖြစ်လျှင် | တန်ဖိုး၏ % |
| | (ဆ) စီးကရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၂။ | ဆေးရွက်ကြီး။ | | % |
| ၃။ | ဗာဂျီနီးယားပေါင်းတင်ပြီးဆေး။ | | % |
| ၄။ | ဆေးပေါ့လိပ်။ | | % |
| ၅။ | ဆေးပြင်းလိပ်။ | | % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ်၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၁မှ ကျပ် ၁၀၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၁၀၀၁ မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၂၀၀၁မှ ကျပ် ၃၀၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၃၀၀၁ မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် ၄၀၀၁ မှ ကျပ် ၅၀၀၀အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၀၁မှ ကျပ် ၇၀၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ်၇၀၀၁ မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်နှင့်အထက် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ % |
| | (ည) အရက်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၉။ | ဘီယာအမျိုးမျိုး။ | | % |
| ၁၀။ | ဝိုင်အမျိုးမျိုး။ | | % |
| ၁၁။ | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ။ | | % |
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြား အဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | % |
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြားအဖိုးတန်ကျောက်မျက် ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများ။ | | % |
| ၁၄။ | Four Door Double Pickup မှအပ ၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | % |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | % |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | % |

# ရင်ခုန်ရဦးမယ့် စပိန်ဘုရင့်ဖလားပွဲစဉ်တွေ



■ မိုးမြင့်လင်းလက်

စပိန်ဘုရင့်ဖလား ပတ်လည်ပွဲစဉ်တွေကို ဒီဇင်ဘာ ၁၆ ရက်မှာ ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ လာလီဂါ အသင်းတွေရဲ့ စပိန်ဘုရင့်ဖလားရလိုမှု စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားတာတွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီပို့တီဗိုတို့က အိမ်ကွင်းမှာ အယ်လာဂေါ်စတာရာအသင်းကို လက်ခံကစားရမှာဖြစ်သလို ဂီဂျွန်က ဘက်တစ်နဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဆီဗီလာတို့ကလည်း အိမ်ကွင်းမှာ လိုဂရိုနက်စ်အသင်းကို လက်ခံကစား ရမှာဖြစ်သလို အက်စ်ပန်ညိုက လီဗန်တေးနဲ့တွေ့ဆုံကြရမှာဖြစ်လို့ ဒီတစ်ပတ်ရဲ့ ကြားရက်က ပွဲကောင်းတွေနဲ့စည်ဝေနေဦးမှာဖြစ်ပါတယ်။

**ဒီပို့တီဗိုနှင့် အယ်လာဂေါ်စတာရာ**

တိုက်စစ်မှူး လူးကပ်စ်ပီရက်စ်ရဲ့ သွင်းဂိုးတွေနဲ့ ရှင်သန်နိုးကြားမှုတွေဖြစ်နေတဲ့ ဒီပို့တီဗိုဟာ အခုတလောခြေစွမ်းကောင်းတွေပြသနိုင်နေပါတယ်။ အက်သလက်တီကို၊ လီဗန်တေး၊ ဆယ်လ်တာဗီဂို၊ လက်စ်ပါမာစ်နဲ့ ဆီဗီလာတို့ကို ဆက်တိုက်ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တဲ့ ဒီပို့တီဗိုတို့ဟာ အခုပွဲအိမ်ကွင်းလည်းဖြစ်တာမို့ နိုင်ပွဲရအောင် ရယူပါလိမ့်မယ်။ ခံစစ်ပိုင်းလည်း အမှားအယွင်းနည်းတဲ့ ဒီပို့တီဗိုတို့က အယ်လာဂေါ်စတာရာကို အသာစီးရအောင် ဖိအားပေးကစားပါလိမ့်မယ်။ အယ်လာဂေါ်စတာရာတို့ရဲ့ ကွင်းလယ်ပိုင်းက အားနည်းချက်ရှိနေပြီး ဘောလုံးဖြန့်ဝေမှုအပိုင်းမှာ အပိုအလိုတွေဖြစ်နေတတ်တာကြောင့် ဒီပို့တီဗိုခံစစ်မှူးတွေကို အလုပ်များစေမှာတော့ မဟုတ်ပါဘူး။ ဒီပွဲမှာ အိမ်ရှင် ဒီပို့တီဗိုတို့ပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

**ဆီဗီလာနှင့် လိုဂရိုနက်စ်**

လာလီဂါမှာ ခြေစွမ်းအတက်အကျရှိနေတဲ့ ဆီဗီလာတို့က အခုပွဲမှာကစားအား ဘယ်လောက်ကောင်းလဲကြည့်ရမှာပါ။ အိမ်ကွင်းမှာ ရီးရဲမက်ဒရစ်ကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းမျိုးပြန်ရခဲ့ရင်တော့ လိုဂရိုနက်စ်တို့ မျှော်လင့်ချက်ထားလို့မရနိုင်တဲ့ပွဲဖြစ်ပါတယ်။ ဆီဗီလာတိုက်စစ်ဖွင့်ကစားရင် လိုဂရိုနက်စ်တို့ ဟန့်တားထိန်းချုပ်နိုင်တဲ့ ခံစစ်မှူးကောင်းတွေနည်းပါးနေတာမို့ ခက်ခဲပါလိမ့်မယ်။ လိုဂရိုနက်စ်တို့ရဲ့ တိုက်စစ်အားကလည်း အားရစရာမရှိတာမို့ ဆီဗီလာဟာ ဒီပွဲမှာတော့ ရလဒ်ကောင်းကို ကိုင်မြှောက်အောင်ပွဲခံနိုင်ဖို့ အစွမ်းကုန်အားထုတ်မှာ သေချာပါတယ်။ စပိန်ဘုရင့်ဖလားကို မျှော်လင့်ချက်ထားနေတဲ့ ဆီဗီလာရဲ့ စွမ်းအားဟာ ဖလားရယူနိုင်စွမ်း ရှိ မရှိ အကဲခတ်ခွင့်ရတော့မှာ ဖြစ်ပါတယ်။ ဒီပွဲမှာ အကြိုက်က ဆီဗီလာပါပဲ။

**ဂီဂျွန်နှင့် ဘက်တစ်**

လာလီဂါနှစ်သင်းတွေ့ဆုံတဲ့ပွဲမို့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဘက်တစ်တိုက်စစ်မှူး ကတ်စ်ထရိုက အားထားရတဲ့ တိုက်စစ်မှူးဖြစ်ပြီး ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးလည်းဖြစ်ပါတယ်။ ဒီနှစ်လာလီဂါမှာတော့ ဘက်တစ်ရဲ့ အဝေးကွင်းစွမ်းဆောင်ရည်မြင့်မားနေပြီး ရှုံးပွဲတစ်ပွဲပဲရှိထားပါတယ်။ ဂီဂျွန်တို့ကလည်း အသင်းလိုက်ကစားအားကောင်းပေမယ့် တိုက်စစ်မှူးတွေ ထိုးဖောက်ဂိုးသွင်းမှုအားနည်းနေသလို ခံစစ်ပိုင်းကလည်း အားရစရာတော့မရှိပါဘူး။ ဘက်တစ်တို့ကတော့ ခံစစ်ပိုင်းတောင့်တင်းကျစ်လျစ်မှုရှိနေတာမို့ ဂီဂျွန်တိုက်စစ်မှူးတွေကို ကောင်းကောင်းဟန့်တားနိုင်ပါလိမ့်မယ်။ ဒီပွဲမှာ တိုက်စစ် ခံစစ်မျှအောင် ကစားနိုင်တဲ့ ဘက်တစ်တို့ ရလဒ်မပြတ်ပဲ ကပ်ပြီးနိုင်သွားမယ်လို့ ယုံကြည်ပါတယ်။

**အက်စ်ပန်ညိုနှင့် လီဗန်တေး**

အခုတလော ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေတဲ့ အက်စ်ပန်ညိုတို့က အိမ်ကွင်းဆိုပေမယ့် စွမ်းဆောင်မှု စိတ်ချစရာတော့မရှိတဲ့ အနေအထားဖြစ်ပါတယ်။ အက်စ်ပန်ညိုတို့က ခံစစ်ပိုင်း ယိုယွင်းနေပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းစွမ်းရည်ကျဆင်းနေပါတယ်။ လီဗန်တေးတို့ကလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်ထားပြီး ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာမို့ အခုပွဲမှာ ခြေရည်တူနှစ်သင်းဆုံတွေ့တဲ့ပွဲဖြစ်နေပါတယ်။ လီဗန်တေးရဲ့ အဝေးကွင်းစွမ်းဆောင်ရည်က ကျဆင်းနေတာမို့ အခုပွဲမှာ အက်စ်ပန်ညိုရဲ့ အားထုတ်မှုကိုပဲ ယုံကြည်မှုပေးပြီး ပရိသတ်နဲ့အတူ အားပေးရမှာဖြစ်ပါတယ်။

---



## တရုတ်ကလပ်က ရွှန်းနေကို ပေါင် ၇၅ သန်းနဲ့ကမ်းလှမ်းလာ

တရုတ်စူပါလိဂ်ကလပ်တစ်ခုက မန်ယူဝါရင့်တိုက်စစ်မှူး ရွှန်းနေကို ပေါင် ၇၅ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းလိုက်ပြီလို့ ဆိုပါတယ်။ အင်္ဂလန်အသင်း ခေါင်းဆောင်ရွှန်းနေကို တစ်နှစ်ပေါင် ၂၅ သန်းနဲ့ သုံးနှစ်စာချုပ်နဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားတယ်လို့ ဆိုပါတယ်။ တစ်ချိန်က အင်္ဂလန်အသင်းနည်းပြဖြစ်ခဲ့တဲ့ အက်စ်ဗန်ဂိုရင်အဲရစ်ဆင်ဟာ တရုတ်စူပါလိဂ်ကလပ်တစ်ခုဖြစ်တဲ့ ရှန်ဟိုင်း အက်စ်အိုင်ပီဂျီအသင်းနည်းပြ လုပ်နေတာပါ။ သူက တပည့်ဟောင်း ရွှန်းနေနဲ့ ပြန်ပေါင်းထုတ်ဖို့ ကြိုးပမ်းမှုတစ်ရပ်အဖြစ် ရွှန်းနေကို တရုတ်စူပါလိဂ်သို့ လာရောက်ကစားဖို့ ကမ်းလှမ်းထားတယ်လို့ ဆိုပါတယ်။

တရုတ်စူပါလိဂ်က မန်ယူတိုက်စစ်မှူးနဲ့ တရုတ်လိဂ်ကို ကမ္ဘာ့လူသိများလာစေဖို့ ရည်ရွက်ချက်နဲ့ ခေါ်ယူဖို့ ကြိုးစားနေတာလို့ ဆိုပါတယ်။ ရွှန်းနေအနေနဲ့ မန်ယူကသာ ထွက်ခွာခွင့်ရှိမယ်ဆိုရင် နည်းပြဟောင်း အဲရစ်ဆင်နဲ့ ပြန်ပေါင်းထုတ်ဖို့ အလားအလာရှိနေပါတယ်။ သို့ပေမယ့် မန်ယူနဲ့ ရွှန်းနေတို့ရဲ့ လက်ရှိစာချုပ်က သုံးနှစ် ကျန်ရှိနေဆဲပဲဖြစ်ပါတယ်။

---

## ဖလားရဖို့ကောင်းပြီဆိုတဲ့ တော့တင်ဟာမ်ဟော့စပါး



ပရီမီယာလိဂ်မှာ အလယ်အလတ်ခြေစွမ်းပြကစားလာတဲ့ စပါးအသင်းအနေနဲ့ နည်းပြ ပိုချက်တီနိုလက်ထက်မှာ ကောင်းမွန်တဲ့ တိုးတက်ပြောင်းလဲမှုတွေရနေပြီဆိုပေမယ့် ဖလားအချို့ရဖို့ စတင်ရမှာဖြစ်တယ်လို့ တာဝန်ရှိသူတွေက ဆိုပါတယ်။ စပါးအသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ် ထိပ်ဆုံးလေးနေရာသို့ တက်လာနိုင်ခဲ့သလို ယူရိုပါလိဂ် ၃၂ သင်းပြိုင်ပွဲကိုလည်း တက်ရောက်နိုင်ပြီဖြစ်ပါတယ်။ နည်းပြ ပိုချက်တီနိုလက်ထက်မှာ စပါးအသင်းဟာ ခြေစွမ်းပြပြီး အောင်မြင်မှုတွေရရှိနေတဲ့ အသင်းဖြစ်ပါတယ်။ သို့ပေမယ့်လည်း စပါးအသင်းအနေနဲ့ ဒီအောင်မြင်မှုတွေနဲ့ ကျေနပ်မနေဘဲ ဖလားတစ်လုံး အမြန်ရအောင် ကြိုးစားပြဖို့လိုပြီလို့ တာဝန်ရှိသူတွေက ဆိုပါတယ်။

စပါးအသင်းမှာတော့ လက်ရှိအချိန်မှာ ဟယ်ရီကိန်းအပါအဝင် အင်္ဂလန်လူငယ်ကစားသမားတွေရဲ့ အင်အားနဲ့ အောင်မြင်မှုတွေရနေတယ်လို့ ဆိုပါတယ်။ စပါးအသင်းဟာ ၁၉၉၂ ခုနှစ်က ပရီမီယာလိဂ်မှာ စတင်ခြေချနိုင်ခဲ့ပေမယ့် ၁၉၉၉ နဲ့ ၂၀၀၈ ခုနှစ်မှာ လိဂ်ဖလားနှစ်လုံးသာဆွတ်ခူးနိုင်သေးတယ်လို့ ဆိုပါတယ်။

■ ကောင်းမြတ်သူ – စုစည်းသည် ■

---



## ကစားသမားသစ်ခေါ်ဖို့ အစီအစဉ်မရှိဘူးဆိုတဲ့ ဂျာဂျင်ကလော့

လီဗာပူးနည်းပြ ဂျာဂျင်ကလော့က သူ့အနေနဲ့ ဇန်နဝါရီလ အပြောင်းအရွှေ့ကာလမှာ ကစားသမားသစ်ခေါ်ယူဖို့ အစီအစဉ်မရှိဘူးလို့ ပြောဆိုလိုက်ပါတယ်။ ဒဏ်ရာရထားတဲ့ ကစားသမားတွေပြန်လာပြီဖြစ်လို့ ကစားသမားသစ်ခေါ်ယူဖို့ အစီအစဉ်မရှိသေးဘူးလို့ အောက်တိုဘာလအတွင်းက ဘရီဒါန်းရော်ဂျာနောက် ဆက်ခံခဲ့တဲ့ ဂျာဂျင်ကလော့က ဆိုပါတယ်။ နည်းပြဟောင်း ရော်ဂျာအနေနဲ့ လွန်ခဲ့တဲ့နှစ်ရာသီမှာ ကစားသမားခေါ်ယူဖို့ ပေါင်သန်း ၂၀၀ ကျော် သုံးစွဲခဲ့တာပါ။ သို့ပေမယ့် နည်းပြသစ်ဂျာဂျင်ကလော့ကတော့ မလိုအပ်ဘဲ ကစားသမားသစ်တွေခေါ်ယူမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ လက်ရှိကစားသမားတွေအနေနဲ့ အရည်အသွေးတက်လာအောင် ခြေစွမ်းပြကစားပေးသင့်တယ်လို့ သူက ဆိုပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးရဲ့ အမာခံကစားသမားတွေဖြစ်တဲ့ စတာရစ်၊ ဘင်တီကီ၊ ဆာကို အစရှိတဲ့ ကစားသမားတွေလည်း ပြန်လည်ကစားနိုင်ပြီဖြစ်တယ်လို့ ဆိုပါတယ်။ လီဗာပူးရဲ့ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ ဂျွန်ဖလာနာဂန်လည်း ပြန်လည်ကစားနိုင်တော့မှာဖြစ်တဲ့အတွက် ဇန်နဝါရီလမှာ ကစားသမားသစ်ခေါ်ယူဖို့ မရှိဘူးလို့ ဆိုပါတယ်။


ရင်မတုန်ပေမဲ့ ရင်ခုန်စေမယ့် သိန်းတစ်ထောင်
PREMIER® COFFEE
ကျပ်(10) သိန်းဆုမဲပေါင်းများစွာနှင့်
ကျပ်သိန်း(100) ဆုမဲပေါင်းများစွာ...
ကျပ် သိန်း 1000
ချက်ချင်းပေါက် ငွေသား ကံစမ်းမဲ...
ပရီမီ ကော်ဖီ (၁၀)နှစ်ပြည့် အထိမ်းအမှတ်
ရှင်များအား ငွေသား အပ်ခြင်း
ပထမဆုံး
မဝေဖွန်ဦး
(မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့)
သိန်း (၁၀၀) ကံထူးရှင်
PREMIER® COFFEE
ပရီမီယ ကော်ဖီ (၁၀)နှစ်ပြည့် အ အမှတ်
င်များအား ငွေသားဆုပေးအ
ပထမဆုံး သိန်း(၁၀) ကံထူးရှင်
ဦးရွှေလှိုင် (ပဲခူးမြို့)

## ပြည်ထဲရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် တူညီရဲဝတ်စုံ (ခဲ/ဖြူ/နက်ပြာ) ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၁၂-၂၀၁၅ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၄-၁၂-၂၀၁၅ ရက်
၄။ **ကုမ္ပဏီ၏အချက်အလက်တင်ပြရန်နောက်ဆုံးရက်** - ၂၈-၁၂-၂၀၁၅ ရက်
၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃၀-၁၂-၂၀၁၅ ရက်၊ နံနက် ၁၀ နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ၁၀၀၀၀ိ/- နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၁၄၊ ၀၉-၄၁၀၀၀၁၆၈၁ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**Tender No.12/DHPI/Concrete Pole/2015-2016**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ သူဌေးစီမံကိန်းအတွက်လိုအပ်သော ကွန်ကရစ်မီးတိုင် (၃၀၀)လုံးအား D.D.P (at site)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၂၁-၁၂-၂၀၁၅ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀၊ ဖက်စ် ၀၆၇-၈၁၀၄၁၉၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ် ၁၅/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၅**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများအတွက် စက်သုံးဆီ၊ ဘိလပ်မြေနှင့် သံချောင်းလုံးများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၁၂-၂၀၁၅ရက်၊ ၀၉း၀၀နာရီ
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၂၁-၁၂-၂၀၁၅ရက်၊ ၁၂း၀၀နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂၁-၁၂-၂၀၁၅ရက်၊ ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ပစ္စည်းဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀၊**
**ဖက်စ်-၀၆၇-၈၁၀၄၁၉၁**

## အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သဇင်ရုံလမ်း၊ နာဂလိုဏ်ဂူ သိုလှောင်ရုံဝင်းရှိ သိုလှောင်ရုံများတွင် သိုလှောင်ထားသော လျှပ်စစ်ပစ္စည်း (၄)မျိုးအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **လျှပ်စစ်ပစ္စည်း (၄)မျိုး**
Lot(1) (၁) လျှပ်စစ်ပစ္စည်း (၂)မျိုး
Lot(2) (၂) လျှပ်စစ်ပစ္စည်း (၂)မျိုး
(ခ) **တင်ဒါရောင်းချရမည့်ရက်** - ၁၅-၁၂-၂၀၁၅ မှ ၂၉-၁၂-၂၀၁၅ ထိ
**အချိန်** - ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ
(ဂ) **တင်ဒါစည်းကမ်းရှင်းလင်းမည့်ရက်/အချိန်** - ၃၁-၁၂-၂၀၁၅ မှ နံနက် ၁၁ နာရီ ရုံးအမှတ်(၅၂)
(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၁၂-၂၀၁၅၊ ၁၃း၀၀ နာရီ
(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အမှတ်၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊
(စ) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို ဌာန၏ ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ (နေပြည်တော်) တွင် ပေးသွင်းရမည်ဖြစ်ပါသည်။
(ဆ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်
(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ အဆိုပါပစ္စည်းများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂၊ ၀၁-၂၅၁၈၂၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ပြည်တက္ကသိုလ်
## (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်တက္ကသိုလ် (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ **ဘွဲ့နှင်းသဘင် ပထမနေ့ (၂၆-၁-၂၀၁၆) အစီအစဉ်**
**အပိုင်း-၁၊ နံနက်ပိုင်း နံနက် (၉း၀၀) နာရီ**

မဟာဝိဇ္ဇာဘွဲ့ - သမိုင်းအထူးပြု
မဟာသိပ္ပံဘွဲ့ - ရူပဗေဒအထူးပြု
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - ပထဝီဝင် အထူးပြု
ဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒအထူးပြု
ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ အထူးပြု
သိပ္ပံဘွဲ့ - သင်္ချာ အထူးပြု

**ဘွဲ့နှင်းသဘင် ပထမနေ့ (၂၆-၁-၂၀၁၆) အစီအစဉ်**
**အပိုင်း-၂၊ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂း၀၀) နာရီ**

မဟာသုတေသနဘွဲ့ - ဓာတုဗေဒအထူးပြု
မဟာဝိဇ္ဇာဘွဲ့ - ပထဝီဝင် အထူးပြု
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - ဒဿနိကဗေဒအထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - သတ္တဗေဒအထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ရုက္ခဗေဒအထူးပြု
ဝိဇ္ဇာဘွဲ့ - မြန်မာစာ အထူးပြု
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ အထူးပြု
သိပ္ပံဘွဲ့ - ဘူမိဗေဒအထူးပြု

* ပထမနေ့(နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၂၃-၁-၂၀၁၆) နံနက် (၉း၀၀)နာရီ

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၂၇-၁-၂၀၁၆) အစီအစဉ်**
**အပိုင်း-၃၊ နံနက်ပိုင်း၊ နံနက် (၉း၀၀) နာရီ**

မဟာသိပ္ပံဘွဲ့ - ရုက္ခဗေဒ အထူးပြု
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - အရှေ့တိုင်းပညာ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဘူမိဗေဒအထူးပြု
ဝိဇ္ဇာဘွဲ့ - ပထဝီဝင် အထူးပြု
ဝိဇ္ဇာဘွဲ့ - စိတ်ပညာ အထူးပြု
သိပ္ပံဘွဲ့ - ဓာတုဗေဒအထူးပြု

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၂၇-၁-၂၀၁၆) အစီအစဉ်**
**အပိုင်း-၄၊ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂း၀၀) နာရီ**

မဟာသုတေသနဘွဲ့ - မြန်မာစာ အထူးပြု
မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒ အထူးပြု
မဟာသိပ္ပံဘွဲ့ - သင်္ချာ အထူးပြု
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - အင်္ဂလိပ်စာ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ရူပဗေဒအထူးပြု
ဥပဒေဘွဲ့ - ဥပဒေပညာအထူးပြု
သိပ္ပံဘွဲ့ - ရုက္ခဗေဒအထူးပြု
သိပ္ပံဘွဲ့ - ဇီဝဓာတုဗေဒ အထူးပြု

* ဒုတိယနေ့(နံနက်ပိုင်း၊ မွန်းလွဲပိုင်း)အစမ်းလေ့ကျင့်ရက် (၂၃-၁-၂၀၁၆) မွန်းလွဲ (၂း၀၀)နာရီ

**ဘွဲ့နှင်းသဘင် တတိယနေ့ (၂၈-၁-၂၀၁၆) အစီအစဉ်**
**အပိုင်း-၅၊ နံနက်ပိုင်း၊ နံနက် (၉း၀၀) နာရီ**

မဟာသုတေသနဘွဲ့ - ဘူမိဗေဒ အထူးပြု
မဟာ(ဥပဒေ)ဘွဲ့ - ဥပဒေပညာ အထူးပြု
မဟာသိပ္ပံဘွဲ့ - သတ္တဗေဒ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဓာတုဗေဒ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - သင်္ချာ အထူးပြု
သိပ္ပံဘွဲ့ - ရူပဗေဒအထူးပြု(၄ရပ-၁မှ ၈၈အထိ)
ဒီပလိုမာဘွဲ့ (၁၂/၂၀၁၄) - ကွန်ပျူတာ

**ဘွဲ့နှင်းသဘင် တတိယနေ့ (၂၈-၁-၂၀၁၆) အစီအစဉ်**
**အပိုင်း-၆၊ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂း၀၀) နာရီ**

မဟာသုတေသနဘွဲ့ - ရုက္ခဗေဒ အထူးပြု
မဟာဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ အထူးပြု
မဟာသိပ္ပံဘွဲ့ - ဘူမိဗေဒ အထူးပြု
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဇီဝဓာတုဗေဒ အထူးပြု
ဝိဇ္ဇာဘွဲ့ - သမိုင်း အထူးပြု
သိပ္ပံဘွဲ့ - ရူပဗေဒအထူးပြု(၄ရပ-၈၉မှ ၁၉၂အထိ)
သိပ္ပံဘွဲ့ - သတ္တဗေဒ အထူးပြု
ဒီပလိုမာဘွဲ့ (၁၃/၂၀၁၅) - ကွန်ပျူတာ

* တတိယနေ့(နံနက်ပိုင်း၊ မွန်းလွဲပိုင်း)အစမ်းလေ့ကျင့်ရက် (၂၄-၁-၂၀၁၆) နံနက်(၉း၀၀)နာရီ

၃။ ပြည်တက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါသင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

(က) ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော စတုတ္ထနှစ် (ဥပဒေပညာ)၊ ဒုတိယနှစ်ဂုဏ်ထူးတန်း၊ ကွန်ပျူတာဒီပလိုမာ (၁၂/၂၀၁၄)သင်တန်း၊ ၂၀၁၄-၂၀၁၅ပညာသင်နှစ် ၂၀၁၅ ခုနှစ် မေလတွင် အောင်မြင်ခဲ့သော မဟာဘွဲ့သင်တန်း၊ မဟာသုတေသနသင်တန်းနှင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင်ကျင်းပခဲ့သော စတုတ္ထနှစ်သင်တန်းနှင့် ကွန်ပျူတာ ဒီပလိုမာ (၁၃/၂၀၁၅) သင်တန်းများမှ အောင်မြင်ပြီးသူများ။

၄။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့တက်ရောက်ယူခွင့်/အဝေးရောက်ဘွဲ့လျှောက်ထားခြင်း မရှိသူများသည် ယခု (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ယူခွင့်သာ လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင်တက်ရောက်/အဝေးရောက်လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ပြည်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားတင်ပြလျက် ပတ်စ်ပို့ဓာတ်ပုံ (၂" × ၁½" )အရွယ် (၃)ပုံ ပူးတွဲကာ ဘွဲ့တက်ရောက်လိုသူများသည် ၁၅၀၀ိ/- (တစ်ထောင့်ငါးရာကျပ်တိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ပြည်တက္ကသိုလ် ငွေလက်ခံဌာနသို့ပေးသွင်း လျှောက်ထားကြရမည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို ၃၁-၁၂-၂၀၁၅ ရက်ထိသာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၇။ ဘွဲ့နှင်းသဘင်တွင် တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးမည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ အခြားသိရှိလိုသောအချက်များရှိပါက စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ပြည်တက္ကသိုလ်၊ ဖုန်း-၀၅၃-၂၄၀၂၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(နေဝင်း)**
**မော်ကွန်းထိန်း**
**ပြည်တက္ကသိုလ်**

## အမြန်ရောင်းမည်

ဦးအေးလမ်းသွယ်(၅)၊
(၁၆)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ခေါင်းရင်းမှန်ခန်း
(ပ-ထပ်)၊ အကျယ်(၁၂ပေ×ပေ၄၀)
ရောင်းဈေး (သိန်း-၃၅၀)
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၄၇၅၇၀၃**

## ငှားမည်

ကမာရွတ် ဘုရင့်နောင်လမ်းမ
ရွှေစပယ်ရိပ်မွန်၊
မြေညီတိုက်ခန်းကျယ်
(Aircon ၄လုံး)
**ဖုန်း-၀၉-၇၉၁၀၁၇၅၃၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဇရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
(က) ၂၃၀ ကေဗွီ၊ ဓာတ်အားလိုင်း (၁.၈)မိုင် တည်ဆောက်ခြင်း
(ခ) (၁၁/၀.၄)ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၄-၁၂-၂၀၁၅ ရက် (တနင်္လာနေ့)
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၂-၁၂-၂၀၁၅ရက် (အင်္ဂါနေ့)
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြအခြေခံအဆောက်အအုံ စီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ်(၄၀) နေပြည်တော် ဖုန်း-၀၆၇-၄၀၇၆၉၈

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရှမ်းပြည်နယ်(လားရှိုး) ကျောက်မဲခရိုင်၊ သစ်တောဦးစီးဌာန
## ထင်းရှူးပင်ကျပ်သစ်တိုင်များ လေလံတင်ရောင်းချရန်
## လေလံကြော်ငြာအမှတ်(၂/၂၀၁၅)
## ကြေညာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ် (လားရှိုး)ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်အတွင်းရှိ ထင်းရှူးသစ်/တိုင်(၇၃)လုံး ၁၄.၈၃၂၂တန်အား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကျောက်မဲမြို့တွင် ၁၉-၁၂-၂၀၁၅ရက် နံနက် ၀၉း၀၀ နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့တွင် ၁၄-၁၂-၂၀၁၅ ရက်မှ စတင်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
(က) လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကျောက်မဲမြို့၊ ဖုန်း-၀၈၂-၄၀၀၄၇
(ခ) ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ နောင်ချိုမြို့၊ ဖုန်း-၀၈၂-၈၅၀၀၅

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၁၂-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၇-၁၂-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၅)အကြီးစားစက်ရုံ (သာဂရ)တွင် ထုတ်လုပ်မှုဆောင်ရွက်ခြင်းမရှိတော့သည့် အင်ဂျင်နှင့် စက်ယန္တရားအပိုပစ္စည်းများ (၄၁၆၅)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၂-၂၀၁၅ရက်မှ ၂၄-၁၂-၂၀၁၅ရက်အထိ
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)၊ စီမံကိန်းဌာန
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၄-၁၂-၂၀၁၅ရက်
**အချိန်နှင့်နေရာ** - နံနက် ၀၉း၃၀ နာရီ အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)၊ စီမံကိန်းဌာန
**တင်ဒါဖွင့်လှစ်မည့်နေရာ** - အမှတ်(၂) ဈေးနှုန်းစိစစ်ရေးကော်မတီရုံး၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၈၄၃၀၀၃၊ ၀၉-၅၃၅၂၄၃၉၊ ၀၆၇-၄၀၅၂၂၆တို့သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)**
**ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

## စက်မှုဝန်ကြီးဌာန
## အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၇)အကြီးစားစက်ရုံ (မလွန်)၏ ထုတ်လုပ်မှုဆောင်ရွက်ခြင်းမရှိတော့သည့် လယ်ယာသုံးထုတ်ကုန်ပစ္စည်းများနှင့် အခြားဆက်စပ်ပစ္စည်း (၂၈၆)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၁၅ရက်မှ ၂၃-၁၂-၂၀၁၅ရက်အထိ
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီမံရေးဌာန၊ အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)၊
၄။ **တင်ဒါသွင်းမည့်နောက်ဆုံးရက်** - ၂၃-၁၂-၂၀၁၅ ရက်
**အချိန်နှင့်နေရာ** - နံနက် ၀၉း၃၀ နာရီ အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)၊ စီမံရေးဌာန
**တင်ဒါဖွင့်လှစ်မည့်နေရာ** - အမှတ်(၂) ဈေးနှုန်းစိစစ်ရေးကော်မတီ ရုံးအမှတ်(၄၁)၊ နေပြည်တော်
၅။ **အသေးစိတ်သိရှိလိုပါက** - ဖုန်း-၀၆၇-၄၀၅၀၅၉၊ ၀၆၇-၄၀၅၃၂၃၊ ၀၉-၂၅၆၂၂၁၂၉၁၊ ၀၉-၅၁၈၇၃၃၅၊ ၀၉-၄၀၁၅၅၉၅၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)**
**မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မလွန်**

## ပြည်ပကျောက်မျက်ရတနာပြပွဲများတွင် ဆိုင်ဖွင့်ရောင်းချလိုသော အသင်းသားများအားဖိတ်ကြားခြင်း

၂၀၁၆ခုနှစ်အတွင်း ထိုင်းနိုင်ငံနှင့်ဟောင်ကောင်တွင်ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲများတွင် ဆိုင်ဖွင့်လှစ်ရောင်းချလိုသော အသင်းဝင်များအနေဖြင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း လက်ဝတ်ရတနာ အရောင်းဆိုင်နှင့် ဈေးကွက် ရှာဖွေရေးကော်မတီသို့ ဆိုင်ခန်းဖွင့်လှစ်ရောင်းချရန်ကိစ္စရပ်များ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါ၍ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၉ရက် ၁၄:၀၀နာရီတွင် ကမ္ဘာ့အေးအသင်းရုံးသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**လက်ဝတ်ရတနာအရောင်းဆိုင်နှင့် ဈေးကွက်ရှာဖွေရေးကော်မတီ**

## ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များအချိန်မီလဲလှယ်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ကျွမ်းကျင်မှုလက်မှတ် (Certificate of Competency-CoC) နှင့် တတ်ကျွမ်းမှုလက်မှတ်(Certificate of Proficiency-CoP)ကိုင်ဆောင်ထားသူများသည် STCW Convention ၏ 2010 Manila ပြင်ဆင်ချက်များနှင့် ကိုက်ညီသည့် ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် မတိုင်မီ အပြီးလဲလှယ်ကိုင်ဆောင်ကြရမည်ဖြစ်ပါသည်။

၂။ အဆိုပါလက်မှတ်များ လဲလှယ်ကိုင်ဆောင်နိုင်ရန် သတ်မှတ်ထားသည့် မွမ်းမံသင်တန်းများသို့ တက်ရောက်ရန် လိုအပ်သူအားလုံးသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ သင်တန်းများ တက်ရောက်ပြီးစီးထားရန်လိုအပ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မြန်မာနိုင်ငံဆရာဝန်အသင်း
## ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်
## အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့(၂၀၁၆-၂၀၁၈) ရွေးချယ်တင်မြှောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတမှုရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (စနေနေ့) ၉:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ပါသည်။

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အရည်အချင်းသတ်မှတ်ချက်များ-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ရမည်။
- (ခ) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ရာသက်ပန်အသင်းဝင် (သို့မဟုတ်) အသင်းဝင်ကြေး အကြွေးမရှိသည့် အသင်းဝင်ဖြစ်ရမည်။
- (ဂ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- (ဃ) ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းစည်းကမ်းများကို တိကျစွာလိုက်နာနိုင်သူ ဖြစ်ရမည်။

၂။ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် အရွေးချယ်ခံမည့်သူများ၏ အရည်အချင်းသတ်မှတ်ချက်များ-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ပြီး မြန်မာနိုင်ငံတွင် နေထိုင်သူ ဖြစ်ရမည်။
- (ခ) သက်တမ်းရှိ(ဆမ) လက်ဝယ်ရှိသူ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီ၏ မှတ်ပုံတင် လက်ဝယ်ရှိသူဖြစ်ရမည်။
- (ဂ) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ရာသက်ပန်အသင်ဝင် (သို့မဟုတ်) အသင်းဝင်ကြေး အကြွေးမရှိသည့် အသင်းဝင် ဖြစ်ရပါမည်။
- (ဃ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- (င) မိမိဆန္ဒအလျောက် ဆရာဝန်အသင်း၏တာဝန်များကို ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) နိုင်ငံရေးပါတီတစ်ခုခု၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေသူလည်းကောင်း မဖြစ်စေရ။
- (ဆ) မြန်မာနိုင်ငံဆရာဝန်အသင်းမှလည်းကောင်း၊ အသင်းနှင့်ဆက်နွှယ်နေသည့် လုပ်ငန်းများမှလည်းကောင်း၊ ပုံမှန်လစာနှင့် ပုံမှန်ချီးမြှင့်ငွေ ခံစားနေသူမဖြစ်စေရ။
- (ဇ) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူဖြစ်ရမည်။

၃။ ရွေးချယ်တင်မြှောက်ပွဲကျင်းပရာတွင် လျှို့ဝှက်မဲပေးစနစ်ကျင့်သုံးမည်ဖြစ်ပြီး မဲအရေအတွက် အများဆုံးရရှိသူ(၂၀)ကို ရွေးချယ်ပေးမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန် ၁၅-၁၂-၂၀၁၅ ရက်မှ ၄-၁-၂၀၁၆ ရက်အတွင်း ရွေးကောက်ပွဲကော်မရှင်ရုံးခန်းတွင် နေ့စဉ်နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀နာရီအတွင်း (ရုံးပိတ်ရက်များအပါအဝင်) ဆန္ဒပြုလွှာပုံစံနှင့် ကိုယ်ရေးမှတ်တမ်းပုံစံကို လာရောက်ထုတ်ယူ၍ ၄-၁-၂၀၁၆ ညနေ ၄:၀၀ နာရီ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံမည့်ကိုယ်စားလှယ်လောင်းစာရင်းနှင့် ၎င်းတို့၏ ကိုယ်ရေးမှတ်တမ်းများကို ၉-၁-၂၀၁၆ ရက် နံနက်ပိုင်းမှစတင်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၌ ကြေညာထားမည်ဖြစ်ပါသည်။

ထို့အပြင် ရွေးချယ်ပွဲဆိုင်ရာမူဝါဒနှင့်ပတ်သက်၍ မရှင်းလင်းသောအချက်များရှိပါကအပတ်စဉ် တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့အထိ မွန်းလွဲ ၁:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးခန်းတွင် လာရောက်တွေ့ဆုံမေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း သတ္တမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးရှေးဦးဖိတ်ကြားလွှာ

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း သတ္တမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ၂၀၁၆ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်ခန့်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်/အသင်းသားများအနေဖြင့် စုံညီစွာတက်ရောက်ပေးနိုင်ကြပါရန် လေးစားစွာ ရှေးဦးဖိတ်ကြားအပ်ပါသည်။

၂။ အစည်းအဝေးအား နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမကြီးတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျင်းပပြုလုပ်မည့်နေ့ရက်နှင့် အချိန်တို့အား အချိန်မီဆက်လက်တင်ပြ ဖိတ်ကြားသွားမည် ဖြစ်ပါသည်။

၃။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းအပေါ် ဆွေးနွေးအကြံပေးရန်နှင့် အခြားသိလိုသည်များရှိပါက ဤရှေးဦးဖိတ်ကြားလွှာသတင်းစာတွင်ပါရှိသည့် ရက်မှစ၍ ရက်သတ္တပတ် (၂)ပတ်အတွင်း (ရုံးချိန်အတွင်း) ဤအသင်းချုပ်သို့ စာဖြင့်ကြိုတင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ငွေစာရင်းရှင်းတမ်းများနှင့်ပတ်သက်၍ အသေးစိတ်ကြည့်ရှုလိုပါက ကျောက်မျက်အသင်းချုပ်ရုံးတွင် ရုံးချိန်အတွင်း လာရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

၄။ အထက်ပါသတ်မှတ်ရက်ထက်ကျော်လွန်မှ လက်ခံရရှိသောမေးခွန်းနှင့် အကြံပေးချက်များကို နှစ်ပတ်လည်အစည်းအဝေးတွင် ဖြေကြားနိုင်မည်မဟုတ်ပါကြောင်းနှင့် အစည်းအဝေးပြီးနောက်ပိုင်းကာလတွင်သာ သီးခြားဖြေကြားပေးမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပရေးကော်မတီ**

## 2oz Plastic Bottle With Cap အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - 2oz Plastic Bottle With Cap
၂။ **ဝယ်ယူမည့်အရေအတွက်** - ၉၀၀၀၀၀ ဘူး
၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃၁-၁၂-၂၀၁၅ ရက် ညနေ ၄:၀၀ နာရီ
၄။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ (အင်းစိန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၃၈၈**

**ထားဝယ် သဇင်ပန်းလှလှ**

ပန်း၊ စိုက်ပြီး သဇင်တိုင်၊ တိုင်လွတ် ၅၃၅၊ သုမင်္ဂလာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ

**ဖုန်း-၀၁-၅၆၀၅၆၇**

*ဝန်ထမ်းအလိုရှိသည်၊*

TECHNO ENGINEERING & ASSOCIATES Co., Ltd.

အမှတ်-၂၉၊ စတုတ္ထထပ်၊ မဟာဆိုရှယ်လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း -(01) 230 4011, 230 4305 , 230 4306 , 523 470 , Accountant မ (၁) ဦး B.Com. / D.A/ LCCI Level-3 သို့မဟုတ် စာရင်းကိုင်ပညာနှင့်ဆိုင်သောဘွဲ့/ ဒီပလိုမာတစ်ခုခုရရှိထားရမည်။ စာရင်းကိုင် အတွေ့အကြုံ (၃)နှစ် နှင့်အထက်ရှိပြီး အသက် (၃၀) ပတ်ဝန်းကျင်ဖြစ်ရမည်။

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
**(ကွန်ဒို/တိုက်ခန်းသစ်)**

(၁) စမ်းချောင်း ပေ(၂၅×၅၀)၊ ဒု-ထပ်၊ ဖုန်း၊ ကျွန်းပါကေး၊ MBR (1), BR(1), ဘိုထိုင်(2)၊ ဓာတ်လှေကား (Lift)ပါ၊ အထူးပြင်ဆင်ပြီး၊ ကွန်ဒိုတိုက်ခန်းသစ်၊ သိန်း (၁၄၉၀)

(၂) စမ်းချောင်း၊ ပေ(၁၂½×၅၀)၊ မြေညီထပ်၊ ထပ်ခိုးပြည့်ပါ (R.C) ပါ၊ BR(1),A/C(1),ရေမီး၊ ကျွန်းပါကေးပြည့်၊ ကြွေပြားပြည့်၊ ပြင်ဆင်ပြီး၊ အသင့်နေ(သန့်)၊ သိန်း ၉၁၀

**(ပွဲစားမလို) ဖုန်း-၀၉-၄၂၀၁၂၈၈၇၅၊ ၀၉-၅၀၇၁၁၄၄**

## ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ၏ တယ်လီဖုန်းနံပါတ်များ ပြောင်းလဲခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အလုံအိတ်ချိန်းရှိ တယ်လီဖုန်းအမှတ်များကို ၁၄-၁၁-၂၀၁၅ ရက်မှ စတင်၍ ပြောင်းလဲပြီးဖြစ်၍ ကုန်သည်စက်မှုအသင်းချုပ်မှ အသစ်ပြောင်းလဲသွားသည့် ဖုန်းနံပါတ်များကို အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

| ယခင်ဖုန်းနံပါတ် | ဖုန်းနံပါတ်သစ် | မှတ်ချက် |
|---|---|---|
| ၀၁-၂၁၇၂၀၇ မှ<br>၀၁-၂၁၇၂၁၆ အထိ<br>(ဖုန်း-၀၁-၂၁၇၂၁၂ မပါ) | ၀၁-၂၃၁၇၂၀၇မှ<br>၀၁-၂၃၁၇၂၁၆ အထိ<br>(ဖုန်း-၀၁-၂၃၁၇၂၁၂ မပါ) | လိုင်းခွဲနံပါတ်များမပြောင်းပါ |
| ၀၁-၂၁၄၃၄၀ မှ<br>၀၁-၂၁၄၃၄၉ အထိ | ၀၁-၂၃၁၄၃၄၀ မှ<br>၀၁-၂၃၁၄၃၄၉ အထိ | လိုင်းခွဲနံပါတ်များမပြောင်းပါ |
| ၀၁-၂၁၄၄၈၃ (Fax) | ၀၁-၂၃၁၄၄၈၃ (Fax) | |
| ၀၁-၂၁၄၄၈၄ (Fax) | ၀၁-၂၃၁၄၄၈၄ (Fax) | |

**ကုန်သည်စက်မှုအသင်းချုပ်**

# နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်
## A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ) စုစုပေါင်း ၂၂ ကျောင်းတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်း ရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာ ကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁၀-၁၂-၂၀၁၅ ရက်မှ စတင် ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၉-၁၂-၂၀၁၅ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့်ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။
(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)
(ဃ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

၁၀။ အသစ်ဖွင့်လှစ်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရန်ကုန်)အား မြေတိုင်းရပ်ကွက် ၄၂၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်တွင်လည်းကောင်း၊ အစိုးရစက်မှုလက်မှု သိပ္ပံ(မန္တလေး)အား (၂၈လမ်း×၇၀လမ်း)ထောင့်၊ ချမ်းအေးသာဇံမြို့နယ်တွင် လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ (လပွတ္တာ)အား လပွတ္တာမြို့သစ်၊ လပွတ္တာမြို့တွင်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**

---


# ယာဉ်မောင်းအလိုရှိသည်

## (၁) ရက်လျှင် ( ၁၀၀၀၀ ) ကျပ်

**အမှတ်(၁၀၄)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်**

**ကြော်ငြာပါသည့်နေ့မှ (၁) ပတ်အတွင်းလျှောက်ထားနိုင်ပါသည်**


---

### ကန့်ကွက်နိုင်ကြောင်းကြောင်းကြော်ငြာ

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၈၈၊ မြေကွက်အမှတ်-၆၀၆(က)၊ မြေကွက်တည်နေရာအမှတ်(၆၀၆/က)၊ (၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (ဒေါ်တင်စန်း)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်တင်စန်းထံမှ အရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဦးဝင်းဇော်နိုင်(၁၂/တမန(နိုင်)၁၀၃၃၁၅)မှ မြေချပါမစ်မူရင်း၊ အရောင်းအဝယ်အရပ်ကတိစာချုပ်တို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

# ဘားအံတက္ကသိုလ်
## ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်

ဘားအံတက္ကသိုလ်၊ ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ဘားအံတက္ကသိုလ်၊ ပင်မဆောင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၁။(က)ဘွဲ့နှင်းသဘင်အခမ်းအနား(၃၀-၁-၂၀၁၆)ရက် နံနက်ပိုင်းအစီအစဉ် နံနက် ၉း၀၀နာရီ

| | | |
|---|---|---|
| - မဟာသုတေသနဘွဲ့ | (၂၀၁၃-၂၀၁၄ ပညာသင်နှစ်) | (အထူးပြုအားလုံး) |
| - မဟာသိပ္ပံဘွဲ့ | (၂၀၁၃-၂၀၁၄ ပညာသင်နှစ်) | (အထူးပြုအားလုံး) |
| - သိပ္ပံ(ဂုဏ်ထူးဘွဲ့) | (၂၀၁၃-၂၀၁၄ ပညာသင်နှစ်) | (အထူးပြုအားလုံး) |
| - ဝိဇ္ဇာဘွဲ့ | (၂၀၁၄-၂၀၁၅ ပညာသင်နှစ်) | (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ) |
| -သိပ္ပံဘွဲ့ | (၂၀၁၄-၂၀၁၅ ပညာသင်နှစ်) | (ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ) |

**အစမ်းလေ့ကျင့်ရက် (၂၈-၁-၂၀၁၆)ရက် နံနက် ၉း၀၀ နာရီ ပင်မဆောင်ခန်းမ**

(ခ)ဘွဲ့နှင်းသဘင်အခမ်းအနား(၃၀-၁-၂၀၁၆)ရက် မွန်းလွဲပိုင်းအစီအစဉ် (မွန်းလွဲ ၂း၀၀နာရီ)

| | | |
|---|---|---|
| - မဟာသုတေသနဘွဲ့ | (၂၀၁၄-၂၀၁၅ ပညာသင်နှစ်) | (အထူးပြုအားလုံး) |
| - မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | (၂၀၁၄-၂၀၁၅ ပညာသင်နှစ်) | (အထူးပြုအားလုံး) |
| - ဝိဇ္ဇာဘွဲ့ | (၂၀၁၄-၂၀၁၅ ပညာသင်နှစ်) | (ပထဝီဝင်၊ သမိုင်း) |
| - သိပ္ပံဘွဲ့ | (၂၀၁၄-၂၀၁၅ ပညာသင်နှစ်) | (ဓာတုဗေဒ၊ သင်္ချာ) |

**အစမ်းလေ့ကျင့်ရက် (၂၈-၁-၂၀၁၆)ရက် နံနက် ၉း၀၀ နာရီ ပင်မဆောင်ခန်းမ**

၂။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားကို မပျက်မကွက် တက်ရောက်ကြရမည်။
၃။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(ကျား)တို့မှ ကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။
(မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)
၄။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများကို ၂၃-၁-၂၀၁၆ရက်မှစ၍ ဘားအံတက္ကသိုလ်၊ အခန်းအမှတ် (C-02)တွင် ထုတ်ပေးပါမည်။
၅။ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနနှင့် ဌာနမှူး၊ သင်တန်းရေးရာ ဖုန်း-၀၅၈-၂၃၃၄၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(မောင်မောင်)**
**ဌာနမှူး-သင်တန်းရေးရာ**
**ဘားအံတက္ကသိုလ်**

---

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၃၃၆၁)၊ ဧရိယာ ၀ဒသမ၁၁၀ ဧက ဒေါ်တင်တင်မြင့် အမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၃၁/၂၀၁၄ ၁၇-၁၁-၂၀၁၄ ဖြင့် ဒေါ်တင်တင်မြင့်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ဇင်ညီမ်းယု ၃/လဘန(နိုင်)၀၃၃၄၈၁ (ဘ)ဦးယုလွင် အောင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေး ပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၃၈၀၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ ဦးသောင်းရွှေ အမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၈၄/၂၀၁၅ (၈-၇-၂၀၁၅)ဖြင့် ဦးသောင်းရွှေ၏ အထူး ကိုယ်စားလှယ်ရရှိထားသူ ဒေါ်ဇင်ညီမ်းယု ၃/လဘန(နိုင်)၀၃၃၄၈၁ (ဘ)ဦးယုလွင်အောင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**ပြင်ဆင်မှုကိုချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်လျှောက်ထားခံရသူများသို့ ကြားသိစေသည့်**

# အကြောင်းကြားစာ
**မကွေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၉**

ဦးအောင်မင်း **နှင့်** ဦးလှရွှေ ပါ-၂၄
(၄င်းကိုယ်တိုင်နှင့် (၂)မှ (၈)အထိ
လျှောက်ထားသူတို့၏ ကိုယ်စားလှယ်)ပါ-၈
**လျှောက်ထားသူများ** **လျှောက်ထားခံရသူများ**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်စွဲပါ သရက်ခရိုင်တရားရုံး၏ တရားမအယူခံမှုအမှတ် (၁/၂၀၁၅) အမိန့်ကိုပြင်ဆင်မှု

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ အမှတ်(၄)ဦးကျော်သိန်း အမှတ် ၁၁၃၄၊ ဝေဿန္တရာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ လျှောက်ထားခံရသူ အမှတ်(၆) ဦးအောင်မြင့်၊ ရန်ပြေ ၂၁ လမ်း၊ သာကေတမြို့နယ်၊ လျှောက်ထားခံရသူ အမှတ်(၇)ဦးခင်ကြိုင်၊ အမှတ် ၁၂၃၊ ရိပ်သာလမ်း၊ ဘိုကုန်းရပ်၊ ရွှေစည်းခုံတောရ ကျောင်းအနီး၊ ပြင်ဦးလွင်မြို့၊ လျှောက်ထားခံရသူ အမှတ်(၈) ဒေါ်စန်းရီ ၂၁ လမ်း၊ သာကေတမြို့နယ်၊ လျှောက်ထားခံရသူ အမှတ်(၁၀)ဒေါ်မြင့်မြင့်ခင် ရွာသစ်ရပ်၊ ဆင်တဲ၊ ပန်းတောင်းမြို့နယ်၊ လျှောက်ထားခံရသူ အမှတ်(၁၃)ဦးထွန်းထွန်းလတ်၊ လျှောက်ထားခံရသူ အမှတ်(၁၄)ဒေါ်နီနီခင်၊ လျှောက်ထားခံရသူ အမှတ်(၁၅) ဒေါ်ဂျွန်းနီ၊ လျှောက်ထားခံရသူ အမှတ်(၁၆) ဒေါ်အေးအေးချော၊ လျှောက်ထားခံရသူ အမှတ်(၁၇)ဒေါ်ခင်သော်ဇင်၊ လျှောက်ထားခံရသူ အမှတ်(၁၈) ဒေါ်သူ၊ လျှောက်ထားခံရသူ အမှတ်(၁၉)ဒေါ်ဆွေဆွေဝင်း၊ လျှောက်ထားခံရသူ အမှတ်(၂၀)ဒေါ်မိုးမိုး၊ လျှောက်ထားခံရသူ အမှတ်(၂၁)ဒေါ်စိုးစိုးထွေး၊ လျှောက်ထားခံရသူ အမှတ်(၂၂) ဒေါ်စိုးစိုးအေး၊ လျှောက်ထားခံရသူ အမှတ်(၂၃)ဦးမိုးကျော်သူ၊ လျှောက်ထားခံရသူ အမှတ်(၂၄) ဒေါ်ဒညင်းလုံး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် သရက်ခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူများက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၇ ရက် (၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်) တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင်တို့အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ် ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ် ပြုလုပ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

**(အောင်ကျော်ကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မကွေးတိုင်းဒေသကြီးတရားလွှတ်တော်**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော (10) Ton Dump Truck ၂၀ စီးကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၈-၁၂-၂၀၁၅ ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက် အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး(၂)ရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၆၇**

| | | |
|---|---|---|
| ဒေါ်နှင်းအိအိလှိုင် | **နှင့်** | ဦးပြည်စိုးထွန်း |
| အမှတ် ၁၄၆၊ ပန်းချယ်ရီလမ်း၊ | | အမှတ် ၁၄၆၊ ပန်းချယ်ရီလမ်း၊ |
| ခရေပင်ရိပ်မွန်အိမ်ရာ၊ မင်္ဂလာဒုံမြို့နယ်၊ | | ခရေပင်ရိပ်မွန်အိမ်ရာ၊ မင်္ဂလာဒုံမြို့နယ်၊ |
| ရန်ကုန်တိုင်းဒေသကြီး။ | | ရန်ကုန်တိုင်းဒေသကြီး။ |
| | | (ယခုနေရပ်လိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပန်းချယ်ရီလမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာနေ ဦးပြည်စိုးထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းအိအိလှိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပ ပြောဆိုနိုင်သူတစ်ဦးဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ရက် (၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၇ ရက်) မွန်းမတည့်မီအချိန်အတွင်း အထက်အမည် ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဆိုပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေး လိုက်သည်။

**(အောင်နိုင်စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

---

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ[ခ]၊ မြေကွက်အမှတ် ၄/၈၊ ဧရိယာ ၀ ဒသမ ၂၄၇ ဧကရှိ ဦးကျော်ဆန်းဦး အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အမှတ် ၁၆၉၊ ကာယ ၇ လမ်း၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သော (ရေ၊ လျှပ်စစ်မီးအပါ)နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ၁၀-၁၂-၂၀၁၅ ရက်တွင် လက်ရှိအမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးမြင့်** | **ဒေါ်ဝေ LL.B** |
| **H.G.P, LL.B, D.B.L** | **အထက်တန်းရှေ့နေ (စဥ်-၃၅၉၁၃)** |
| **WIPO 101, 201, GENEVER** | |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၆၇၂၈)** | |

**အမှတ် ၉/၁၁၊ အခန်း ၂၀၃-ဘီ၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

# လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အမှတ် ၁၉၉၊ အောက်လမ်းမကြီးနေ (အဖ)ဦးဟန်လင်းမော် - (အမိ) ဒေါ်ဘေဘီညွှန့်တို့၏သား ကိုမင်းမင်းဟန်လင်း ၁၀/မလမ (နိုင်)၁၈၄၉၈၇ နှင့် မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အမှတ် ၁၀၆၊ ဗဟိုလမ်းနေ (အဖ)ဦးကျင်ဟန် - (အမိ- ဒေါ်နွယ်နွယ်အေး) (မနွယ်ပန်းကန်ဆိုင်)တို့၏သမီး မသီရိ စုနွယ် ၁၀/မလမ(နိုင်)၁၃၁၅၂၃ တို့သည် မော်လမြိုင်မြို့ ခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၁၈/၂၀၁၅ ဖြင့် ဒုတိယခရိုင်တရားသူကြီး (၃) ဒေါ်ခင်ဆွေမြင့်ရှေ့မှောက်၌ ၂၀၁၅ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် မသီရိစုနွယ် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိခဲ့ပြီးဖြစ်သဖြင့် ထိုနေ့မှ စ၍ ကျွန်မနှင့် ကိုမင်းမင်းဟန်လင်းတို့သည် တရားဝင် လင်မယားအဖြစ်မှကွာရှင်းပြတ်စဲခဲ့ပြီး တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**မသီရိစုနွယ်**
**၁၀/မလမ(နိုင်)၁၃၁၅၂၃**

## ၂၀၁၆ - ခုနှစ် အဋ္ဌမတန်းစာမေးပွဲကြီး ဖြေရတော့မယ်

အောင်ပွဲဝင်ရန် လေ့လာထားရမည့်

မေးခွန်းပုံစံ နှင့် အမေးပုံစံများ သိထားဖို့

၂၀၁၅ - ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၇)ခုတွင် မေးခဲ့သည့်

**လက်ဆောင်သစ်** Reg. 3616/2010

ထွက်နေပြီ

မေးခွန်း (၁၇)စုံ ဘာသာစုံ မေးခွန်းပေါင်းချုပ်

အမေးကိုအမှတ်ပေးစည်းမျဉ်းနှင့်အညီဖြေတတ်ဖို့

ကျောင်းသားအများဆောင် **ရွှေလက်ဆောင်** Reg. 3123/2003

မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ အထွေထွေသိပ္ပံ

မေးခွန်း (၁၇)စုံနှင့် စံပြအဖြေများ

တစ်ဘာသာ တစ်အုပ်ချင်း



## ပျို့မေတို့တစ်တွေ

အသားအရေ ဝါဝါဝင်း နုဂိုရည်ထက်
စိုပြည်ကာ သွေးသားသန့်ရှင်းရောဂါကင်းစေဖို့
ကေမ္ဘာမှ နန္ဒင်းလုံး ကို အစဉ်သုံးပါ
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - 1010YR001475
မီးနေသည်များပါ သုံးနိုင်ပါသည်။
ကေမ္ဘာမြန်မာ့ဆေးထုတ်လုပ်ဖြန့်ချိရေး၊ ရန်ကုန်မြို့
ဗိုလ်ချုပ်ဈေး (အပေါ်ထပ်)၊ အမှတ် (၂၈)၊ မြောက်ဘက်တန်း။
ဖုန်း - ၅၄၉၁၁၆


### သိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၁၆၊ မြေညီထပ်၏ အိမ်ခန်းပိုင်ရှင် ဦးတင်မြင့် (ဘ) ဦးစိန်ဝင်း ၁၂/ပဘတ(နိုင်)၀၂၃၈၀၄ မှ မြေပိုင်ရှင် ဦးမူဆာ ၁၂/လသန(နိုင်) ၀၁၃၅၄၆ အား ယခင်အတိုင်း အိမ်လခ ပေးသွင်းရန် အဆင်သင့်ရှိနေသော်လည်း မြေပိုင်ရှင်က လာရောက်ကောက်ခံခြင်း မရှိပါသဖြင့် လာရောက်ကောက်ခံပါရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးတင်မြင့် ၁၂/ပဘတ(နိုင်)၀၂၃၈၀၄**


**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-8623188
09-5195949


### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ် (၂၇/ဘီ)၊ ၃-လွှာ၊ ရွှေလောင်းလမ်း ဟုခေါ်တွင်သော တိုက်ခန်း ခန့်မှန်းခြေအကျယ်အဝန်း (၁၂'၄"×၅၀')ရှေ့ မီး အပါအဝင် မရွှေ့ မပြောင်းနိုင်သောပစ္စည်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အမည်ပေါက် ပိုင်ဆိုင်သူ ဦးရဲမြင့်သိန်း (၁၂/ကမရ(နိုင်) ၀၁၃၅၄၆) ထံမှ ကျွန်ုပ် မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံပေး ကတိစာချုပ် ချုပ်ဆိုထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းကြွယ်(ဝါးခယ်မ) အထက်တန်းရှေ့နေ၊(စဉ်-၄၁၀၉)
အမှတ်(၂၉)၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၅၃၇၀၉၂




We must work together! We must build our Nation!
သင်..အသက်ငယ်ငယ်နဲ့ အောင်မြင်ချင်ပါသလား ➡ လူငယ်မန်နေဂျာသင်တန်း
MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
www.facebook.com/mlinstitute
YOUNG MANAGER TRAINING
သင်တန်းများအားလုံးကို ABE (UK) ၏ ကမ္ဘာ့အမှတ်အများဆုံးဆု (WORLD FIRST) ရရှိထားသော ဆရာ **လင်းသိုက်ညွန့် (မြန်မာ့မြေ)** ကိုယ်တိုင်သင်ကြားပေးပါမည်။
စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူ လူငယ်တိုင်းအတွက် . . .

- အခြေခံစီးပွားရေးစီမံခန့်ခွဲမှုပညာ (Basic Business Management)
- Marketing, HR, Operation အခြေခံ အသိသုတများ
- Business Plan, Business Model ရေးဆွဲနည်း
- ခေါင်းဆောင်မှုပညာ (Leadership Skill)
- အပြုသဘောရှုမြင်မှု၊ စကားပြောဆိုမှုပညာ
- Problem Solving Skill, How to get idea ?

၂၆-၁၂-၂၀၁၅ ဖွင့်မည်။ သင်တန်းကာလ (၂-လ)၊ Sat-Sun 5:30 pm to 7:30
တော်ဝင်စင်တာ New Campus တွင် သင်ကြားပါမည်
သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များမှလည်း Guest Speaker များအဖြစ် ပါဝင်ဆွေးနွေးပေးပါမည်။
Campus 1 - 209(B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)
Contact : 548500,09259290273,09259290274,0932350785,095010014 website : www.lynnthaiknyunt.com


### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့၊ မြေကွက်အမှတ် ၁၁/၂-၃၆၅၊ ဧရိယာပေ(၄၀×၆၀)ရှိ ဦးစိုးနိုင် ၁၂/ဥကမ(နိုင်)၀၅၁၅၁၄ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဦးသိန်းမျိုးထွန်း ၇/သနပ(နိုင်) ၀၇၄၄၀၄ထံမှ ဦးဇော်နောင်ထွေး ၇/ဒဥန(နိုင်)၁၁၈၁၀၂က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်နောင်ထွေး**
**ဖုန်း-၀၉-၅၀၃၄၇၆၂**

### အများသိစေရန်ကြေညာချက်

၁။ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉-ဘီ၃၊ မြေကွက်အမှတ် ၈၃၊ အမှတ် ၅၇တွင် ၈½ထပ်တိုက် (Lift-ပါ) ဆောက်လုပ်ခွင့်အား ဤဌာန၏ ၁၃-၃-၂၀၁၁ ရက်စွဲပါစာအမှတ် ၂၇၅၆/၂၈၄၆/စည်ပင်-ယာ(အုံ)ဖြင့် မြေရှင် ဒေါ်တင်တင်သင်း(GP)ရရှိသူ ဦးသိန်းနိုင် လိုင်စင်ကန်ထရိုက်တာ ဦးကျော်မြင့် LC-၃၇၅ (Father Land ဆောက်လုပ်ရေး) လိုင်စင်အင်ဂျင်နီယာ ဦးဝင်းတင် LS - ၃၉၀ တို့ဖြင့် ဆောက်လုပ်ခွင့် ပြုထားပါသည်။

၂။ ယခုအခါ 6th to 7th Column Form Work လုပ်ငန်းဆောင်ရွက်ဆဲတွင် လုပ်ငန်းရပ်ဆိုင်းလျက်ရှိခြင်းအပေါ် မူလခွင့်ပြုလိုင်စင်ကန်ထရိုက်တာဦးကျော်မြင့် LC-၃၇၅ အစား ဦးဇော်ဝင်း LC-၇၉၈သို့လည်းကောင်း၊ မူလခွင့်ပြုလိုင်စင်အင်ဂျင်နီယာ ဦးဝင်းတင် LS-၃၉၀အစား ဦးအောင်မြင့် LS-၉၉၉ သို့လည်းကောင်း ပြောင်းလဲ၍ ၈½ထပ်တိုက် Lift-ပါ ဆောက်လုပ်ခွင့်အား သက်တမ်းတိုးဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်ဒေါ်တင်တင်သင်းနှင့် ပြောင်းလဲဆောင်ရွက်မည့် လိုင်စင်ကန်ထရိုက်တာနှင့် လိုင်စင်အင်ဂျင်နီယာတို့မှ တင်ပြလာသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


နှစ်စဉ်အမေးအများဆုံးနှင့် အမေးနိုင်ဆုံးမေးခွန်းနှင့်အဖြေများကို ကြိုတင်လေ့ကျင့်နိုင်စေရန်

ကံ့ကော်ရိပ်
၂၀၁၆ ခုနှစ်
တက္ကသိုလ်ဝင်တန်း
HOT SPOT
မေးခွန်း (၅) စုံ
အဖြေများ နှင့်

| | | |
|---|---|---|
| မြန်မာစာ | ဦးထွန်းသန်း | (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | ယမင်းသိင်္ဂီ | (အင်္ဂလိပ်စာ) |
| သင်္ချာ | ဦးမြင့်သန်း | (တွဲဖက်ပါမောက္ခ-ငြိမ်း) |
| ရူပဗေဒ | ဒေါက်တာခင်လှိုင် | (တွဲဖက်ပါမောက္ခ-ရန်ကုန်တက္ကသိုလ်) |
| ဓာတုဗေဒ | ဦးစောအောင်မြင့် | (တွဲဖက်ပါမောက္ခ-ငြိမ်း) |
| ဇီဝဗေဒ | ဒေါက်တာသိန်းထွန်း | (ပါမောက္ခ) |
| ပထဝီ | ဒေါက်တာမေမြင့် | (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ | (သမိုင်းဌာန) |
| ဘောဂဗေဒ | ဦးလှသိန်း | (စီးပွားရေးတက္ကသိုလ်) |

မေးခွန်း (၅) စုံနှင့်အဖြေများ GRADE-11 တက္ကသိုလ်ဝင်တန်း

ကံ့ကော်ရိပ်
၂၀၁၆ ခုနှစ် စာမေးပွဲအနီးကပ်

| | |
|---|---|
| စတုတ္ထတန်းဘာသာစုံ | မေးခွန်း (၅) စုံနှင့် အဖြေများ |
| အဋ္ဌမတန်းဘာသာစုံ | မေးခွန်း (၅) စုံနှင့် အဖြေများ |

Student's Review
၂၀၁၅-၂၀၁၆ ခုနှစ် ခန့်မှန်းမေးခွန်း

| | |
|---|---|
| စတုတ္ထတန်းဘာသာစုံ | မေးခွန်း (၅) စုံနှင့် အဖြေများ |
| အဋ္ဌမတန်းဘာသာစုံ | မေးခွန်း (၅) စုံနှင့် အဖြေများ |

ကောရီစံစာပေ
C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုံး-၀၉၇၃၀၅၁၁၁၄၊
အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁P)၊ မြေကွက် အမှတ်-(ပဥ္စမတန်းစား ၁၄၅) မြေကွက်တည်နေရာအမှတ် (၂၇)၊ လမ်း (၁၃၀)၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (Abdul Sattar) အမည်ပေါက်နှစ် ၉၀ဂရန်(သက်ကုန်) မြေအား အမည်ပေါက် Abdul Sattar (အဘိုး)၊ ဒေါ်ငွေတင့်(အဘွား)တို့ကွယ်လွန်သဖြင့် တရားလိုများ (၁) ဦးမောင်မောင်၊ (၂) ဒေါက်တာထွန်းအောင်၊ (၃) ဦးအောင်သန်း၊ (၄) ဒေါ်စန်းစန်းမြင့်၊ (၅) ဦးထွန်းမင်း၊ (၆) ဦးအောင်နိုင်မိုး၊ (၇) ဦးအောင်ခိုင်မိုးတို့မှ ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်(၄၁/၂၀၀၀)ဖြင့် တရားပြိုင်များဖြစ်ကြသော (၁)ဒေါ်မြင့်မြင့်ဝင်း၊ (၂)ဦးရဲမြင့်၊ (၃)ဒေါ်ခင်သူဇာ၊ (၄) ဦးထွန်းဝင်း၊ (၅) ဒေါ်စန္ဒာစိန်တို့အား အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုဖြင့်တရားစွဲဆိုပြီး၊ ၎င်းအမိန့်တင်ပြကာ ဦးမောင်မောင်ကွယ်လွန်သဖြင့်၊ ဇနီး ဒေါ်ခင်အေး ၁၂/ရကန(နိုင်)၀၅၀၇၁၂၊ သား ဦးအောင်ကျော်မိုး ၁၂/ရကန(နိုင်)၀၄၉၉၆၇၊ သမီး ဒေါ်ဝင်းမင်းသန်း ၁၂/ရကန(နိုင်)၀၄၉၇၅၆ တို့မှလည်းကောင်း၊ ဒေါက်တာထွန်းအောင် ကွယ်လွန်၍ ဇနီးဒေါ်ရင်တီ ၁၂/မဂတ(နိုင်)၀၁၅၁၃၄၊ သမီး ဒေါ်ကေသီအောင် ၁၂/မဂတ(နိုင်)၀၁၅၄၈၀ တို့မှလည်းကောင်း၊ ဦးအောင်ခိုင်မိုး ကွယ်လွန်သဖြင့် ဇနီးဒေါ်စန်းမြင့်ကြွယ် ၁၂/မဂတ(နိုင်)၀၁၅၇၇၂၊ သား ဒေါက်တာအောင်ဇော်မိုး ၁၂/စခန(နိုင်)၀၆၂၅၀၉တို့မှလည်းကောင်း၊ ကျန်တရားလိုတရားပြိုင်များဖြစ်ကြသော ဦးအောင်သန်း ၁၂/မဂတ(နိုင်)၀၁၅၁၃၃၊ ဒေါ်စန်းစန်းမြင့် ၁၂/မဂတ(နိုင်)၀၁၅၀၉၉၊ ဦးထွန်းမင်း ၁၂/သဃက(နိုင်)၀၅၅၉၁၉၊ ဒေါက်တာအောင်နိုင်မိုး ၁၃/တခလ(နိုင်)၀၂၈၀၂၉၊ ဒေါ်စန္ဒာစိန် ၁၂/မဂတ(နိုင်)၀၃၁၂၅၈၊ ဒေါ်ခင်သူဇာ ၁၂/ဗတထ(နိုင်)၀၂၄၃၂၂၊ ဦးထွန်းဝင်း ၁၂/မဂတ(နိုင်)၀၈၆၃၄၃ တို့မှ မြေးမြစ်များတော်စပ်ကြောင်း တရားရုံးအမိန့်၊ ကျမ်းကျိန်လွှာများတင်ပြ၍၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်(မြေပုံကူး)နှင့် စွန့်လွှတ်စာချုပ်ရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက၊ ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မိုးထွန်း ၁၀/မဒန(နိုင်)၁၁၄၂၈၀၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၀၀၄၂၀**

### ပျောက်ဆုံးကြောင်း

ကျွန်မ တင်တင်နွယ် ၁၄/ဇလန(နိုင်)၀၅၃၃၀၀ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၈၄၄၁၈၁**

## ဝမ်းနည်းကြေကွဲခြင်း
## သခင် တင်ဦး
### (ဗိုလ်သခင် ဆရာ)
### အသက် (၉၄)နှစ်

ဦးဆုတင်(Ace Dragon Co.,Ltd)-ဒေါ်စိုးစိုးရီ(ခိုင်မာသော ပန်းတိုင်ဆောက်လုပ်ရေး)၏ဖခင် သခင်တင်ဦးသည် ၁၀-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၆း၂၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးငွေဦး (ဒုဥက္ကဋ္ဌ-ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)နှင့်ဇနီး ဒေါ်နီနီဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်နုနု အသက်(၈၂)နှစ်

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာနှင့်ဘာသာစကား ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးဝင်းမြင့်မောင်(ငြိမ်း)(OTS-68)-ဒေါ်သူဇာကြည်တို့၏မိခင်ကြီး ဒေါ်ခင်နုနု အသက်(၈၂)နှစ်သည် ၁၂-၁၂-၂၀၁၅ရက်(စနေနေ့) ည ၀၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ဇော်မြင့်နှင့်ဝန်ထမ်းများ မိသားစု**
**မြန်မာစာနှင့် ဘာသာစကားပညာရေးဦးစီးဌာန**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာခင်မောင်ညွန့် (သုံးဆယ်မြို့)
### (Ph.D, London)
### (ပါမောက္ခချုပ်၊ ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)
### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်း၊ ၆မိုင်၊ အမှတ် ၂၈နေ (ဦးချစ်ညွန့်- ဒေါ်ခင်ကြီး)တို့၏သား၊ (ဒေါ်ကြည်ကြည်)၊ ဒေါ်ရီရီတို့၏ မောင်၊ (ဦးခင်မောင်သန်း-ဒေါ်ညွန့်မေ)၊ (ဒေါ်ခင်လေးသွယ်)၊ ဦးခင်မောင်သိုက်- (ဒေါ်နီနီကျင်)၊ ဦးခင်မောင်တင့် (အမှုဆောင်အင်ဂျင်နီယာ၊ ငြိမ်း၊ MEPE)- ဒေါ်ခင်လေးနွယ် (ကထိက၊ ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏အစ်ကိုကြီး၊ ဦးမြင့်သိန်း (MCM Co., Ltd.)- ဒေါ်မိုးသူခင်၊ ဦးဝင်းထိုက် (လ/ထ ညွှန်ကြားရေးမှူး၊ တဆရ-၄၊ ဆည်မြောင်းဦးစီးဌာန)- ဒေါ်နီလာ၊ ဒေါက်တာလွင်မောင်မောင်သိုက် (ခေတ္တ-ကမ္ဘောဒီးယား)- (ဒေါက်တာစိုးစိုးထွန်း)၊ ဦးနေလင်း (2E, PIL)- ဒေါ်ဒေဝီခင်တို့၏ဘကြီး၊ မောင်ထွဋ်ဦးလင်း (2nd Year, Ngee Ann Poly, Singapore)၊ မမိုးသိမ့်ဖြူ (ဒုတိယနှစ်၊ နည်းပညာတက္ကသိုလ်)၊ မနှင်းမွန်ထိုက် (Grade-11၊ ဒဂုံ-၁)တို့၏အဘိုးသည် ၁၁-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၁၀၀/က)၊ အကျယ်အဝန်း (၄၀'×၈၀')ရှိသော နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် (၁၀၀)ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသော ဦးခင်စိုး ၁၂/ဥကတ(နိုင်)၁၃၂၄၅၆ နှင့် ဒေါ်အိဆင်းလ ၁၃/ကတန(နိုင်)၀၀၀၂၉၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဥ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L (ဥပဒေအကျိုးဆောင်)**
**တိုက်အမှတ် -၃ (အေ)၊ ၃-လွှာ (ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း (၁)လမ်း၊ အမှတ်(၂၀)၊ ၄- လွှာ(ခြေရင်းခန်း) ဟုခေါ်တွင်သော တိုက်ခန်းကို လွှဲပြောင်းရောင်းချနိုင်သည်ဟုဆိုသူ ဒေါ်အေးဝင်း ၁၂/လမန(နိုင်)၁၀၃၅၁၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကိုပေးအပ်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းနိုင်အောင် LL.B, C.B.L (အထက်တန်းရှေ့နေ) (စဥ်-၃၀၂၈၂)**
**ဖုန်း-၀၉-၅၁၂၅၆၀၂**

## (ကမ-၃)ပျောက်ဆုံးကြောင်း
## လျှောက်ထားခြင်း

ယာဥ်အမှတ် ၉က/၃၀၉၈၊ မစ်ဆူဘီရှီကန်တာလိုက်ထရပ်လက်ဝယ်ရှိသူ စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်နေ ဦးမြတ်ချို ၁၁/မတန(နိုင်)၀၁၁၄၇၀ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် သတင်းစာတွင်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန(ပြည်နယ်ရုံး)၊ စစ်တွေသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

## (ကမ-၃)ပျောက်ဆုံးကြောင်း
## လျှောက်ထားခြင်း

ယာဥ်အမှတ် ၃၈ဃ/၁၅၅၆၅၊ Aguo 125 ဆိုင်ကယ်လက်ဝယ်ရှိသူ စစ်တွေမြို့ ဘောက်သီးစုရပ်ကွက်နေ ဦးတင်လှ ၁၁/စတန(နိုင်)၀၃၄၉၈၅ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် သတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန(ပြည်နယ်ရုံး)၊ စစ်တွေသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

## ဝမ်းနည်းကြေကွဲခြင်း
## သခင်တင်ဦး
### ဗိုလ်သခင်ဆရာ
### အသက် (၉၄)နှစ်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မိချောင်းရဲနေ(ဦးဘသစ်-ဒေါ်အေးတင်)တို့၏သား၊ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ ဝိဇ္ဇာလမ်း၊ အမှတ် ၂၃နေ (ဒေါ်ညွန့်ညွန့်ဆွေ)၏ခင်ပွန်း၊ ဦးဆုတင် (Ace Dragon Co.,Ltd)-ဒေါ်စိုးစိုးရီ (ခိုင်မာသော ပန်းတိုင်ဆောက်လုပ်ရေး)၏ဖခင်သည် ၁၀-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RGK+ZNA Group**
**Management and Staff**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီးဘသန်း (ငြိမ်း)
### Royal Military Academy, Sandhurst ကျောင်းဆင်း
### အသက်(၈၇)နှစ်

သူငယ်ချင်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီးအောင်သန်း-ဒေါ်ဥမ္မာနိုင်တို့၏ဖခင်ဖြစ်သူ ဗိုလ်မှူးကြီးဘသန်း(ငြိမ်း)သည် ၇-၁၂-၂၀၁၅ရက်တွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဥ်(၂၅)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဦးဘစိန်(၂) မြိတ်
### အကောက်ခွန်အရာရှိ(ငြိမ်း)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ (၉)ရပ်ကွက်၊ ဇာနည် ၁၀လမ်း၊ အမှတ်(၄၀၁-က)နေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ (ဦးထူးအုန်-ဒေါ်သင်း)တို့၏သား၊ ဦးနေဝင်း-ဒေါ်ချိုချိုစိန်၊ (ဦးနေဝင်း)-ဒေါ်ဖြူဖြူစိန်၊ ဦးအောင်မိုးမြင့်၊ ဦးစိုးပိုင်-ဒေါ်သန္တာ၊ ဦးသန်းစိုး-ဒေါ်စန်းစန်းရင်၊ ဦးကျော်ထွေး-ဒေါ်ကျော့ကျော့မှူးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၁၁-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆- ၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရာတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်မူ (B.A) (ညောင်တုန်း) အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် ၆၁/၁စီနေ (လွှတ်တော်ရှေ့နေကြီး ဦးဘသောင်း-ဒေါ်မမလေး)တို့၏သမီး၊ (ဦးထွန်းရှိန်၊ အင်ဂျင်နီယာချုပ်၊ ငြိမ်း၊E.P.C)၏ချစ်လှစွာသောဇနီး၊ (ဦးတင်အေး-ဒေါ်တင်အေး)၊(ဦးအောင်သန်း-ဒေါ်စန်းမေ)၊ ဦးကျော်ငြိမ်း-ဒေါ်ညွန့်ညွန့်မူ၊ (ဒေါက်တာကျော်လင်း-ဒေါက်တာဖြူဖြူမြင့်)၊ (ဦးမြင့်သိန်း)-ဒေါ်စောတင်တို့၏ညီမ/အစ်မ၊ (ဦးထွန်းအေး)-ဒေါ်တင်တင်မြင့်တို့၏မရီး၊တူ/တူမ၂၃ယောက်တို့၏ကြီးတော်သည် ၁၁-၁၂-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇- ၁၂-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရာတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ကြည်ကြည် အသက် (၈၂)နှစ်
### ဒုအထွေထွေမန်နေဂျာ (ငြိမ်း)
### စက္ကူစာတိုက်ပုံကော်ပိုရေးရှင်း (ကုန်သွယ်ရေး)

ရန်ကုန်မြို့နေ (ဦးထွန်းချိန်-ဒေါ်လှမြင့်)တို့၏သမီး၊ (ဦးဘဟုန်-ဒေါ်သင်းကြူ)တို့၏သမီးချွေးမ၊ ဦးတင်ဝင်း (အင်ဂျင်နီယာ၊ ငြိမ်း)၏ဇနီး၊ ဦးအေးနိုင်ဝင်း၊ ဒေါက်တာစန်းလွင်-ဒေါက်တာဝေဝေမွန်၊ ဦးကျော်နိုင်ထွန်း-ဒေါ်ခိုင်ခိုင်၊ ဦးမင်းအောင်-ဒေါ်စန္ဒာဝင်းတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၁-၁၂-၂၀၁၅ရက် (သောကြာနေ့)ည၁၁နာရီတွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့)တွင် တိုင်းရင်းသားသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဝင်းနိုင် အသက်(၅၂)နှစ်
### (စက်မှုလယ်ယာ၊ ကျိုက္ကလို့)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး ၅လမ်း၊ အမှတ် ၇၉နေ ဦးလှမောင်-ဒေါ်ကြည်ကြည်မြင့်တို့၏သား၊ (ဦးဆန်းငွေ)၊ (မနီနီထွေး)၊ ဦးအောင်သူ (မြို့နယ်ဦးစီးဌာနမှူး၊ သစ်တောဦးစီးဌာန၊ သဲကုန်းမြို့နယ်)- ဒေါ်လှလှနွယ်တို့၏ ညီ/မောင်၊ ဦးကျော်ငွေ၊ ဗိုလ်ကြီးစန္ဒာထွေး (ငြိမ်း၊ BPI စက်ရုံ)တို့၏အစ်ကို၊ တူ တူမ သုံးယောက်တို့၏ ဦးလေးသည် ၁၁-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးခင်မောင်ညွန့် (၈၅)နှစ်
### ပါမောက္ခချုပ် (ငြိမ်း) - စီးပွားရေးတက္ကသိုလ်

မြန်မာနိုင်ငံ စာရင်းအင်းပညာအသင်း (MSA) ၏ ဂုဏ်ထူးဆောင်နာယကတစ်ဦး ဖြစ်ပြီး စာရင်းအင်းပညာရှင်ကြီးတစ်ဦး လည်းဖြစ်သူ ဒေါက်တာဦးခင်မောင်ညွန့် (Ph.D, Landon) သည် ၁၁. ၁၂. ၂၀၁၅ (သောကြာ)နေ့တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရသဖြင့် စာရင်းအင်းပညာလောကအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ခုအဖြစ် MSA အနေဖြင့် ခံစားရသည့်အပြင် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း (MSA)**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ပိဋကတ်သုံးပုံဒါယိကာမကြီး
## ဒေါ်ခင်အေး
### ဂန္ဓမာလာ မိသားစု
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊(၇)ရပ်ကွက်၊ဦးဝိဇ္ဇာလမ်း၊ အမှတ် (၁၁-ဘီ)၊ ပထမထပ်-(ဝဲ)နေ သမာဓိမြို့ဝန်မင်း(ဦးဘိုးလှိုင်-ဒေါ်မွှေးအုံ)တို့၏သမီး၊ (ဒေါ်ခင်မြမြ)၊ ဦးခင်လတ်တို့၏အစ်မသည် ၁၁-၁၂-၂၀၁၅ရက်(သောကြာနေ့) ည ၁၁း၁၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

၄-၁၂-၂၀၁၅ ရက် နံနက် ၃း၂၀ နာရီတွင် ကွယ်လွန်သွားသော မိခင်ကြီးဒေါ်ကြင်ထွေး အသက် (၇၆)နှစ် (မူလတန်းပြ- ငြိမ်း၊ အထက-၂၊ တောင်ကြီး)၏နာရေးနှင့် ရက်လည်ဆွမ်းကျွေးတရားနာယူရာတွင် မေတ္တာဖြင့်အားပေးနှစ်သိမ့်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ နာရေးအစမှအဆုံး ကူညီပေးခဲ့သော အမျိုးသားပြတိုက်(ရန်ကုန်)မှ ဝန်ထမ်းများ၊ နာရေးပို့ဆောင်ရာတွင် ယာဉ်အကူအညီပေးခဲ့သော ''လုမ္ဗိနီ'' အထူးအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ရက်လည်ဆွမ်းကျွေးအလှူအတွက် မေတ္တာဖြင့်ကူညီချက်ပြုတ်ပေးခဲ့သော ''နန်းထိုက်'' ရှမ်းခေါက်ဆွဲဆိုင်၊ ရက်လည်ဆွမ်းကျွေးတရားနာအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ သွေးသောက်ကြေး၊ သင်္ကန်းပရိက္ခရာများ၊ လွမ်းသူ့ပန်းခြင်းများပေးပို့လှူဒါန်း ကူသိုလ်ပါဝင်ကြသူများ၊ မေတ္တာရှေ့ထားဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ၊ တယ်လီဖုန်း၊ E-mail လူမှုကွန်ရက်ဆက်သွယ်ရေးစာမျက်နှာများတွင် ဝမ်းနည်းကြောင်း ဖော်ပြနှစ်သိမ့်အားပေးကြသော ပြည်တွင်းပြည်ပမှ ဆွေမျိုးမောင်နှမမိတ်ဆွေသူငယ်ချင်းလုပ်ဖော်ကိုင်ဖက်များနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘိုအုန်း
### ဒေးဒရဲမြို့၊ မလွန်ဆန်လှူသင်းထောက် (ဥက္ကဋ္ဌ)
### အသက် (၇၅)နှစ်

ဒေးဒရဲမြို့၊ ကမ်းနားလမ်း၊ အမှတ် (၃၃)နေ ဒေါ်ခင်လေး၏ခင်ပွန်း ဒေးဒရဲမြို့ မလွန်ဆန်လှူသင်းထောက်၏ဥက္ကဋ္ဌ ဦးဘိုအုန်း အသက် (၇၅)နှစ်သည် ၈-၁၂-၂၀၁၅ ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မန္တလေးမြို့ မလွန်ဆန်လှူအသင်းကြီး၏ ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့မှ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့**
**မလွန်ဈေးဆန်လှူအသင်းကြီး၊ မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဘိုအုန်း (ဒေးဒရဲမြို့)
### အသက် (၇၅)နှစ်

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းနှင့် ဇနီးဒေါ်ရွှေရည်ဝင်းတို့၏ မွေးသဖခင် ဦးဘိုအုန်းသည် ၈-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့) ည ၈း၁၅ နာရီတွင် ဒေးဒရဲမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုအောင်ကျော်မိုး-မဝါဝါလွင် မိသားစု**
**လမ်းဦးစီးဌာန၊ ပူတာအိုခရိုင်**

## ချစ်ဇနီး-ဒေါ်မီမီကို (ပေါက်လေး) အတွက်

- တို့တစ်တွေကို ခွဲခွာသွားခဲ့တာ ၁၄-၁၂-၂၀၁၅ ရက်မှာ ၄၅ ရက်ပြည့်ခဲ့ပါပြီ။
- အဖြစ်အပျက်တွေက မနေ့တစ်နေ့ကလို ခံစားရဆဲပါ။
- လူတိုင်း သွားရမယ့်လမ်းမှန်းသိပေမယ့် သွားတာစောလွန်းလှပါတယ်။
- ပြောပြောနေတဲ့ မိသားစုအတွက် Essential Daddy ဖြစ်အောင် ကြိုးစားရင်း သားနဲ့သမီးကို စောင့်ရှောက်သွားပါမယ်၊
- ပေါက်လေးအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုလှူဒါန်းမှုတွေ ပြုလုပ်ပေးလျက်ရှိတဲ့အတွက် သာဓုခေါ်ပါ၊
- စိတ်ကောင်းရှိတဲ့အတွက် ကောင်းမွန်ရာဘုံဘဝကို ရောက်ရှိနေမယ်ဆိုတာ ယုံကြည်လျက်ပါ။

**ဒုတိယဗိုလ်မှူးကြီးတင်ကိုကို (ငြိမ်း)**
**သမီး- မသန့်နွယ်ကိုကို(ကစ်ကစ်)**
**သား- မောင်ခန့်ထည်ကိုကို (ကူးကူး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာကိုကိုဦး
### ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### အသက် (၅၄)နှစ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး အသက်(၅၄)နှစ်သည် ၉-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်(အာရှ)မိသားစုနှင့်**
**ဒေါက်တာခင်မာကြူ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)မိသားစု**
**ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

## မောင်ခက်ဝေစိုး
### အသက် (၃၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ အမှတ် ၄၃၁၊ စစ်ကိုင်းလမ်း၊ ရွှေပေါက်ကံမြို့သစ်နေ ဗိုလ်ကြီးမြဆိုင်(ငြိမ်း)- ဒေါ်ခင်သန်းဝင်းတို့၏သား၊ ဦးနီတိုး-ဒေါ်ချိုချိုစီတို့၏ သားသမက်၊ တကက ရန်နောင်စိုး-မသက်မွန်ငွေ၊ (မနှင်းရီစိုး)တို့၏ ညီ/မောင်၊ မောင်သက်ဝေစိုး၏အစ်ကို၊ မသက်ထားစံ၏ ဦးလေး၊ မချောစုထွေး၏ ချစ်လှစွာသောခင်ပွန်း၊ မတေးဦးဝေ၊ မောင်ဝေဖြိုးအောင်တို့၏ဖခင်သည် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ခင်နုနု (ထားဝယ်)

**M.E.H.S / အထက(၁)ဒဂုံ ဆရာမ**

**စာစဉ်နည်းပြ(အငြိမ်းစား)၊ တက္ကသိုလ်စာပေးစာယူဌာန**

**လုပ်သားကောလိပ်၊ ပထဝီဝင် ဆရာမကြီး**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၉၊ ကီလီရိပ်သာနေ (ဦးစိုးတင်) ခြင်းလုံး[ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ကြည်-၅၀၄၂]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာအေးကိုကို-ဒေါက်တာဝေဝေလွင်၊ ဒေါက်တာချစ်ကိုကို-ဒေါ်ဥမ္မာကြင်၊ ဦးချစ်ညီညီ - Jacky၊ ဦးစိုးညီညီ (Managing Director-Feel group)၊ ဗိုလ်မှူးဝင်းမြင့်မောင် O.T.S (68) (ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာနှင့် ဘာသာစကား၊ ပညာရေးဦးစီးဌာန)-ဒေါ်သူဇာကြည်၊ ဒေါ်အိအိစိုးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ Aaron , Sasha ၊ မောင်ဇေထိုက်၊ မသိမ့်နွေးတို့၏အဘွားသည် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) ည ၇နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ နှလုံးရောဂါကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၅ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၃၀နာရီမှ ၉း၃၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယကာကြီး

## ဒေါက်တာခင်မောင်ညွန့် (သုံးဆယ်မြို့)

**(Ph.D, London)**

**(ပါမောက္ခချုပ်-ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

**အသက်(၈၆)နှစ်**

ဒေါက်တာခင်မောင်ညွန့် (ပါမောက္ခချုပ်-ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်) အသက်(၈၆)နှစ်သည် ၁၁-၁၂-၂၀၁၅ရက်(သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီး ဒေါက်တာဒေါ်နန္ဒာမွန်း**

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ခင်နုနု [စာစဉ်နည်းပြ(အငြိမ်းစား) စာပေးစာယူဌာန]

**အသက်(၈၂)နှစ်**

ဦးဝင်းမြင့်မောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာနှင့်ဘာသာစကားပညာရေးဦးစီးဌာန) - ဒေါ်သူဇာကြည်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်နုနု၊ စာစဉ်နည်းပြ(အငြိမ်းစား) တက္ကသိုလ်စာပေးစာယူဌာန အသက်(၈၂)နှစ်သည် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့်**

**ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ**

**ပညာရေးဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာခင်မောင်ညွန့် (ပါမောက္ခချုပ်၊ ငြိမ်း)

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

**အသက်(၈၆)နှစ်**

ဒေါက်တာခင်မောင်ညွန့်၊ ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်သည် ၁၁-၁၂-၂၀၁၅ရက်(သောကြာနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့်**

**ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ**

**ပညာရေးဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်သီ

**အသက်(၇၃)နှစ်**

သူငယ်ချင်း ဗိုလ်မှူးဇော်မင်းဦး(ငြိမ်း)၏ မိခင်ကြီးသည် ၆-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)**

**ကျောင်းဆင်းဖက်သူငယ်ချင်းများ**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဟိုက်ကြူး

**အသက်(၇၁)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း)၏မိခင်ကြီးသည် ၆-၁၂-၂၀၁၅ရက်တွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)**

**ကျောင်းဆင်းဘက်သူငယ်ချင်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစံသိန်း

**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဂျောင်ဝိုင်းကြီးကျေးရွာနေ (ဦးမြသောင်း-ဒေါ်ခင်စိန်)တို့၏သား၊ ပုဇွန်တောင်မြို့နယ်၊ သာယာကုန်းလမ်းနေ (ဦးစံယုံ)-ဒေါ်တင်လှတို့၏သားသမက်၊ သာကေတမြို့နယ်၊ အမှတ် ၁၄၅၅၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်နေ ဒေါ်လှထွေးရီရီ၏ခင်ပွန်း၊ ဦးကမ္ဘေထိုက်-ဒေါ်ယဉ်မင်းစိမ့်၊ ဦးကျော်သက်ဝင်း-ဒေါ်ဆွေဆွေလဲ့တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၀၃နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် သန်လျင်အမိုးနီအအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်စုစုစိန်(တောင်ငူ) အသက်(၈၂)နှစ်

**M.A (ENGLISH)**

**လ/ထ ကထိက၊ အင်္ဂလိပ်စာဌာန(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဓမ္မိကဝတီလမ်း၊ အမှတ် ၄/ကနေ (ဦးဘစိန်-ဒေါ်မဲ့)တို့၏သမီး၊ (ဝဏ္ဏကျော်ထင် ဦးသန်းစိန်)၏ဇနီး၊ ဦးဝင်းသန်းစိန်-ဒေါ်ခင်မူသန်း၊ ဦးစံသိန်း-ဒေါ်ဥမ္မာစိန်၊ (ဦးဇော်သန်းစိန်)-ဒေါ်ခင်ဖြူသန်းတို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၁-၁၂-၂၀၁၅ရက် (သောကြာနေ့) ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြူကြူလှ

**အသက်(၇၅)နှစ်**

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်း၊ အမှတ် ၄/၁၅(ဂ)နေ (ဦးလှမောင်-ဒေါ်မြသုန်)တို့၏သမီး၊ (ဦးဘိုကြီး-ဒေါ်ခင်မြ၊ ကမ္ဘောဇပွဲရုံ)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်ကြီး)၏ဇနီး၊ ဦးလွင်မိုး-ဒေါ်စန်းသီတာ၊ ဦးကြည်တိုး-ဒေါ်ခင်မမ၊ ဦးမိုးရင်-ဒေါ်စုစုလတ်၊ (ဦးမြင့်ကျော်)-ဒေါ်ခိုင်ခိုင်မော်၊ ဒေါ်ချိုချိုအိတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၃-၁၂-၂၀၁၅ရက် နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာကိုကိုဦး

**ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**အသက်(၅၄)နှစ်**

ဒေါက်တာသိင်္ဂီကျော်၏ချစ်လှစွာသောခင်ပွန်း၊ မသိင်္ဂီကိုကို၏ကျေးဇူးရှင်မွေးသဖခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ၉-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာဝင်းညီရှိန်-ဒေါက်တာခင်အိထွန်း**

**(မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး)**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်မေခင်တင့်

**ကျောင်းဆရာမ(ငြိမ်း)၊အထက(၆)**

**အထက(၁)တောင်ကြီးမြို့**

**အသက်(၇၃)နှစ်**

မန္တလေးမြို့၊ နန်းရှေ့အနိုပ်တော်ရပ်နေ (ဦးတင်စိန် - ဒေါ်မေရီစိန်)တို့၏သမီး၊ ဦးစိုးဦး-ဒေါ်သင်းသင်းနွယ်၊ ဦးထွန်းကျော်-ဒေါ်အိထွေးတို့၏ မိခင်၊ သီဟထွန်း၊သစ်ထူးမောင်တို့၏အဘွား၊ ဦးစိုးသိမ်း၏ ချစ်လှစွာသောဇနီးသည် ၁၃-၁၂-၂၀၁၅ရက် နံနက် ၉နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၁၂-၂၀၁၅ရက် နံနက် ၉နာရီတွင် မြို့မနှစ်ခြင်းအသင်းတော် (ကယ်လီသာသနာဝင်း ၈၂လမ်း၊ ၃၃×၃၄လမ်းကြား)တွင် ဝတ်ပြုဆုတောင်းပြီး နံနက် ၁၀နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲကို ယင်းနေ့ညနေ ၄နာရီတွင် ဗိမာန်တော်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးအောင်မျိုးခင်

**(ရေကြောင်းအင်ဂျင်နီယာ)**

**CDC-5606**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ (ဦးခင်မောင်သက်-ဒေါ်မြသောင်း)တို့၏သား၊ (ဦးခင်မောင်ဦး - ဒေါ်လှမော်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၈)ရပ်ကွက်၊စက်မှုဇုန် ၃လမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက် ၂၊ အခန်း ၄၀၅နေ ဒေါ်ပြုံးပြုံးဦး၏ခင်ပွန်း၊ မဖြူဖြူခင်၊ မစုမြတ်ခင်၊ မောင်အောင်သက်ခင်တို့၏ဖခင်သည် ၁၃-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၅-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး

## ဦးမောင်မောင်မြင့် အသက်(၅၀)

**(လပ္ပတ္တာ၊ ကန်ဘက်)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၆၀၊ ရာဇဓိရာဇ်လမ်းသွယ်(၂)နေ (ဦးပေါ်)-ဒေါ်အုန်းမြတို့၏သား၊ (ကိုသိန်းတန်)-မအေးအေး၊ ကိုကျော်ဇော - မအေးအေးခိုင်၊ ကိုဘိုစန်း-မအေးအေးမော်၊ မောင်မြင့်သိန်း-မသန်းသန်းခိုင်၊မောင်ဦး-မအေးအေးမိစံ၊ မောင်ဝင်းထွေး၊ မသူဇာထွေးတို့၏အစ်ကိုကြီး၊ တူ၊တူမ ကိုးယောက်တို့၏ဘကြီးသည် ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး ရန်ကုန်၌ကွယ်လွန်သွားပါ၍ ၁၅-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၂-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း (သထုံ)

**B.E (Metallurgy) (73)**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**အမှတ်(၃)သတ္တုတွင်းလုပ်ငန်း**

**Supervisor ဝါဝါဝင်း-အေဝမ်း**

**ဆောက်လုပ်ရေး**

**အသက်(၆၆)နှစ်**

မွန်ပြည်နယ်၊ သထုံမြို့နေ(ဦးကြောင်ဆိုင်)-ဒေါ်ကျင်ငွေးတို့၏သား၊ဦးကြည်ဝင်း-ဒေါ်ခင်မြင့်၊ (ဦးသန်းဝင်း)-ဒေါ်အေးအေးသန်းတို့၏ညီ/မောင်၊(ဦးသန်းဝင်း-ဒေါ်ခင်လှဝေ)၊ ဦးမျိုးဝင်း-ဒေါ်ကြူကြူသိန်း၊ ဒေါ်ငွေငွေဝင်း၊ ဦးစိန်ဝင်း-ဒေါ်ဝင်နီ၊ ဦးမျိုးမင်း-ဒေါ်အေးမိစံ၊ ဒေါ်ချိုချိုဝင်း၊ ဦးဟန်ဝင်းအောင်-ဒေါ်သင်းမာလာ၊ ဦးကျော်ကျော်မျိုး-ဒေါ်ဖြူဖြူခိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် ၁၈၊ ၇/B နေ ဒေါ်လှမျိုးနွယ်၏ခင်ပွန်း၊ မတင်လပြည့်ဝန်း (ခေတ္တ-ကနေဒါ)၊ မတင်မြတ်ဆုဝင်း (Marubeni Corporation) တို့၏ ဖခင်သည် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးသွယ်

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ ဦးထွန်းမြိုင်-(ဒေါ်တင်လှ)တို့၏သမီး၊မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာမြို့နယ်၊ လျှော်ဖြူကန်ကျေးရွာနေ (ဦးပို - ဒေါ်အေးချို)တို့၏ ချွေးမ၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်နေ ဦးဇော်ဝင်း-ဒေါ်အေးအေးထိုက်၊ ဦးလှမျိုးအောင် - ဒေါ်ခင်ခင်ကျော်၊ ဒေါ်ဝင်းမာဦး၊ ဦးမင်းညီအောင်-ဒေါ်ကေသွယ်ဝင်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် ၇၅နေ ဦးတင်ဝင်း၏ ချစ်လှစွာသောဇနီးသည် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် ၇၅ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်မြညွန့် (ကညွတ်ကွင်း)

**အသက်(၈၀)**

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ စက်တောင် (၁)လမ်းနေ ဦးမောင်ညဏ်၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ပြုံး (ကျောင်း အုပ်ဆရာမကြီး၊ အထက-၂၊ စမ်းချောင်း၊ ရန်ကုန်မြို့)၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နေ ဒေါ်မြင့်ဝင်း၊ ဦးကျင်သိန်း-ဒေါ်စန်းစန်းမြင့်၊ဦးမောင်ချို-ဒေါ်ကြည်ကြည်ဝင်း၊ ရေနီမြို့နေ ဦးကျင်ဝင်း-ဒေါ်စိုးစိုးသန်း၊ ကညွတ်ကွင်းမြို့နေ ဦးအောင်သူ-ဒေါ်ခင်စန်းငွေ၊ ဦးမြင့်သန်းဦး-ဒေါ်ခင်မျိုးအေး၊ ဦးဇော်နိုင်ဦး-ဒေါ်ခင်စိုးထွေး၊ ရန်ကုန်မြို့နေ ဦးကျင်ဆန်း-ဒေါ်အေးအေးခိုင်၊ ဦးခင်မောင်အေး - ဒေါ်ယုယုတင်၊ ဦးမင်းဇော်ထွေး - မိမိုးကလျာမွေးတို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၆ယောက်၊ မြစ် ၁၅ယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၁၂-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကညွတ်ကွင်းမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးသိန်းစံ

**ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန(ငြိမ်း)**

**မြန်မာ့သစ်လုပ်ငန်း**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန် ၃ လမ်း၊ အမှတ် ၁၀နေ (ဦးမောင်ဒိုင်-ဒေါ်ရွှေတင့်)တို့၏သား၊ (ဦးကျော်-ဒေါ်မြရီ)၊(ဦးသန်းတင်-ဒေါ်တင်ညွန့်)၊ (ဦးသန်း-ဒေါ်မြကျင်)၊ (ဦးခင်မောင်သိန်း-ဒေါ်သိန်းညွန့်)၊ (ဒေါ်အုန်းပန်း)၊ (ဒေါ်သန်းမြ)၊ (ဦးလှအောင်)-ဒေါ်သန်းလှ၊ ဒေါ်စိန်ရီတို့၏မောင်၊ မအေးအေးနိုင်(Successive World Co., Ltd.)၊ ကိုရဲမြင့်အောင် (Lucky-9၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေး)၊ မရီရီမွန် (ပြည်ပငွေကောက်ခံရေးဌာနစု၊ သစ်လုပ်ငန်း)တို့၏ဖခင်၊ ဒေါ်ကြင်နု(လူမှုဝန်ထမ်းဦးစီးဌာန၊ ငြိမ်း)၏ ခင်ပွန်းသည် ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## တပ်ကြပ်ကြီးကျော်စိုးမင်း

**စသစ(၁)တညင်းကုန်း**

**အသက်(၅၀)**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်နေ(ဦးစိုးတင့်-ဒေါ်ဟံပို)၊ (ဦးပန်းမောင်)-ဒေါ်ကြိုင်တို့၏ သားသမက်၊ ဦးသောင်း-ဒေါ်ခင်စန်းရင်၊ ဦးစောမင်း-ဒေါ်မြင့်မြင့်စိုး၊ ဦးထွန်းမြင့်-ဒေါ်ဝင်းမာတို့၏မောင်၊ ဦးမင်းသူ-ဒေါ်ဥမ္မာစိုး၊ ဦးကျော်စိုးလင်း-ဒေါ်ခင်အေးငယ်တို့၏အစ်ကို၊ ဦးမောင်မောင်လွင် (ဒုအယ်ဒီတာချုပ်၊ မြို့တော်သတင်း)-(ဒေါ်တင်တင်နွဲ့)၊ ဗက-ပြည်အောင် (ငြိမ်း)(လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ပပဝင်း၊ ဦးစိုးမြင့်အောင် (ဒု-အရာခံဗိုလ်သန်းစော၊ တပ်မတော်-ရေ) - ဒေါ်ငွေငွေလွင် (လယ်/ဆည် ဝန်ကြီးဌာန)တို့၏ ညီ၊ ဦးမျိုးမြင့်အောင်(စင်ကာပူ)-ဒေါ်တင်တင်ထွေးတို့၏အစ်ကို၊ ဒေါ်ဥမ္မာအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းစည်သူကျော်(MMB Bank)၊ မောင်ဖြိုးမင်းခန့်(Great-10, အထက-၄၊ သဃ်န်းကျွန်း)တို့၏ဖခင်၊ ဗိုလ်မှူးတင်ထွန်းဦး (ကကထူး) - မဥမ္မာကျော် (ဦးစီးအရာရှိ၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများရုံး)၊ မောင်တင်ထွန်းဝင်း (စင်ကာပူ)၊ တူ၊ တူမ ၂၂ယောက်တို့၏ဦးလေးသည် ၁၂-၁၂- ၂၀၁၅ရက် (စနေနေ့) နံနက် ၆နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၁၂-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် သဃ်န်းကျွန်းမြို့နယ်၊ စီမံကိန်း (၂)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၃၅၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဇာဂရ

**သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ**

မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ သုတရာမကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်) ၁၀-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၇း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်၏ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကို (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၅ရက်) ၁၆-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဦးကုဝေရ၊ ဦးသုဘောဂနှင့်

တပည့်သံဃာတော်များ

---

## ဦးဟုန်အင် (မြိတ်)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၄၄၊ ပထမထပ်နေ (ဒေါ်ဂင်လွမ်)၏ခင်ပွန်း၊ (ဦးအောဝါး-ဒေါ်ဆန်း)တို့၏သား၊ (ဦးအင်းဂွမ်)-ဒေါ်နွဲ့ကြည်၊ (ဦးအင်းဟို)၊ဦးတိတ်စိန်(ဖိုးတွတ်)-ဒေါ်မူမူဆွေ၊ ဦးကျော်ဇော-ဒေါ်ယုယုဆွေ၊ (ဦးမျိုးဝင်း)-ဒေါ်ခင်ရှု၊ ဦးဝင်းကိုကို(ပေါက်စ)၊ ဦးသိန်းစိုး-ဒေါ်ချိုချိုဆွေ၊ ဦးမျိုးဝင်း-ဒေါ်စိုးစိုးမွန်တို့၏ဖခင်၊ (ဦးဟုန်ချင်)-ဒေါ်ဂျော်အင်၊ (ဦးဟုန်စိုက်)၊ (ဦးဟုန်ကြည်)-ဒေါ်ခင်လွင်လွင်တို့၏အစ်ကိုကြီး၊ မြေး ၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးသောင်းညွန့်

**အသက်(၈၆)နှစ်**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးစိုးနိုင်(၁)-ဒေါ်နော်ရိဒီးတို့၏ ချစ်လှစွာသောဖခင်သည် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရေကြောင်းအင်ဂျင်နီယာဌာနခွဲမှ**

**အရာထမ်း၊ အမှုထမ်းများ**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါက်တာဦးကျော်မင်း(ခ) GEORGE MINN

**(သွားဘက်ဆိုင်ရာဆရာဝန်ကြီး)**

**သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၅၁၅/ ၁၀(ခ)၊ ဇေရာဝတီဝင်းနေ(ဒေါက်တာမန်းသာမင်း-ဂျဲငွေစိန်)တို့၏သား၊ (ဒေါက် တာသောမတ်(စ်)မင်း-ဒေါ်လှလှ)တို့၏ညီ၊ NELSON MINN- Dr. JUNE MINN၊ (ဦးစိုးမင်း)-ဒေါ်ဝင်နီမင်းတို့၏အစ်ကို၊ ဒေါ်သန်းသန်းဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းကျော်သူ-ဒေါ်ခင်ခင်သစ်၊ (ဒေါ်တင်မင်းသူ-ဦးအောင်မျိုးသန့်)၊ ဦးနေမင်းသူရတို့၏ဖခင်သည် ၁၂-၁၂-၂၀၁၅ရက် (စနေနေ့) ည ၇း၅၈နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၁၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်း ခရစ်ယာန်သာသနာပြုအသင်းကြီး၏ ရန်ကုန်မြို့မအသင်းတော် ၆၂၊ သီတာလမ်း၊ ကြည့်မြင်တိုင်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## လူကြက်ကြည်(ခ)ဦးသိန်းမြင့်(ခ)ဦးသံလုံး

**အသက်(၇၅)နှစ်**

ပဲခူးမြို့၊ ညောင်ဝိုင်း၊ ၁၅လမ်း၊ အမှတ် ၇၂နေ ဒေါ်စန်းကြည်၏ခင်ပွန်း၊ မခင်မျိုးကြည်၊ ကိုလှထွန်းအောင်၊ မလဲ့လဲ့ကြည်၊ ဒေါက်တာငွေငွေလွင်၊ မယဉ်ယဉ်နွယ်၏ဖခင်သည် ၁၂-၁၂-၂၀၁၅ရက်(စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပဲခူး ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဆောင်းတင်

**(ကျားနက်ဖိနပ်လုပ်ငန်း)**

**အထက ပျဉ်ပုံကြီး**

**ကျောင်းသားဟောင်း နာယက**

**အသက်(၅၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးကွင်းကျေးရွာ၊ ဓာတ်တော်ကျောင်းဆရာတော် ဦးခေမိန္ဒအား အမှူးထား၍ ရန်ကုန်မြို့နေ (ဦးမြမောင်-ဒေါ်သိန်းရီ)၊ (ဦးရန်အောင်) - ဒေါ်ခင်နှင်းမေတို့၏ သားသမက်၊ (ဦးနီ)-ဒေါ်မြင့်ကြည်၊ (ဦးစိန်မြင့်) - ဒေါ်ကြူကြူအောင်တို့၏ ညီ/မောင်၊ ဦးထွန်းနိုင်အောင်၊ ဗိုလ်မှူးဇော်လင်းအောင် - ဒေါ်နွယ်နွယ်ဝင်းတို့၏အစ်ကို၊ ဦးနိုင်ဦး-ဒေါ်မာမာဝင်းတို့၏ဦးလေး၊ မခင်ဇာသွယ်၏ဖခင်၊ ဒေါ်ကျော့ကျော့နှင်း (ခ) ဒေါ်ချယ်ရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၁၂-၂၀၁၅ရက်(စနေနေ့)ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၂-၂၀၁၅ ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၂-၂၀၁၅ရက် (သောကြာနေ့)တွင် အမှတ် ၁၆၀၊ ကျန်စစ်သားလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်မောင်

**(သံတံခါး၊ သံပန်းလုပ်ငန်း)**

**အသက်(၆၀)**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်နေ (ဦးချစ်ထွေး - ဒေါ်မေသန်း)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်ရပ်ကွက်၊စလမ်း၊အပိုင်း ၃၊ အမှတ် ၂၃၂နေ ဒေါ်အုန်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာအေးသက်ဖြိုး (Ph.D, Physics)၊ ဇာကြည်မွန် (တရားလွှတ်တော်ရှေ့နေ)၊ ဟိန်းသန့်နိုင်(ခ) Sahar (A[+]net IT Group)၏ဖခင်သည် ၁၃-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၂-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ထားဝယ်အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးကျင်းပ

စာမျက်နှာ-၇

## ရိုးမဖြတ်ကျော်လမ်းပေါ်ရှိ ဖိုးကျားအပန်းဖြေဆင်စခန်းကို လေလံစနစ်ဖြင့်ငှားရမ်းမည်

ရေတာရှည် ဒီဇင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ၁၀ မိုင်အကွာ၌တည်ရှိသည့် ဖိုးကျားအပန်းဖြေဆင်စခန်းကို အပန်းဖြေဘန်ဂလိုခုနစ်လုံး၊ သရုပ်ပြဆင် ခုနစ်ကောင်ဖြင့် ၂၀၀၅ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်လုပ်ပြီးနောက် လေးမိုင်ခန့်သာ ဝေးတော့သော နေရာဖြစ်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ အများအပြား လာရောက်လည်ပတ်ကြသည်ကို တွေ့ရှိရသည်။ စတင်လုပ်ကိုင်စဉ်က အေးရှဂရင်းကုမ္ပဏီနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ အကျိုးတူလုပ်ကိုင်ခဲ့ပြီးနောက် ယခုအခါ သစ်တောရေးရာဝန်ကြီးဌာနက စာမျက်နှာ ၃ ကော်လံ ၁ ◆


ဖိုးကျားအပန်းဖြေဆင်စခန်းရှိ ဘန်ဂလိုများကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

### ကမ္ဘာ့ရာသီဥတု ပြောင်းလဲရေး စာချုပ် သဘောတူညီမှုရရှိ ကမ္ဘာကြီးကိုကာကွယ်ရန် အကောင်းဆုံးအခွင့်အလမ်းဟု အိုဘားမားဆို

စာမျက်နှာ » ၄

### စောမွန်လှကျွန်း ဟိုတယ်စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းရှင်းလင်း

စာမျက်နှာ » ၁၁

## ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် မုန်တိုင်းဖြစ်ပေါ်နေ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းနှင့် တောင်ပိုင်းစွန်းဒေသများ မိုးရနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၃

ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်း၊ ဖိလစ်ပိုင်ပင်လယ်ပြင် အရှေ့ပိုင်းတွင် Melor ဟုခေါ်သည့် မုန်တိုင်း ဖြစ်ပေါ်လျက်ရှိသည်။

မုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်ကို ရွေ့လျားပြီး ဖိလစ်ပိုင်နိုင်ငံသို့ ဒီဇင်ဘာ ၁၄ ရက်တွင် ဖြတ်ကျော်ကာ တောင်တရုတ်ပင်လယ်ပြင်သို့ ရောက်ရှိမည်ဖြစ်သည်။ မုန်တိုင်းလမ်းကြောင်း ခန့်မှန်းချက်အရ တောင်တရုတ်ပင်လယ်ပြင်ကိုရောက်ရှိပြီးနောက် အနောက်တောင်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းထားသည်။

မြန်မာနိုင်ငံအတွက် မြောက်ပိုင်းစွန်းနှင့် တောင်ပိုင်းစွန်းတို့မှာ မိုးအနည်းငယ်ရရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## ဒုတိယအကြိမ် အာရှဖိတ်ခေါ် အမျိုးသားဟော်ကီပြိုင်ပွဲ စတင်ယှဉ်ပြိုင်

သတင်း- မင်းခေတ် ➤ ဓာတ်ပုံ- ဖိုးသော်ဇင်

ရန်ကုန် ဒီဇင်ဘာ ၁၃

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ဒုတိယအကြိမ် အာရှဖိတ်ခေါ်အမျိုးသားဟော်ကီပြိုင်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဟော်ကီအားကစားပြိုင်ကွင်း၌ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီး ပထမဆုံးအဖွင့်ပွဲစဉ်အနေဖြင့် အိမ်ရှင်မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။**

အဖွင့်ပွဲစဉ်အနေဖြင့် ယှဉ်ပြိုင်ကစားသည့် မြန်မာအမျိုးသားဟော်ကီအသင်းသည် ပထမပိုင်းတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကာ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် တရုတ်(တိုင်ပေ)အသင်းက အရှိန်မြှင့်တိုက်စစ်ဆင်ကစားရာ မြန်မာအမျိုးသား ဟော်ကီအသင်း မည်သို့မျှထိန်းနိုင်စွမ်းမရှိဘဲ သုံးဂိုးဆက်တိုက် ပြန်လည်ပေးလိုက်ရသဖြင့် ပွဲအပြီးမိနစ် ၇၀ ပြည့်ချိန်တွင် မြန်မာအသင်းက နှစ်ဂိုး၊ တရုတ်(တိုင်ပေ)အသင်းက လေးဂိုးဖြင့် ပြီးဆုံးခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၃ ✱



မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပွဲဦးထွက်ပွဲစဉ် ယှဉ်ပြိုင်နေစဉ်။




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

